
စိတ်ကူးချိုချိုအနုပညာ

# မန်းမော်တင်အောင်

## ပျောက်ဆုံးနေသော လူတစ်ယောက်

မန်းမော်တင်အောင်ရာပြည့်အမှတ်တရ



စိတ်ကူးချိုချိုစာအုပ်

# ပျောက်ဆုံးနေသော လူတစ်ယောက်

ဗန်းမော်တင်အောင်

ပထမအကြိမ်၊ ၂၀၂၀

ပျောက်ဆုံးနေသော လူတစ်ယောက်၊ ဇန်းမော်တင်အောင်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၁၃ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

## ပျောက်ဆုံးနေသော လူတစ်ယောက်

### အဆုံးနှင့်အစ၏ ကြားကာလ

(၁)

ရှာရမည်။

မရှာ၍ကား မဖြစ်။

ခင်မေက သူ့ကိုရှာရမည်။ မတွေ့မချင်း ရှာရမည်။

ခင်မေက သူ့ကိုလိုက်၍ ရှာနေပါသည်။

"မောင်... မောင်... မောင်"

မွတ်သိပ်ခြင်းပြင်းပြစွာနှင့် သူ့ကို ခင်မေက မြည်တမ်းတနေပါ၏။

"ဘယ်မှာလဲ မောင်ရယ်..." ခင်မေက သူ့ကို တသသ မေးနေရှာသည်။

သို့ရာတွင် သူ့ထံမှ အဖြေကိုကား မရ၊ ဘယ်မှာလဲ မောင်ရယ်...

သူက မကြားနိုင်တော့၍များလားမသိ၊ ဒါမှမဟုတ်ဘဲနှင့် မကြားချင်တော့၍ မကြားယောင်ပြုနေသလားမသိ၊ အမှန်ကို ခင်မေက ဘယ်လိုလုပ်၍များ သိနိုင်ပါ့မတုံး။။

"မောင်... မောင်... မောင်"

အရှုးမကလေးလို ခင်မေက သူရှိနိုးနိုးရာမှာ တကောက်ကောက် လိုက်ရှာနေသည်။ မောရမှန်းမသိ၊ ပန်းရမှန်းမသိ၊ အို... ရက်ရကြောက်ရ မှန်းလည်း ခင်မေက မသိတော့ပါ။

နေပူပူ မိုးရွာရွာ။ အို... နှင်းတွေကဝေလို့ ခိုက်ခိုက်တုန် ချမ်းချမ်း စီးစီးကြီးထဲမှာပဲ ဖြစ်နေဖြစ်နေ ခင်မေက သူမရဲ့ "မောင်" ကို ရှာနေပါ သည်။ မြည်တမ်းနေပါသည်။

သည်လောက်ပင် ခင်မေက လိုက်ရှာနေပါလျက် သူ၏ အရိပ် အယောင်ကိုမျှပင် မမြင်၊ အစအနကိုလည်း သတင်းမကြားရ။ သူက မြေကြီးရဲ့တစ်ဖက်စွန်းမှာလား။ သူသည် ပျောက်ဆုံးသွားပြီလား၊ သို့မဟုတ် ခင်မေ ရှာ၍မတွေ့သောနေရာမှ ခင်မေရဲ့ မြည်တမ်းတသံကို ပင် မကြားနိုင်တော့၍များလား။

ရှာရမည်။

မရှာ၍ကား မဖြစ်၊ ခင်မေက သူ့ကို ရှာရမည်၊ မတွေ့မချင်း ရှာ ရမည်။ အို မသေမချင်းလည်း ခင်မေက ရှာဦးမည်၊ အကယ်၍ သေသွား လို့ ဟိုဘက်တစ်ဘဝမှာ ရှာနိုင်ဦးမည်ဖြစ်က ခင်မေက ရှာနေလိမ့်ဦးမည် သာ ဖြစ်သည်။

တောတောင်နှင့် မြစ်ချောင်းသမုဒ္ဒရာတို့က ကာဆီးလို့ပဲ နေပါစေ။ စိုးရွံ့စရာ ဘေးအန္တရာယ်တို့ကပဲ ဟန့်တားခြောက်လှန့်၍လည်း နေပါ စေ၊ ခင်မေဖို့ အရေးမဟုတ်၊ အို... နောက်ဆုံးသော နေ့၊ ရက်၊ နှစ်၊ လ နှင့် သည်ကပ်ကမ္ဘာကြီးပါ ကြွေလွင့်ကုန်ဆုံး၍ပင် သွားပါစေဦးတော့...

ခင်မေက သူမရဲ့ "မောင်" ကို လိုက်၍လိုက်၍သာ ရှာနေပါလိမ့် မည်၊ လိုက်၍သာ ရှာနေပါသည်။

"ဘယ်မှာလဲ မောင်ရယ်"

(၂)

မိုးသက်တဖွဲဖွဲအောက်မှာ သားရေသေတ္တာကို လက်တစ်ဖက်မှ ဆွဲကာ လွယ်အိတ်တစ်လုံးကိုလည်း ပခုံးတစ်ဖက်တွင် လွယ်ရင်း ခပ်သွက်သွက် လျှောက်လာခဲ့သော ခင်မေက ရန်ကုန်ဘူတာကြီး၏ ခုံးတံတားပေါ်သို့ တက်လာခဲ့လေသည်။ သည်လို ဝေလီဝေလင်း မိုးသက်တဖွဲဖွဲအောက်မှာ သည်လို ဝန်စည်စလယ်များဖြင့် ခင်မေက အရေးတကြီး ဘယ်ကိုများ သွားမှာမို့တုံး၊ ပြီးတော့ ငယ်ရွယ်သော ခင်မေသည် တစ်ယောက်တည်း။

ခုံးတံတားထိပ်သို့ ရောက်သောအခါ ခင်မေက သားရေသေတ္တာကို ခေတ္တချ၍ အပန်းဖြေရင်း ခါးမှ လုံချည်ကို ခိုင်မြဲအောင်ပြင်၍ ဝတ်နေရသေးသည်။

ဝေလီဝေလင်းပင် ဖြစ်သော်လည်း ရန်ကုန်ဘူတာကြီးက အသက်ဝင်လှုပ်ရှားနေ၏။

ခေါင်းတွဲများ လှုပ်ရှားသံ၊ တွဲချိတ်သံ၊ ဥဩသံနှင့် လူသံသူသံများမှာ နားရှုပ်စရာပင်ဖြစ်သည်။

ခင်မေက ကြာကြာနား၍မနေနိုင်၊ တော်တော်ကြာ ရထားမမီလိုက်၍ ခက်နေချေဦးမည်။ ထို့ကြောင့် ချထားသော သားရေသေတ္တာကို ပြန်၍ဆွဲယူကာ ခပ်သွက်သွက်ပဲ လျှောက်လာခဲ့ရပြန်သည်။

"အမာ ကူလီဟဲ..." ကူလီကုလားသုံးယောက်က ငယ်ရွယ်လှပသော ခင်မေ၏လက်မှ သားရေသေတ္တာကို လှမ်း၍တောင်းကြလေသည်။

ခင်မေက ကူလီ၏အကူအညီကို မခံလို၊ မကုန်တန် မကုန်ရအောင် သူမသည် သူမ၏ လုပ်အားကို အားကိုးရပေမည်။ ထို့ကြောင့် ကူလီများကို အရေးမစိုက်ဘဲ လက်မှတ်ရုံဘက်သို့သာ ခပ်သွက်သွက် လျှောက်လာခဲ့ရပေသည်။

လက်မှတ်ပေါက်ဝတွင် လက်မှတ်ဝယ်သူတွေက ရှပ်ယှက်ခတ်နေသေးသဖြင့် လူရှင်းသော ထောင့်တစ်ထောင့်မှာ ခင်မေက အသာပုန်၍ နေရသည်။ အတန်ကြာ၍ လူရှင်းသွားမှ မိမိအတွက် လက်မှတ်ကို ကမန်းကတန်း ဝယ်ယူပြီးနောက် မိမိစီးရမည့် ရထားထွက်ရာ ပလက်ဖောင်းသို့ လျှောက်လာခဲ့ရသည်။

ငယ်ရွယ်နုပျိုလှသော ကလေးမအရွယ် ခင်မေက သည်လို ဝန်စည်စလယ်တွေနှင့် ပျာယီးပျာယာ တစ်ယောက်တည်း သွားလာနေပုံကို ဘေးမှလူများက အထူးအဆန်းလို ကြည့်နေကြပုံရသည်။ ခင်မေကတော့ ဘေးကသည်လို ကြည့်နေကြသော လူတွေကို သတိပင်မထားမိ။

မိမိစီးရမည့် ရထားပလက်ဖောင်းသို့ ရောက်သောအခါ သေချာသည်ထက် သေချာအောင် တွဲထဲမှ ခရီးသည် ယောကျ်ားကြီးတစ်ဦးအား "ဒီရထားဟာ ပြည်ကိုသွားမယ့် ရထားလား ဘကြီးရဲ့" ဟု စွန့်စွန့်စားစား မေးလိုက်မိပေသည်။

"ဟုတ်တယ် သူငယ်မရဲ့" ထိုလူကြီးက ဒါပဲပြောသည်။ သည်တော့မှ စိတ်နှလုံး တုံးတုံးချသွားသကဲ့သို့ စိတ်ထဲတွင် ပေါ့သွားကာ မိမိ တစ်ယောက်အတွက် သက်သာရှင်းလင်းစွာ စီးရမည့်နေရာကို လိုက်လျှောက်၍ ကြည့်ရပြန်ပါ၏။

တွဲတိုင်းတွဲတိုင်းမှာ လူတွေ တင်းကျမ်းပြည့်ကျပ်၍သာ နေလေသည်။ သို့နှင့် မိမိတစ်ယောက်စာအတွက် နေရာတစ်နေရာစာပင် ရရှိဖို့ ခပ်ခက်ခက်ဖြစ်နေသောကြောင့် ခင်မေက စိတ်အားငယ်သွားသည်။ စိတ်အားငယ်၍ကား ပြီးနိုင်သည့် ကိစ္စမဟုတ်။ ထို့ကြောင့် ခင်မေက လိုက်၍ ရှာရပြန်လေသည်။

သည်လို ခင်မေက သားရေသေတ္တာကို လက်တစ်ဖက်မှ အနိုင်နိုင်တွဲကာ ပခုံးတစ်ဖက်မှာလည်း လွယ်အိတ်တစ်လုံးနှင့် နေရာလိုက်၍

ရှာနေခိုက် အသက်နှစ်ဆယ်ခန့် ခပ်ဖြူဖြူ မိန်းမပျိုတစ်ယောက်က တစ်ခုသော တွဲ၏ ပြတင်းပေါက်မှ ခေါင်းပြူ၍ထွက်ကာ

"ဟေး၊ ခင်မေ" ဟု လှမ်း၍ ခင်မေ့ကို ခေါ်လိုက်လေသည်။ မိမိနာမည်ခေါ်သံကို ကြားရသဖြင့် ခင်မေက ရုတ်တရက် လှည့်၍ကြည့်မိရာမှ "ဟေး နွဲ့၊ မင်းတို့ ဘယ်သွားကြမလို့လဲ" ဟု အားတက်လာသလို ပြန်၍မေးမိသည်။

"သာယာဝတီကိုလေ၊ မင်းကော ဘယ်သွားမလို့လဲ၊ နေရာကော ရပလား"

"မင်းတို့တွဲမှာ နေရာတစ်နေရာစာလောက် ရပါ့ဦးမလားကွယ်"

"မင်းတစ်ယောက်အတွက်တော့ ရပါတယ်၊ လာလေ"

နွဲ့ဆိုသော အသိသူငယ်ချင်းတစ်ယောက်နှင့် အခန့်သင့်တွေ့၍ နေရာပေးသောကြောင့် ခင်မေ့မှာ ခဲခဲယဉ်းယဉ်းနှင့် တစ်နေရာစာရကာ ရထားပေါ်သို့ ရောက်ရတော့သည်။

ရထားတွဲပေါ်သို့ရောက်ခါမှ စိတ်ချသွားသကဲ့သို့ သက်ပြင်းကို ချကာ ခင်မေက အမောဖြေရရှာသည်။

"မင်းလည်း ဘယ်လိုက ဘာဖြစ်ပြီး ဘယ်ကလာလို့ ဘယ်ကို သွားရဦးမှာလဲကွယ်" နွဲ့က အမောဖြေနေသော ခင်မေ့ကို နားမလည်သော်လည်း သနားကြင်နာစွာ မေးနေသည်။

"ဘာဖြစ်ခဲ့တာကိုတော့ မေးမနေပါနဲ့တော့ကွယ်၊ ကိုယ် ခု ပြည်ကို လိုက်မလို့"

"ပြည်ကို မင်းတစ်ယောက်တည်းလား၊ ဟိုမှာ အသိဘယ်သူရှိလို့တုံး"

ခင်မေက ဘယ်လိုဖြေရမည်ကို မေ့နေသည်။ ဟိုမှာ ဘယ်သူရှိလို့တုံးဆိုသော အမေးကို ဘာကစ၍ ဘယ်လိုဖြေရမည်မသိ၊ ဟိုမှာ တစ်

ယောက်ယောက်တော့ ရှိ၍ဟု မိမိက ယုံကြည်သောကြောင့် သွားခြင်းကား မိမိတစ်ယောက်သာလျှင် အသိဆုံးဖြစ်လေသည်။ မိမိက သိသောအသိကို မိမိဘာသာတစ်ယောက်တည်း သိသော်လည်း အခြားတစ်ယောက်ကို သိအောင် ဘယ်လိုပြောပြရပါမည်လဲ။

ခင်မေက မဖြေဘဲ ငိုင်နေသဖြင့် နွဲ့က ခင်မေ့ကို အံ့အားသင့်သလို ကြည့်နေရာမှ...

"မင်း နေလို့မှကောင်းရဲ့လား ခင်မေ" ဟု သနားကြင်နာစွာ မေးလိုက်မိသည်။

ခင်မေက နွဲ့၏ကြင်နာသောမျက်လုံးများကို သူငယ်ကလေးလို မော်၍ကြည့်ကာ ငိုင်နေသည်။ သည်လို ငိုင်နေရင်း မျက်လုံးအိမ်မှလည်း မျက်ရည်ဥတွေက တွဲလွဲခို၍လာကြသည်။

"ကိုယ် မမေးတော့ပါဘူးကွယ်၊ မင်း စိတ်မကောင်းအောင် မေးမိတဲ့အတွက် ခွင့်လွှတ်ပါ" နွဲ့က ခင်မေ့ကို ချော့မော့၍ တောင်းပန်နေရှာသည်။ တကယ်ဆိုတော့ နွဲ့နှင့်ခင်မေတို့မှာ ရုံးတစ်ရုံးထဲတွင် တစ်ဌာနတည်း စာရေးမ အတူတူလုပ်၍ လာခဲ့ကြသော အသိမိတ်ဆွေများ ဖြစ်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် နီးကပ်စွာ တစ်နှစ်ကျော်မျှ အတူတကွ ပေါင်းသင်းလုပ်ကိုင်လာကြပြီးနောက် လွန်ခဲ့သော လေးလလောက်ကမှ ခင်မေက ခွင့်တစ်လယူကာ ခွင့်တစ်လစေ့သောအခါ ခင်မေသည် ရုံးသို့ပင် ပြန်မလာတော့ဘဲ တစ်ပါတည်း နုတ်ထွက်သွားရာ လူချင်းမတွေ့ကြရတော့ဘဲ ကွဲသွားကြရာမှ ယခု ပြည်သို့ထွက်မည့် မီးရထားပေါ်တွင် တစ်ယောက်ကိုတစ်ယောက် ပြန်တွေ့ကြရခြင်း ဖြစ်လေသည်။

နွဲ့ထက် ခင်မေက တစ်နှစ်ခန့်မျှ ငယ်လေသည်။ အငယ်ဖြစ်သည့်အတွက် နွဲ့က ခင်မေ့ကို သည်းညည်းခံရသည့်အတိုင်း ယခု ခင်မေ

မကြိုက်တာကို မေးမိ၍ ခင်မေက မျက်ရည်ဥလာသောအခါ နွဲ့က ခင်မေ့ကို ချော့မော့နေရပေသည်။

"ဒါထက် မင်း သိပ်ပိန်သွားတာပဲနော် ခင်မေ"

ယခင်ကထက် အသားအရေလျော့ပါးကာ ပိန်သွားသော ခင်မေ့ကို ကရုဏာသက်စွာ နွဲ့က ပြောနေသည်။

ခင်မေက ဘာမျှလည်းပြန်မပြော။

ထိုအခိုက် ဥဩမှုတ်၍ ရထားလည်း တအိအိလိမ့်စ ပြုလေသည်။

(၃)

ရန်ကုန်မှ ပြည်သို့ ဆန်တက်ပြေးလွှားနေသော မီးရထားကြီးထက်တွင် ခင်မေက သူမ တစ်ခါမျှလည်း မရောက်ဖူး၍ အသိဟူ၍လည်း ဘယ်သူဘယ်ဝါ ရှိမှန်းမသိသော ပြည်မြို့သို့ တစ်ယောက်တည်း သည်လိုစွန့်စွန့်စားစား ထွက်လာခဲ့လေသည်။ ခင်မေမှာ ၁၈ နှစ်ခန့်သာသာ ၁၉ နှစ်ခန့်မျှ ရှိလိမ့်ဦးမည့် ကလေးမအရွယ် ဖြစ်သည်။ ကလေးမအရွယ် ခင်မေက ကြောက်ရလန့်ရမှန်း မသိ၍လော၊ ကြောက်လန့်၍မဖြစ်သော အရေးကိစ္စက ရှိနေ၍လော။ သည်လမ်း သည်ခရီးမှာ သည်လိုတစ်ယောက်တည်း သွားနေရခြင်းက။

အခန့်သင့်၍ နွဲ့တို့နှင့်တွေ့သဖြင့် တစ်နေရာစာရကာ သာယာဝတီအထိတော့ အဖော်ရသည်။ သာယာဝတီ ကျော်လွန်သွားသောအခါ၌ ခင်မေ့မှာ မျက်လုံးသူငယ်နှင့် သူမ တစ်ခါတစ်ခေါက်မျှ မသွားဖူးသော ဤခရီးနှင့် ဤလမ်းဆုံးမြို့ကို တစ်ယောက်တည်း ဆက်လက်၍ သွားရပေဦးမည်။

ဘယ်လောက်များ ရဲတင်းလိုက်သော ခင်မေတစ်ယောက်ပါလိမ့်၊ မိုက်လှရဲလှပါကလား ခင်မေလေး။

ခင်မေက ကြောက်ရလန့်ရမှန်း မသိပါ။ မစဉ်းစားမိပါ။ သိလည်း မသိချင်၊ ခင်မေက စဉ်းလည်း မစဉ်းစားချင်၊ ခင်မေသိချင်တာ စဉ်းစား ချင်တာ တစ်ခုတည်းသာရှိသည်။ သည်တစ်ခုမှလွဲ၍ ခင်မေ့အသိနှင့် စဉ်းစားဉာဏ်မှာ ဘာမျှမရှိ၊ အို ခင်မေ့ဘဝကြီးတစ်ခုလုံးမှာပင် ဘာမျှ မရှိ။ ဟင်းလင်းသာပွင့်နေတော့သော လဟာပြင်...

တဖွဲဖွဲရွာနေသော မိုးသက်အောက်မှာ တလူ့ပ်လူပ်ပြေးနေသော ပြည်အဆန် စာပို့ရထား...၊ ကြည့်မြင်တိုင်...၊ အင်းစိန်...

ရန်ကုန်သည် မိုးသက်တဖွဲဖွဲအောက်မှာ ကျန်ရစ်ခဲ့လေပြီ။

ခင်မေက သည်လောက်လူတွေ ကျပ်နေသော ရထားထဲတွင် သူမ တစ်ယောက်တည်းသာ ရှိသလို ငြိမ်သက်စွာ ရှိနေသည်။ အတွေးနှင့် ခင်မေ...၊ ခင်မေနှင့် အတွေး သည်နှစ်ခုတည်းသာပါ...

နွဲ့က ခင်မေ့ကို တစ်ချက်တစ်ချက်တွင် ကရုဏာသက်လှသော မျက်လုံးများဖြင့် အတန်ကြာစိုက်ငေး၍ ကြည့်နေတတ်သည်။ ဒါပဲ၊ သည့်အပြင် ဘာမျှလည်း မလုပ်တတ်။ ပြောလို့ကလည်းမဖြစ်။

ခင်မေက နုနယ်လှသည်။ ကလေးမသာသာမျှသော ခင်မေတစ် ယောက်ပါ၊ သည်လိုအသက်အရွယ်နှင့် မလိုက်အောင် ခံနေရသော ခင်မေ့အပူကို နွဲ့က သိလေသည်။ သည်အရွယ်မှာ ကျောင်းနေကာ သူများနည်းတူ ဝတ်စား၍ အပူပင်အကြောင့်ကြ ကင်းမဲ့စွာ နေရမည့် အရွယ် ဖြစ်သည်။ ခုတော့ ခင်မေက...

နွဲ့က ခင်မေ့ကို ရင်ထဲမှ သနားနေသည်။ နှိုင်းယှဉ်စာနာနေမိရာ မှ...

"မင်း ခုလို ပြည်ကိုလိုက်တော့ မင့်အမေကို ဘယ်လိုလုပ်ထားခဲ့ သလဲ ခင်မေ" နွဲ့က ခင်မေ၏ မုဆိုးမမိခင်အိုကြီးကို စိုးရိမ်စွာ မေးမိ သည်။ ခင်မေ့အမေက အသက်ငါးဆယ်ပင်ကျော်ပြီ။ မျက်စိကလည်း

မမြင်ရသည့်အထဲ ကောင်းကောင်းကလည်း မာလှတော့သည်မဟုတ်။ ပြီးတော့ ခင်မေတို့မှာ ညီအစ်ကိုမောင်နှမဆို၍ ဝမ်းကွဲမျှပင်မရှိ။ သူစိမ်းများအကြားမှာ အိမ်ခန်းကလေးတစ်ခုကိုငှား၍ ခင်မေက တတ်ထားသော ပညာကလေးနှင့် စာရေးမလုပ်ကျွေးနေရသူ ဖြစ်သည်။ ခု ခင်မေက သည်မျက်မမြင် မုဆိုးမအမေအိုကြီးကို ဘယ်လိုက ဘယ်မှာထားခဲ့ပြီး ပြည်ကို အဖော်မပါ တစ်ယောက်တည်း သည်လိုရဲတင်းလှစွာ ထွက်ခဲ့ရပါလိမ့်။ မိုက်လှပါလား မိခင်မေရယ်...

ခင်မေက နွဲ့ကိုလှမ်း၍ကြည့်ကာ အတန်ကြာ ငိုင်နေသည်။ သူမသည် ဘာပြန်၍ပြောရမည့်အရေးကို အစပျောက်နေပုံရသည်။ တကယ်ဆိုတော့ ခင်မေ့နားမှာ ဟင်းလင်းပွင့်နေသည်ကို နွဲ့က ဂရုမထား။ နားမှ နားကပ်ကလေးကို ရှစ်ဆယ်နှင့် နောက်ဆုံး ရောင်းရသည့်ငွေထဲမှ သူ့အမေကိုစောင့်ရှောက်ဖို့ အိမ်နီးချင်း မိန်းမကြီးတစ်ယောက်အား ငွေငါးဆယ်ပေးထားခဲ့ကာ ကျန်သော ငွေသုံးဆယ်နှင့် ခင်မေက ပြည်သို့ ထွက်လာခြင်းဖြစ်သည်။ တကယ်ဆိုတော့ သည်ငွေကလေးသုံးဆယ်နှင့် ပြည်ကို သည်လိုလိုက်သွားကာ ဘယ်မှာတည်း၍ ဘယ်မှာစားကာ ဘယ်လို လောက်နိုင်ပါ့မလဲ အရူးမ မိခင်မေရယ်...၊ ပြီးတော့ အပြန်စရိတ်ကကော...

ခင်မေက နွဲ့မေးသမျှ မေးခွန်းများကို မဖြေနိုင်။ ဖြေဖို့ရန်လည်း မစဉ်းစား။ ကြိုးလည်းမကြိုးစား၊ ခင်မေက ဘယ်လိုများ ဖြေနိုင်ပါမတုံး။

ခင်မေက ဘာမျှမသိ၊ ဘာမျှလည်း မစဉ်းစား။ သိလည်းပဲ မသိချင်၊ စဉ်းလည်းမစဉ်းစားချင်၊ ဟင်းလင်းပွင့်နေတော့သော ခင်မေ့ရဲ့ဘဝလဟာပြင်မှာ အရူးမကလေးလို လွင့်ချင်ရာ လွင့်နေပါပကောလား...

ဟုတ်သည်၊ ခင်မေသည် နှစ်ယောက်သော ဒုက္ခိတ သားအမိအနက် တစ်ယောက်သော မွေးသမိခင် မုဆိုးမ မျက်မမြင်ကြီးအားပင်

ရက်ရက်စက်စက် ထားပစ်ခဲ့ကာ သူမ မသိသော အဝေးတစ်မြို့သို့ ခုလို တစ်ယောက်တည်း အဖော်မပါဘဲ မိုက်မိုက်ကန်းကန်း သွားနေလိုက်သည်မှာ ဘယ်လောက်များ ရူးလိုက်၊ မိုက်လိုက်ပါသလဲ။

ခင်မေ့ကို အားလုံးကပဲ သည်လိုထင်ကြသည်။ သည်လို မြင်ကြသည်။ သည်လိုထင်ရ၍ သည်လိုမြင်နေရသော ခင်မေ့ကို ဘယ်သူက အကောင်းပြောကြဦးမှာတဲ့လဲ။

"ညည်း တယ်မိုက်လိုက်ပါကလား ခင်မေလေး"

ပြောကြပါ၊ ဆိုကြပါ၊ အရူးမ မိခင်မေ။ အမိုက်မ မိခင်မေကို ပြောချင်သလိုပြောကြ၍ ဆိုချင်သလိုပဲ ဆိုကြပါတော့...

ခင်မေကသာ သူ့ကို ရှာရမည်၊ ရှာခဲ့ပြီ၊ ရှာဦးမည်။

(၄)

မှော်ဘီ...၊ ဝါးနက်ချောင်း...၊ တိုက်ကြီး...

ပြည်အဆန်စာပို့သည် စိမ်းစိုသော လယ်ကွင်းပြင်နှင့် တောအုပ်တောတန်းများအကြားမှာ တငြိမ့်ငြိမ့် ပြေးနေသည်။ ရထားဘေး ပြတင်းမှသာ ခင်မေက ခေါင်းပြူ၍ အပြင်ဘက်သို့ ကြည့်လိုက်မည်ဆိုလျှင် မိုးသက်တဖွဲဖွဲအောက်မှာ စိမ်းလန်းနေသော လယ်ကွင်းပြင်နှင့် လယ်တဲများကို မြင်နိုင်ပေသည်။ အရှေ့ဘက် မိုးကုပ်စက်ဝိုင်းဆီမှ ပဲခူးရိုးမတောင်တန်းသည် မိုးနှင်းများအောက်မှာ ခပ်ရေးရေးသာ ထင်သည်။ ခင်မေက ဘယ်ဟာတစ်ခုမျှ မကြည့်မိ။ ကြည့်လည်းပဲ မကြည့်ချင်။

"မောင်... မောင်... မောင်" သူ့ကိုသာပဲ ဝမ်းထဲမှာ တ မြည်တမ်းနေမိသည်။

"မင်း မဆာဘူးလား ဟင် ခင်မေ၊ ဆီထမင်းဖြစ်ဖြစ် စားထားပါဦးလား၊ မနက်စာကတော့ လက်ပံတန်းရောက်မှပဲ မင်း စားရလိမ့်မယ်"

တစ်ယောက်တည်းငိုင်နေသော ခင်မေ့ကို နွဲ့က ဆီထမင်းကြော် လှမ်း၍ ပေးရင်း ပြောလာတော့မှပဲ ခင်မေက အသက်ရှင်သော သတ္တဝါလို လှုပ်ရှားလာသည်။ တကယ်ဆိုတော့ မနက်လေးနာရီလောက်မှပင် အိပ်ရာက နိုးကတည်းက ယခုထက်အထိ ခင်မေသည် အာဟာရအတွက် ဘာမျှ မစားခဲ့ရ၊ မစားခဲ့မိသေး၊ သွားချင်လာချင်သည့် ဇောနှင့် လုပ်ရကိုင်ရ သဖြင့် အစာစားဖို့ပင် မေ့နေ၏။ ဝမ်းထဲကဆာ၍နေသည်ကိုပင် မေ့လျော့နေရလောက်အောင် ဖြစ်နေရသလား ခင်မေလေး…

"နွဲ့တို့သာ စားပါကွယ်၊ ကိုယ်တော့ မဆာလို့" ခင်မေက ဒါပဲ ပြန်ပြောကာ ငိုင်မြဲငိုင်နေသည်။ သည်လောက်အထိ ဖြစ်နေရသော ခင်မေကို နွဲ့က ကရုဏာဒေါသဖြစ်လာကာ နောက်ထပ် ဘာမျှမပြောတော့ဘဲ ဆီထမင်းကြော်ကို စားနေလိုက်သည်။

ခင်မေကတော့ မသိရှာ၊ ကလေး အရူး အပေါမကလေးလို မသိခြင်း…

သနတ်ချောင်း…၊ ဖလုံ…၊ ဥက္ကံ…

ရထားသည် တစ်ဘူတာပြီး တစ်ဘူတာ ကျော်လွန်လာသည်။ ဘယ်ဘူတာဆိုက်ခဲ့၍ ဘယ်ဘူတာ ရောက်နေပြီကို ခင်မေက မသိ၊ မသိတာကပင် ခင်မေ့အဖို့ ကောင်းသည်။ မသိသောလမ်းခရီးကို သွားရခြင်း၌ ဘာတစ်ခုမျှ မသိတာက ကောင်းလိမ့်မည်။

ပြည် အဆန်စာပို့သည် အပူသည် ခင်မေ့ကို တင်ဆောင်နေရမှန်း သိပုံမရ၊ သိသည်တိုင်အောင်လည်း သူ့အဖို့ ထူးခြားလိမ့်မည်မထင်၊ သူသည် ရန်ကုန်နှင့် ပြည်… ပြည်နှင့် ရန်ကုန်ခရီးကို အကြိမ်ပေါင်းမည်မျှ ပြေးလွှားခဲ့ရသည်ကိုပင် မမှတ်မိနိုင်တော့။ ထိုမမှတ်မိနိုင်တော့သော အကြိမ်ပေါင်း မြောက်မြားစွာတွင် အပူသည် မိခင်မေလိုဟာမျိုးကလေး တွေပေါင်း ဘယ်ရွေ့ဘယ်မျှ လိုက်ပါစီးနင်းခဲ့ဖူးသည်ကို သူက ဘယ်လို

မှတ်သားထားရပါ့မတုံး...

အပြင်ဘက်မှာ မိုးသက်က တဖွဲဖွဲ ကျနေတုန်းပင် ဖြစ်သည်။

"ခင်မေ" ခေါ်ရမှာ အားနာသဖြင့် မတိုးမကျယ်ထွက်လာသော နွဲ့၏အသံ၊

ခင်မေက လှုပ်ပင်မလှုပ်၊ ကြားလိုက်မိဟန်မတူ၍နှင့် တူပါသည်။

"ဟေး... ခင်မေ..." နွဲ့က အားစိုက်၍ ခေါ်လိုက်ပုံရသည်။ ခုတင် ကထက် ကျယ်လာ၏။

ခင်မေက လန့်သွားသလို ရုတ်တရက် နွဲ့ကို ကြည့်လေသည်။ ပါးစပ်ကလည်းဖွင့်လို့...

"မင်း ပြည်မှာတည်းဖို့ခိုဖို့ အိမ်ရှိရဲ့လား ခင်မေရယ်" နွဲ့က မေးရ ပြန်ပေပြီ။

ခင်မေက ခေါင်းကိုခါလိုက်မိ၏။ ပါးစပ်ကတော့ ဘာမျှမပြော။

နွဲ့က မျက်လုံးပြူးသွားသည်။ တော်တော်ကြီးပင် အံ့ဩသွားပုံ ရသည်။ ဟုတ်တယ်လေ၊ အံ့ဩမည်ဆိုကလည်း အံ့ဩလောက်စရာပင် မဟုတ်ပါသလော၊ မသိ၍ မရောက်ဖူးသော တစ်မြို့တစ်ရွာသို့ တည်းခို စရာ အိမ်မရှိဘဲနှင့် တစ်ယောက်တည်း သည်လို မိုက်မိုက်ကန်းကန်း သွားနေသော ခင်မေ့ကို မအံ့ဩဘဲ နေရမှာတဲ့လား။

"မင်းတစ်ယောက်တည်း ခင်မေရယ်...၊ ဖြစ်ပါ့မလားကွယ်" နွဲ့ က ဒါပဲမေးနိုင်သည်။ ဒါ့ထက်လည်း မမေးရက်။

ခင်မေက မဖြေဘဲနေလိုက်သည်။

"မင်း... ကိုယ်တို့ဆီမှာ တစ်ရက်လောက်တည်းပြီးမှ ပြည်ကို သွားပါလား ခင်မေ၊ မင်း ဟိုမှာသွားပြီး တည်းဖို့ခိုဖို့နဲ့ မင်းကိုကူညီမယ့် မိတ်ဆွေအတွက် ကိုယ် စီစဉ်ပေးလိုက်ပါရစေ"

"ဒုက္ခမရှာပါနဲ့ နွဲ့ရယ်၊ ခင်မေ့ကုသိုလ်နဲ့ ခင်မေ ရှိပါစေတော့"

"မင်းလုပ်ပုံက မဟုတ်သေးပါဘူး ခင်မေရယ်၊ မဟုတ်သေးပါဘူး"

ခင်မေက ဘာမျှမပြောတော့ဘဲ နေလိုက်သည်။ ခက်ပါဘိ မိခင်မေရယ်...

ငဖြူလေး... သုံးဆယ်ကိုပင် ရောက်တော့မည်။ သုံးဆယ်ရောက်လျှင် သာယာဝတီကို ရောက်သည်နှင့် မခြားတော့။

ပြည်အဆန်စာပို့ရထားသည် တရိပ်ရိပ်ပြေးလွှားနေ၏။ လယ်ကွင်းပြင်များနှင့် တောအုပ်တောတန်းများသည် တရေးရေး ကျန်ရစ်ခဲ့လေသည်။

ဥညြပေးသံ ကြားရပြီးနောက် သုံးဆယ်ဘူတာတွင် ရထားရပ်လိုက်သည်။ သုံးဆယ်တွင် ခရီးသည်တွေ တော်တော်ဆင်းသွားကြသဖြင့် ခင်မေတို့တွဲမှာ နွဲ့တို့လူသိုက်နှင့် အခြားလူ သုံးလေးယောက်သာ ကျန်ရစ်ခဲ့တော့သည်။

"မင်း ကိုယ့်စကား နားထောင်မယ်မဟုတ်လား ခင်မေရယ်၊ မင်းကို ခုလိုတစ်ယောက်တည်း လွှတ်လိုက်ရမှာကို ကိုယ်စိတ်မချလို့ပါကွယ်နော် ခင်မေ" ရထားစ၍ထွက်လျှင် နွဲ့က ခင်မေ့ကို ချော့မော့သောလေသံနှင့် ပြောလာပြန်သည်။

ခင်မေက စိတ်ညစ်လာသလို ခေါင်းကို ဖွလိုက်သည်။ ဘာမျှတော့ပြန်မပြော၊ ပြောလည်းမပြောချင်၊ မိမိအဆိုးနှင့် မိမိအမိုက်၊ မိမိထိုက်နှင့် မိမိကံ၊ ကောင်းတာတွေ့လျှင် စံ၍ မကောင်းတာတွေ့လျှင် ခံလိုက်မည်။

"ဘယ့်နှယ်လဲ ခင်မေ၊ မင်း ကိုယ်တို့နဲ့ လိုက်မယ်မဟုတ်လား" နွဲ့က မေးနေပြန်သည်။ သည်လို စေတနာနှင့်မေးနေမှန်းကို ခင်မေက ကောင်းစွာနားလည်ထားသော်လည်း သူမ၏စိတ်ထဲတွင် သည်လိုမေး

နေခြင်းကို နှောင့်ယှက်သည်အနေနှင့် ထင်နေသည်။ စိတ်ညစ်လာသည်။ ထို့ကြောင့် ဘာမှမပြောဘဲ ငိုင်၍နေလိုက်သည်။

နွဲ့က ခင်မေ့ကို ကရုဏာဒေါသ ဖြစ်လာသည်။ အမိုက်မ မိခင်မေကို ထုချင်ဖွဲချင်သလိုနှင့် အားမလိုအားမရ ဖြစ်လာမိသည်။ သို့ရာတွင် ငယ်ရွယ်သော ခင်မေနှင့် အသက်အရွယ်နှင့်မမျှတလွန်းသော အပူသည် ခင်မေ၏ ဒုက္ခကို သိထားပြီးဖြစ်သော နွဲ့က အရူးမမိခင်မေကို ဒေါသ ဖြစ်၍ မနေနိုင်တော့။

"နော်... ခင်မေ၊ နွဲ့တို့နဲ့ တစ်ရက်နှစ်ရက်လောက် သာယာဝတီမှာပဲ လိုက်ပြီး တည်းပါဦးလားကွယ်၊ ပြီးတော့မှ မင်း ပြည်ကိုသွားဖို့ရော၊ ဟိုမှာ ကောင်းကောင်းမွန်မွန် တည်းဖို့ရော၊ ပြီးတော့လည်း မင်းရဲ့လူကို လိုက်စုံစမ်းဖို့ကိုရော ကိုယ် စီစဉ်ပေးပါ့မယ်ကွယ်" ခင်မေရဲ့နဖူးပြင်မှ ဆံစကလေးများကို ကြင်နာစွာသပ်ပေးရင်း နွဲ့က ချော့ချော့မော့မော့ ပြောလာသောအခါ၌ အရူးမ မိခင်မေက မျက်ရည်တွေ ကျလာရာမှ မျက်နှာကို လက်ဝါးနှင့်အုပ်၍ တရှုပ်ရှုပ်များပင် ငိုနေလိုက်ပါပကော...

ခက်ကပြီ၊ နွဲ့က ဘာလုပ်ပေးရပါ့မလဲ...

ဟော... ဥဩကလည်းပေး၍ သာယာဝတီဘူတာသို့ ရထားကလည်း ဝင်နေပါပကောလား...

"ခင်မေ မင်းဘာပြုလို့ ငိုနေရတာလဲကွယ်...၊ ကိုယ့်ကို တမင် စိတ်မကောင်းအောင် လုပ်တာပဲလားဟင်" နွဲ့က ထိုင်ရာမှ ထလိုက်ကာ မေးနေပါ၏။ မျက်နှာကလည်း မကောင်း...

ရထားက ရပ်သွားသည်။ သာယာဝတီသို့ကား ရောက်ပေပြီ။

ခင်မေက မျက်ရည်တွေနှင့် နွဲ့ကို ကလေးမလို အငေးသား မော့၍ ကြည့်၏။ ဘာမျှမပြောတတ်။ ပြောရမှန်းလည်းမသိ။

သာယာဝတီမှာ ဆင်းရတော့မည့် နွဲ့က ပစ္စည်းများကို ရထား

ပြတင်းပေါက်မှ ကူလီများကို လှမ်းပေးနေရာက ခင်မေ့ကိုလှည့်၍ ကြည့်လေသည်။ နွဲ့က လက်လျှော့သောအနေဖြင့် ခင်မေ့ကို နောက်ထပ်၍ ဘာမျှလည်းမပြောတော့၊ ပြော၍လည်း ထူးမည်၊ ရမည် မဟုတ်သည်ကို နွဲ့က သိပြီးလည်း ဖြစ်ပါလိမ့်မည်။

တွဲပေါ်မှလူတွေ အားလုံးလိုလို ပစ္စည်းများကို ရှုပ်ရှုပ်ယှက်ယှက် သယ်ချနေသည့်အကြားမှာ ခင်မေကသာ တစ်ယောက်တည်း ငိုင်နေပါ၏ ။

နွဲ့က ပစ္စည်းများ ချပြီးသောအခါ ခင်မေ့ဘေးမှာ ရပ်လာ၏။ ပြီးတော့ ခင်မေရဲ့ မေးဖျားကလေးကို ယုယစွာ ကိုင်လိုက်သည်။ ပြီးတော့ ဝမ်းနည်းပက်လက်ပြုံးကာ တွဲပေါ်မှ ဆင်းသွားသည်။

"နွဲ့"... သည်တော့မှပင် ခင်မေက သတိရသလို ခေါ်လိုက်လေသည်။ ပလက်ဖောင်းဘေးမှ ရထားပြတင်းဝသို့ နွဲ့က လျှောက်လာကာ ရပ်လိုက်သည်။ ခင်မေ့ကို မကြည့်တော့၊ ခေါင်းငုံ့နေ၏။ ဝမ်းနည်းနေပုံရပါ၏။ ဘာမျှလည်း မပြောနိုင်တော့၊ ပြောလည်း ပြောပြီးခဲ့ပြီပင် မဟုတ်လော၊ ပြောသာပြောခဲ့ရသည် ဘယ်လိုမျှလည်း မထူးခြားခဲ့၊ နောက်ထပ်၍ နွဲ့က မပြောချင်တော့ပါ၊ ခေါင်းသာ ငုံ့နေ၏။

"ခင်မေ့ကို ခွင့်လွှတ်ပါ နွဲ့ရယ်၊ ခင်မေ့ကုသိုလ်နဲ့ခင်မေပဲ ရှိပါစေတော့ကွယ်" ငိုသံပါကြီးနှင့် ကလေးမလို ခင်မေကပြောကာ ခေါင်းငုံ့၍ သွားလေသည်။ မျက်လုံးအိမ်မှ မျက်ရည်ပေါက်တို့သည် သူမ၏ပေါင်ပေါ်သို့ တပေါက်ပေါက်ကျနေ၏။

ရထားက ဥသြမှုတ်လိုက်၏။ ခရာတွတ်သံကိုလည်း ကြားလိုက်ရ၏ ။

ခင်မေက ခေါင်းကိုငုံ့နေရာမှ နွဲ့ကို မော့၍ကြည့်၏။ နွဲ့ကလည်း ခင်မေ့ကို ကြည့်နေပါ၏။ တစ်ယောက်၏အသည်းနှလုံးထဲမှာ ဘာတွေ

ဖြစ်နေသည်ကို တစ်ယောက်က သက်ညှာခြင်းကြီးဖြင့် ကြည့်နေကြသည်။ ပါးစပ်က ဖွင့်ဟ၍ မပြောသောစကားများကို မျက်လုံးများဖြင့် ပြောနေကြသည်။

ရထားသည် လှုပ်ရှားလှုးလွန့်စ ပြုလေသည်။

ခင်မေက နွဲ့ကိုကြည့်နေရာမှ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ တရှုပ်ရှုပ် ငိုနေလိုက်ပြန်၏။ ပလက်ဖောင်းပေါ်မှ နွဲ့က ခင်မေဖြစ်နေရပုံကို အငေးသား ကြည့်နေသည်။ ဒါပဲ…၊ တစ်ခုတော့ရှိသေးသည်။ သူမ၏မျက်လုံးအိမ်မှာလည်း ပုလဲဥကလေးတွေက ဟီးလေးခိုလို့…

ရထားသည် တရှူးရှူးနှင့်မြည်ကာ တအိအိ လိမ့်စပြုလေသည်။ သည်တော့မှပင် ခွဲကြရသော အဆုံးကို ရိပ်စားမိလာကြသလို အသက်ဝင်လှုပ်ရှားလာကြသည်။

"သွားတော့မယ်နော် ခင်မေ၊ မင်းရဲ့လူနဲ့ ချောချောမောမော တွေ့ပါစေလို့ ကိုယ် ဆုတောင်းရစ်ပါ့မယ်ကွယ်" အက်ကွဲနေသောအသံဖြင့် ပြောကာ နွဲ့က ခင်မေ့ကို ကျောခိုင်း၍ တစ်လှမ်းချင်း တစ်လှမ်းချင်း ထွက်သွားသည်။

ခင်မေက တစ်ယောက်တည်း မျက်ရည်တွေနှင့်…

ပြည် အဆန်စာပို့ရထားသည် သာယာဝတီမှ ထွက်ခွာခဲ့ပေပြီ။

(၅)

ရထားတစ်တွဲလုံးမှာ ခင်မေသာ တစ်ယောက်တည်းသော ခရီးသည်ဖြစ်ပါ၏။ တစ်တွဲလုံးမှာ အဘယ်သူ တစ်ယောက်တစ်လေမျှပင် မကျန်ရစ်တော့။ ရန်ကုန်က ပြည့်ကျပ်ပါလာသော ခရီးသည်များက သာယာဝတီမှာပင် အားလုံး ဆင်းကျန်ရစ်ခဲ့ကြပြီ၊ ခင်မေကသာ တစ်ယောက်တည်း…

ဟုတ်ပါ၏။ ရထားတစ်တွဲလုံးမှာ တစ်ယောက်တည်းသော ခင်မေရယ်...

သာယာဝတီက ရထားထွက်လာတော့မှပင် ရထားတစ်တွဲလုံးမှာ မိမိသာ တစ်ယောက်တည်းသော ခရီးသည်အဖြစ် ကျန်ရှိရစ်တော့သည်ကို ခင်မေက သတိပြုမိတော့သည်။ သည်လိုလမ်းခရီးမှာ တစ်ယောက်တည်း အဖော်မပါ၊ ဘုမသိ ဘမသိနှင့် ခရီးသွားနေသော ခင်မေ့ကို ခင်မေကများ အံ့ဩနေသလား... မအံ့ဩပါ။ အံ့ဩရမှန်းလည်း မသိပါ။ အို... အရူးမမိခင်မေက ကြောက်ရလန့်ရမှန်းလည်း မသိပါ၊ သိလည်း မသိချင်၍ စဉ်းလည်း မစဉ်းစားချင်ပါ။

ခင်မေသိချင်တာ၊ စဉ်းစားချင်တာ တစ်ခုတည်းသာ ရှိပါ၏။

ထိုတစ်ခုသည် ခင်မေ့တစ်လောကမှာ ထိုတစ်ခုတည်းသာ ရှိသည်။ ထိုတစ်ခုမှလွဲ၍ ဘာမျှရှိသည်ဟု ခင်မေက မထင်။ မိမိကိုယ်ကိုပင် ရှိပါလေစဟု ခင်မေက ထင်၍ မျက်မမြင်ဒုက္ခိတ မုဆိုးမ မိခင်ကြီးသည်ပင် ခင်မေ၏လောကတွင် မှုန်ဝါးဝါးသာ ထင်တော့သည်။

ပြည် အဆန်စာပို့သည် မြစိမ်းရောင်စိုနေသော လယ်ကွင်းများအကြားမှ တငြိမ့်ငြိမ့် ပြေးလွှားနေပေသည်။ စောစောက ခပ်ဖွဲဖွဲကျနေသော မိုးသည် သည်းစပြုလာသဖြင့် ပြာမှိုင်းသော ပဲခူးရိုးမတောင်တန်းတောင်စွယ်တို့သည် မိုးဖွဲများအကြားမှာ ရေးရေးသာထင်နေသည်။

ခင်မေက အပြင်ဘက်သို့ ငေးကြည့်နေ၏။

မိုးနှင့်တောင်စွယ်ကို ခင်မေက မမြင်၊ မြစိမ်းရောင်စိုနေသော လယ်ကွက်များကိုလည်း မမြင်၊ ခင်မေသည် ဘာမှမမြင်တော့။

တစ်တွဲလုံးမှာ ခင်မေသာ တစ်ယောက်တည်း၊ တစ်ယောက်တည်းသော ငယ်ရွယ်သည့် ခင်မေက သူ မရောက်ဖူး၊ မသိဖူးသော ပြည်မြို့သို့ သွားနေပုံမှာ ဘယ်လောက်များ ကျောချမ်းစရာ ကောင်းနေပါသလဲ။

ပြီးတော့ ငွေကြေးကလည်း ပြည့်ပြည့်စုံစုံ ပါသည်မဟုတ်။

သည်ဟာနှင့်တောင် ရဲရင့်လိုက်သော ခင်မေလေး...

မရဲ၍လည်းမဖြစ်၊ မသွား၍လည်းမဖြစ်။

ဘာပဲဖြစ်နေဖြစ်နေ ခင်မေက သူ့ကို ရှာရမည်။ မတွေ့မချင်း ရှာရမည်၊ အဘယ်နေ့ရက်နှင့် ဤကပ်ကမ္ဘာပင် ကုန်ဆုံးသွားပါစေတော့...

ခင်မေက ရင်ထဲမှာ လှိုင်းလို တအိအိထလာသော ဆို့နစ်ခြင်းကို မခံနိုင် မရပ်နိုင်တော့သလို မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ရှိုက်၍ရှိုက်၍ ငိုချလိုက်သည်။ ရင်ထဲမှာ ကြိတ်မှိတ်၍ မျိုသိပ်ထားခဲ့ရသော အစိုင်အခဲတို့သည် အဘယ်မျှ ထုထည်ကြီးမားကာ များပြားနေသည်ကား မသိနိုင်တော့။ သည်လိုသာ ရှိုက်၍ရှိုက်၍ ငိုနေရလိုက်ခြင်းဖြင့်လျှင်သာ ထိုအစိုင်အခဲတို့သည် ကြေလွင့်ပြေပျောက်လိမ့်မည်ဆိုက ခင်မေ၏ ရှိုက်၍ရှိုက်၍သာ ငိုရခြင်းသည် ပြီးဆုံးနိုင်ဖွယ်ရာလည်း ရှိလိမ့်မည်မဟုတ်။

သို့ ရှိုက်၍ရှိုက်၍သာပဲ ခင်မေက ငိုနေပါသည်။ သည်လိုငိုရင်း သည်လိုငိုရခြင်းမှ လွတ်ရာ၊ ချုပ်ရာသို့လည်း အမိုက်မ မိခင်မေက တစ်ယောက်တည်းပင် ချို့ချို့ငဲ့ငဲ့နှင့် စွန့်စွန့်စားစား သွားနေရပါပကော...

သူက ပြည်မြို့မှဖြစ်သည်။ ခု ပြည်မှာ ပြန်ရောက်နေပြီလေ...

ဒါပဲ ခင်မေကကြားရ၍ သိရ၏။ သည် ကြားသိရခြင်းဖြင့် သူ့ကို ရှာရန် ခုလို လိုက်ပါနေရခြင်းလည်း ဖြစ်ပါ၏။ သည်လို တစ်ယောက်တည်း သွားလာရင်း ငိုနေရခြင်းမှာ အဆုံးနှင့်အစ၏ စပ်ကြားကာလမျှသာ ဖြစ်သည်။

ဟုတ်ပါ၏။ ကြားကာလမှာသာ မိခင်မေက ဆုံးနိုင်အံ့မထင်ရသော သည်ရှိုက်၍ရှိုက်၍ ငိုရခြင်းဖြင့် တစ်ယောက်တည်း ဝမ်းနည်းပက်လက် ငိုနေရပါသည်။ သည်ငိုရခြင်း၏ ကုန်ဆုံးချုပ်ငြိမ်းရာ အဆုံး

သော တစ်နေ့ရက်မှာလည်း အဘယ်သို့ အဘယ်ပုံ ဖြစ်လာ တွေ့လာရဦးမည်ကိုကား ငိုနေရသော ခင်မေက မတွေးဝံ့သေး၊ ငိုရခြင်း၌ပင် စွန့်စား၍ ငိုနေရသော မိခင်မေလေး...

ဟုတ်သည်။ ခင်မေ၏အဆုံးသည် မသိရသော စွန့်စားခြင်းနှင့် ကြားကာလမှာတော့ ဆုံးအံ့ပင် မထင်ရသော ငိုရခြင်း...၊ ရှိုက်၍ရှိုက်၍ ငိုရခြင်း...

ကြေကွဲဖွယ်ရာ ကြားကာလနှင့် ထိတ်လန့်ဖွယ်ရာ စွန့်စားနေရသော အဆုံး...

ကြားကာလနှင့် အဆုံးကတော့ ဟုတ်လှပါပြီ။ ဒါပေမဲ့ အစကကော မိခင်မေရယ်...

ခင်မေက ကလေးမလိုသာပဲ ရှိုက်၍ရှိုက်၍ ငိုနေပါ၏။

ဟုတ်သည်။ မသိသောစွန့်စားခြင်းနှင့် ရှိုက်ငိုနေရခြင်း၏ မိခင်မေရဲ့ အစက...

အပြင်ဘက်မှာ မိုးကရွာနေ၏။

ပြည်အဆန်ရထားသည် မြစိမ်းရောင်စိုနေသော လယ်ကွင်းများအကြားမှာ တဝေါဝေါ ပြေးလွှားလျက်ပင်...

* * *

## အစကပင် ငိုရခြင်း

### (၁)

အဆုံးကိုသာ အမိုက်မ မိခင်မေက ဘယ်ပုံဘယ်နည်း တွေ့ရဦးမည်ကို မခန့်မှန်းနိုင်တတ်သေးသော်လည်း အစကို စရခြင်းကပင် မိခင်မေရဲ့ ဝတ္ထုက မျက်ရည်နှင့် ဖြစ်ပါ၏။

(၂)

အစိုးရတွင် ဘဏ္ဍာရေးကျပ်တည်းသဖြင့် အလုပ်လျှော့သော စာရေးများထဲတွင် မိမိမပါရအောင် ခင်မေက လက်ထောက်အတွင်းဝန်ကလေးကို သူ၏အခန်းထဲတွင် စွန့်စွန့်စားစား ဝင်ရောက်၍ အသနားခံရာမှ သူမအား ရိသဲ့သဲ့ လူပျိုစကားပြော၍ လက်ဖမ်းဆွဲခဲ့သော မယားသုံးယောက်နှင့် လက်ထောက်အတွင်းဝန်၏ မဟားတရား စော်ကားလိုက်ခြင်းကို ခံခဲ့ရသည်။

ခင်မေက ငယ်သော်လည်း အပျိုအရွယ်ကလေးဖြစ်သဖြင့် ရှက်ပါ၏။ ဝမ်းနည်းပါ၏။

မိန်းမတို့၏ ရှက်ခြင်းနှင့် ဝမ်းနည်းခြင်းတို့၌ မျက်ရည်သည် ကပ်ကမ္ဘာအစဉ်အဆက်ကပင် ဒွန်တွဲရိုးရှိခဲ့သည့် သဘာဝအတိုင်း ခင်မေက ငို၍ ထွက်လာခဲ့ရသည်။ ငိုလို့သာပဲ ငိုရပါ၏။ လူသိမခံရဲ၊ လူမြင်မခံရဲ၊ မိမိ၏ အပျိုရည်ဂုဏ်ကို ထိခိုက်စရာ၊ ညှိုးနွမ်းစရာ ဖြစ်တော့မည်။

ပြီးတော့ ယခင်ကလို တင်းနိုင်မာနိုင်စရာ အခြေအနေလည်း ခင်မေတို့မှာ မရှိတော့။ မနှစ်ကဆိုလျှင် ခင်မေ၏အဖေနှင့် အမေသည် ကွဲနေကြသော်လည်း "အဖေရှိသည်၊ အဖေ့အထောက်အပံ့ရသည်" ဟူသော မျက်နှာဖြင့် တော်ပါသေး၏။ ခင်မေ၏အဖေက တိုက်ပိုင်အင်စပက်တော်ဖြစ်၍ ခင်မေ ၁၃ နှစ်သမီးလောက်ကပင် ခင်မေ့အမေကို ပစ်ကာ နောက်မယားတစ်ယောက် ယူသွားသည်။ သို့ရာတွင် ခင်မေ့ကိုကား ကျောင်းစရိတ်ထောက်ပံ့သဖြင့် ခင်မေမှာ လင်ပစ်သောအမေနှင့် ချို့ငဲ့စွာပင် မျက်နှာငယ်ငယ်နှင့် ကျောင်းမှာ နေခဲ့ရပါသေး၏။ သို့ရာတွင် မနှစ်က ခင်မေ့အဖေ ရုတ်တရက် သေဆုံးသွားသောအခါ၌ ခင်မေမှာ "မက်ထရစ်" လည်း မအောင်သေး၊ ကျောင်းလည်း ဆက်လက်နေနိုင်ရန် ဘယ်လိုမှ မဖြစ်တော့သည့်အတွက် ကျောင်းမှ ဝမ်းနည်းပက်လက် ထွက်

လာခဲ့ရကာ လင်ပစ်ရာမှ မုဆိုးမဖြစ်ရပြန်သော မိခင်အိုနှင့် လူ့ဘဝကို ရင်ဆိုင်ရအုံ့သော ပြဿနာကြီးကို တွေ့ဆုံရတော့၏။

ဖအေရှိစဉ်ကပင် မိမိတစ်ယောက်အတွက် ကျောင်းစရိတ်လောက် သာပင် လုံလောက်ရုံမျှ ထောက်ပံ့၍ထားခဲ့သောကြောင့် ခင်မေ၏အမေ မှာ အိမ်စရိတ်ကာမိအောင် အိမ်တွင် ဇာထိုးပန်းထိုး အလုပ်များကို သန်းခေါင်သန်းလွဲအထိ အညောင်းခံ၊ အိပ်ပျက်ခံ လုပ်ကိုင်ခဲ့ရသော ဒဏ်များက တဖြည်းဖြည်း ကိုင်လာခဲ့ရာမှ ခင်မေကျောင်းမှ ထွက်လာ ရပြီး နောက်၌ကား ခင်မေ့အမေ၏ မျက်စိနာရောဂါမှာ တိမ်များ စွဲကပ် လာကာ လုံးလုံးကွယ်ရတော့မည့် အခြေအနေသို့ ရောက်ရှိလာခဲ့လေ သည်။

ဆရာကောင်း သမားကောင်းနှင့် ဂရုတစိုက် ကုသဖို့ရန်ကား ဝေးစွ၊ လောလောဆယ်ဆယ် စားဖို့နေဖို့အရေးကိုပင် ခင်မေတို့ ဒုက္ခိတသားအမိ မှာ ဘေးကျပ် ရင်ကျပ် ဖြစ်နေရပေသည်။

ခင်မေ့မှာ ဆယ့်ခြောက်နှစ်သာသာမျှသာ ရှိသေးသော်လည်း လူ့ဘဝကို သည်လိုစတွေ့၍ သည်လို ရင်ဆိုင်ခဲ့ရပါ၏။

"မက်ထရစ်" မအောင်ရင် အလုပ်တစ်ခုကိုရဖို့ ခဲယဉ်းနေသော ခေတ်ကြီးထဲတွင် ခင်မေ့မှာ ဘာများ လုပ်ကိုင်စားသောက်ပြီး လူလုပ်ရပါ ဦးမည်လဲ၊ ခင်မေက တစ်ယောက်တည်းဆိုလျှင်လည်း ဟုတ်သေး၏။ လက်ရှိ ကုန်ထုတ်ရေးစနစ်အရ မိမိကိုယ်ကို ကုန်ပစ္စည်းအနေနှင့် သင့် တော်သော ယောကျ်ားတစ်ယောက်ကို ဖမ်း၍ ရောင်းရလျှင် သင့်သလို တော့ စားရသောက်ရမည်ကား ဖြစ်ပေ၏။ သို့ရာတွင် မိမိတစ်ယောက် တည်း မဟုတ်ဘဲ မျက်စိကွယ်နေသော ဒုက္ခိတ မိခင်အိုကြီးနှင့် ဖြစ်နေ သောကြောင့် မိမိကို ကုန်ပစ္စည်းအဖြစ် ဝယ်လိုမည့်သူက ဘေးမှ တွဲ လောင်းပါနေသော ကုန်ဆွေးကြီးကိုတော့ ထည့်ယူချင်မည်ကား မဟုတ်ပေ။

ဆယ့်ခြောက်နှစ်အရွယ်ကလေးမ မိခင်မေက အသက်အရွယ်နှင့် မမျှသော ဝန်ကြီးကို မနိုင့်တနိုင်နှင့် သယ်ပိုးကာ လူ့ဘဝခရီးကို ဘယ်လို များ လျှောက်လိုက်ရပါမည်လဲ။

မတတ်နိုင်ပါ။ သည်လမ်းခရီးကို လျှောက်သွားရပေမည်။

ရှိတာတ်သမျှသေးသော ရွှေတိုရွှေစကလေးများကို နောက်ဆုံး ထုခွဲ ရောင်းချ၍ ခင်မေက ရန်ကုန်မြို့တွင်းမှာထက် စရိတ်သက်သာချောင်ချိ သော ရန်ကုန်၏ ဆင်ခြေဖုံး ကံဘဲ့ရွာကလေးသို့ ပြောင်းရွှေ့ကာ လက် နှိပ်စက်ရိုက်သင်ကျောင်းတစ်ကျောင်းတွင် လက်ရေးတိုနှင့် လက်နှိပ်စက် ရိုက်ပညာကို သင်ကြားခဲ့ရလေသည်။

ခေတ်စား၍ ခေတ်သုံးနေသော သည်လက်ရေးတိုနှင့် လက်နှိပ် စက်ရိုက်ပညာကို တတ်ပြီးသည့်နောက်၌လည်း ရုံးတစ်ရုံးရုံးတွင် တစ်လလျှင် ရှားပါးစရိတ်ပါနှင့်မှ တစ်ရာသာသာကလေးမျှ ရသော ခေတ္တအောက်တန်းစား စာရေးမအလုပ်ကိုပင် ဘယ်လိုအဆက်အသွယ် နှင့် ပူးပေါင်းကပ်ရပ်၍ ခင်မေက ရှာရပါမည်လဲ။

ခင်မေ့မှာ အပေါင်းအသင်းများစွာ မရှိ။ တစ်ရုံးဝင် တစ်ရုံးထွက် နှင့် ခင်မေသည် သူမ၏ ခဲခဲယဉ်းယဉ်း သင်လာခဲ့ရသော ပညာကလေး ဖြင့် အလုပ်ကို ရှာခဲ့ရ၏။ မက်ထရစ်အောင်ပြီးသော သူများပင် ရတ် တရက် အလုပ်မရနိုင်သော ခေတ်ကြီးထဲတွင် ခင်မေ့မှာ သာ၍ခက်နေ ပါ၏။

သို့ရာတွင် ခင်မေက ဖွဲကောင်း၏။ မကောင်း၍လည်း မဖြစ်၊ အိမ်မှာချက်နေရသော ဆန်ကိုပင် တစ်ပြည်ချင်း၊ တစ်ခွက်ချင်း ဝယ်ယူ နေရ၏။ မီးခိုးတိတ်ရတော့မည့် အဖြစ်မျိုးကိုမရောက်မီ ခင်မေက အလုပ် တစ်ခုခုကိုရမှ ဖြစ်တော့မည်။ ထို့ကြောင့် ခင်မေက ဖွဲကောင်း၏။ **"မိမိ ကိုယ်ကို ကူညီသူအား သဘာဝက ကူညီသည်"** ဆိုသော ယူဆ

ချက်သည် ခင်မေ့အဖို့ မှန်ကန်ပုံရပါ၏။ သုံးလေးလကျော်မျှ ဖွဲကောင်းကောင်းနှင့် မအိပ်မနေ အလုပ်ရှာနေသော ခင်မေအား အတွင်းဝန်ရုံးဌာနတစ်ခုက လက်နှိပ်စက် စာရေးမ အလုပ်တစ်ခုကို ပေးလေသည်။

ခင်မေ့မှာ ငယ်ငယ်ရွယ်ရွယ်နှင့် ပူပန်ရှာကြံခဲ့ရ၏။ လုပ်ကိုင်ခဲ့ရ၏ ။

သည်လိုအလုပ်ရ၍ အလုပ်လုပ်လာခဲ့ရသည့်အတွင်း ခင်မေက စာရေးမဘဝကို တဖြည်းဖြည်း ရိပ်မိလာ၏။ အသက်မွေးဝမ်းကျောင်းမှုအတွက် ရှိသောပညာ၊ တတ်သောပညာနှင့် ယောကျ်ားများနှင့်တန်းတူ လုပ်ကိုင်စားသောက်၍ အသက်မွေးနေရသော မိန်းမသားများအား ပတ်ဝန်းကျင်က သက်ညှာချင်ပုံမရ။ မခိုးမခန့်နှင့် ရိသဲ့သဲ့လုပ်ချင်၏၊ သရော်ချင်၊ လှောင်ချင်သလိုလိုနှင့် မတရားလည်း စော်ကားချင်၏။

ခင်မေက သည်အန္တရာယ်များကို ဘဝ၏ပေးအပ်သော အသိအလိမ္မာဖြင့် သတိထားကာ ရှောင်ကြဉ်ရပေသည်။ တစ်ခါတစ်ခါလည်း ဝမ်းနည်းမိပါ၏။ သို့ရာတွင် ဝမ်းနည်းခြင်းဖြင့် ဘဝ၏ပြဿနာကား ပြီးဆုံးပြေငြိမ်း၍ သွားလိမ့်မည်မဟုတ်။ ထို့ကြောင့် **"လိမ္မာသူသည်သာ အသက်ရှင်လိမ့်မည်"** ဟူသော သဘာဝ ဥပဒေသအရ လိမ္မာစွာနှင့်ပင် အသက်ရှင်နိုင်အောင် ကြိုးစားခဲ့ရသည်။ လူတိုင်းနှင့် သင့်မြတ်အောင် ခင်မေက ပေါင်းသင်းဆက်ဆံခဲ့၏။ သည်လိုလူတိုင်းနှင့် သင့်မြတ်အောင်၊ မေတ္တာရှိကြအောင် ခင်မေက လိမ္မာစွာ ပေါင်းသင်းနိုင်လာသောကြောင့် ခင်မေ့မှာ စာရေးမလုပ်သက်ကလေးမှာ တစ်နှစ်ကျော်မျှ ရှည်လျားလာခဲ့ရပေသည်။

ဤကဲ့သို့ မျက်မမြင် မုဆိုးမမိခင်ကြီးနှင့် လုပ်ကိုင်စားသောက်လာရပြီးနောက် တစ်နှစ်ကျော်မျှ ကြာလာခဲ့ရာမှ နိုင်ငံတော်အစိုးရ၏ဘဏ္ဍာရေးကျပ်တည်းမှုကြောင့် အစိုးရအမှုထမ်း အရာထမ်းများကို လျှော့

ပေါ့ထုတ်ပစ်လိုက်သော အခါ၌ ခေတ္တစာရေးဖြစ်သော ခင်မေမှာ မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်ကာ ဘာလုပ်ရ ဘာကိုင်ရမှန်း မသိအောင် ဖြစ်ရပေသည်။

အကယ်၍သာ လူလျှော့သော စာရင်းထဲတွင် မိမိပါက ခက်ချေတော့မည်။ ယခု ရရှိထားသော တစ်ရာသာသာမျှသော လခကလေးနှင့်ပင် တစ်လမှ တစ်လသို့ အလျဉ်မီအောင် လူးကာလဲကာနှင့် ကြံဖန်စားသောက်နေရသည့်အထဲ ဤလခကလေးသာမရပါက မတွေးတော့ဝံ့သော အခြေအနေသို့ ကျဆင်းသက်ရောက် သွားရပေမည်ကား အသေအချာ ဖြစ်ပါ၏။

ဤသတင်းကို ကြားသိရကတည်းက ခင်မေ့ရင်ထဲတွင် တထိတ်ထိတ်နှင့် အိပ်မပျော်အောင် ဖြစ်ခဲ့ရ၏။ မျက်မမြင် အမေအိုကြီးကိုလည်း ကြားသွားလျှင် အားငယ်သွားမည်ကိုစိုး၍ ဘာမျှအသိမပေးဘဲ မိမိဘာသာ တစ်ယောက်တည်းကြိတ်မှိတ်၍ ပူပန်ခဲ့ရ၏။

နောက်ဆုံး ရုံးဝန်ထောက်မှတစ်ဆင့် လက်ထောက်အတွင်းဝန်ကလေးထံသို့ စွန့်စွန့်စားစား ဝင်ရောက်အသနားခံရာမှ စားနေကျကြောင်ဖားဖြစ်သော လက်ထောက်အတွင်းဝန်ကလေးက သူမအား ရိသဲ့သဲ့လုပ်ကာ လက်ဖမ်းဆွဲ၍ နမ်းမည်လုပ်သောကြောင့် အတင်းရုန်းကန်၍ ထွက်ခဲ့ရခြင်းဖြစ်ပါ၏။

ခိုးစားရအောင်ကလည်း မခိုးရဲ၊ မခိုးတတ်။

လုပ်စားပြန်သောကာလ၌လည်း ခွေးက ကြားမှဝင်၍ ဟောင်လိုက်ပြန်သေး၏။ မိုးခေါင်၍ကား တော်ပေလိမ့်ဦးမည်။

မတတ်နိုင်ပါ။ ခင်မေက ရှက်ရှက်နှင့် ငို၍ထွက်လာခဲ့၏။ သို့ရာတွင် လူသိအောင်လည်း မငိုရဲ၊ မျက်ရည်တို့ကို ကပျာကယာပင် သိမ်းဆည်းကာ အပြင်သို့ ထွက်လာခဲ့ရ၏။

အပြင်ဘက်တွင် အခြားစာရေးများ မရှိတော့၊ ရုံးဆင်းသွားပေပြီ။

(၃)

ခင်မေက ရုံးအပြင်ဘက်သို့ ထွက်လာသောအခါ မိုးသက်က တဖွဲဖွဲပင် ကျနေသည်။ အိမ်ရှိရာ ကံဘဲ့သို့ ရထားနှင့်မပြန်မီ အိမ်မှမိခင်အတွက် ခတ်စာသစ်သီးများကို ဝယ်သွားစရာလည်း ရှိသေးသဖြင့် ဈေးဘက်သို့ ကားစီး၍ လိုက်လာခဲ့ရသည်။

ကားပေါ်၌ တက်ထိုင်၍သာ လိုက်ခဲ့ရသော်လည်း ရင်ထဲတွင်ကား ခုန်နေသေး၏။ မိမိ၏ တစ်သက်နှင့်တစ်ကိုယ်တွင် ဤသို့ လူအစော်ကား တစ်ခါမျှလည်း မခံခဲ့ရဖူးဘဲ ယခုကဲ့သို့ ဒုက္ခတွင်းနက်နေသည့် အချိန်၌ကား ဤသို့ အစော်ကားခံရခြင်းကို ယူကျုံးမရနိုင်အောင် ဖြစ်နေမိပေသည်။ တတ်သောပညာကလေးဖြင့် ရှာကြံလုပ်ကိုင် စားသောက်ရပြန်သောအခါ၌ ဤမျှ တရားကင်းလွတ်နေသော လူ့ဆက်ဆံရေးကို တွေ့နေရသောအခါ ခင်မေက အဘယ်ကံတရားနှင့် အဘယ်နတ်များ ဘုရားများကို တိုင်တည်နိုင်ပါဦးမည်နည်း။

အလုပ်လျှော့ပေါ့သည့်အထဲတွင် မိမိမပါရအောင် အသနားခံ တောင်းပန်ရခြင်းကား သနားစရာ လူသတ္တဝါတစ်ကောင်အနေနှင့်ပင် တစ်ဖက်သော လူတစ်ကောင်က မမြင်နိုင်ဘဲ ယခုလို သနားငဲ့ညှာခြင်း ကင်းမဲ့စွာ ပြုကျင့်လိုက်ခြင်းကား အဘယ်တရားခံကို တင်ပြရပါမည်နည်း။

ဈေးထိပ်တွင် ကားကရပ်လိုက်သဖြင့် စပယ်ယာက "ဈေးရောက်ပြီလေ၊ အစ်မလေး" ဟု သတိပေးမှ သတိရကာ ကားပေါ်မှ ဆင်းရသည်။

ပန်းသီး၊ ကျောက်ဖရုံယိုနှင့် စပျစ်သီးများကို ဝယ်ယူပြီးနောက်

စောစောက တဖွဲဖွဲကျနေသော မိုးက ခပ်သည်းသည်းရွာချလိုက်သဖြင့် သစ်သီးဆိုင်တစ်ခုတွင် ဝင်၍ မိုးခိုနေလိုက်ရသေးသည်။

မိုးက တစ်စထက်တစ်စ သည်းသည်ထက် သည်းလာရာမှ တော်တော်နှင့် စဲမည့်လက္ခဏာမရှိသလို လျှပ်စီးများလက်ကာ မိုးကြိုးများက ပင် ထစ်ချုန်းနေလိုက်ပါသေး၏။

ခက်ကပြီ။

ကံဘဲ့သို့ နောက်ဆုံးထွက်မည့်ရထားမှာ ည ၇ နာရီဖြစ်၍ မိုးသာ တော်တော်နှင့်မစဲဘဲနေက ရထားမမီလျှင် ခက်ချေတော့မည်။ ကံဘဲ့ ရထားကို မမီက ဘတ်(စ်)ကားနှင့် ငါးပဲပေး၍ စီးပြန်ရပေမည်။ ရထား လက်မှတ်မှာ တစ်လအတွက် ဆီးစင်းတီးကက်ကို ဝယ်ထားပြီးဖြစ်ရကား အပိုသက်သက်မျှသော ပိုက်ဆံငါးပဲကို ကုန်ကျရဦးမည် ဖြစ်လေသည်။ အပိုငါးပဲ ကုန်ကျရခြင်းထက် ခက်တာတစ်ခုက ရန်ကုန်မှ ကံဘဲ့သို့ ဤကဲ့သို့ မှောင်မည်းနေသော မိုးရွာနေသည့်ညတွင် စွန့်စွန့်စားစား ပြန်ရ မည့်အရေးပင် ဖြစ်သည်။

တစ်ခါက ယခုကဲ့သို့ ဓာတ်စာဝယ်ရင်း မိုးမိသဖြင့် ကားနှင့်ပြန်ရ သော အဖြစ်အပျက်တစ်ခုကို ခင်မေက ကျောတချမ်းချမ်းနှင့် သတိရမိ ပါသေး၏။ ကံဘဲ့ နောက်ဆုံး ဘတ်(စ်)ကားကို စီး၍ပြန်ရစဉ်က ခင်မေ့ မှာ မိန်းမသားတစ်ယောက်တည်း ဖြစ်ပါ၏။ အများခရီးသည် သုံးလေး ယောက်မှာ ဘဲရောင်းသော ပေါက်ဖော်နှစ်ယောက်နှင့် နွားနို့ရောင်းသော ဟိန္ဒူကုလားနှစ်ယောက် ဖြစ်လေသည်။ ရန်ကုန်မှ ထွက်ခါစကမူ အေး အေးချမ်းချမ်းရှိသော်လည်း တိရစ္ဆာန်ရုံကျောက်တိုင်ကြီးတွင် အရက်မူး နေသော လူသုံးလေးယောက် တက်လာကာ တစ်လမ်းလုံး ကားပေါ်တွင် ဆူပူမူးရူးကာ အနှောင့်အယှက် ဖြစ်နေခဲ့၏။ ခင်မေ့မှာ ငယ်ရွယ်သော မိန်းမသားတစ်ယောက်အနေနှင့် တော်တော်ကြောက်ရွံ့စွာနှင့် အိမ်သို့

ပြန်ခဲ့ရသည်။

ဤအဖြစ်ကို ခင်မေက ကျောထဲမှာ တစိမ့်စိမ့်နှင့် သတိရမိပါ၏။

မိုးကလည်း တော်တော်နှင့်မစဲ၊ တသည်းသည်းပင် ရွာနေပါ၏။ တော်တော်နှင့်စဲမည့်ပုံ မပေါ်သကဲ့သို့ လျှပ်စီးများကလည်း တလက်တည်းလက်ကာ မိုးကြိုးက တချုန်းတည်းချုန်းနေတုန်းပင် ဖြစ်ပါ၏။

ညသည် တော်တော်မှောင်စ ပြုလာ၏။ သို့နှင့် ည ခုနစ်နာရီသည် ကျော်လွန်လာခဲ့လေပြီ ဖြစ်ရကား ကံဘဲ့သို့ ရထားနှင့်ပြန်နိုင်သည့် အခွင့်အရေးကို ခင်မေက လက်လျှော့လိုက်ရကာ ဘတ်(စ်)ကားနှင့်သာ ပြန်ရမည့်အရေးကို ကျောထဲက တချမ်းချမ်းနှင့်ပင် စဉ်းစားရရှာတော့သည်။

ဈေးတစ်ဝိုက်တွင် မိုးကြောင့် အသွားအလာ ရှဲသွားကာ စောစောကလို စည်စည်ကားကား မရှိလှတော့။ အချို့ဆိုင်များလည်း သိမ်းပြီး၍ အချို့ကလည်း သိမ်းနေတုန်းဖြစ်ကြ၏။

အတန်ကြာ အောင့်အည်းသည်းခံ၍ စောင့်နေခြင်းဖြင့် မိုးက တသည်းသည်းနေရာမှ တဖြည်းဖြည်း စဲစပြုလာ၏။

မိုးစဲခါမှပင် အိမ်တွင် ထမင်းမချက်ရသေးသဖြင့် ထမင်းဆာနေရှာတော့မည့် မိခင်ကြီးကို သတိရမိကာ ဆိုင်တစ်ဆိုင်ဆိုင်မှ ခေါက်ဆွဲဖြစ်စေ၊ တစ်ခုခုဖြစ်စေ၊ ဝယ်ခြမ်းသွားဖို့ စိတ်ကူးမိလေသည်။

မိုးသည် တစ်စတစ်စစဲသွားသဖြင့် ခင်မေက ထီးကိုဖွင့်ကာ သစ်သီးဆိုင်ထဲမှထွက်၍ မဂိုလမ်းဘက်သို့ ပြန်လျှောက်လာခဲ့ရလေသည်။

မဂိုလမ်း ပန်းသေးခေါက်ဆွဲဆိုင်တစ်ခုတွင် ဝင်၍ ခေါက်ဆွဲနှင့် အခြားစားစရာများကို ဝယ်ခြမ်းပြီးနောက် ကံဘဲ့ကားဂိတ်သို့ ကားမီမှ မီပါ့မလား ဟူသော စိုးရိမ်စိတ်ဖြင့် ခပ်သုတ်သုတ် လျှောက်ခဲ့ရလေသည်။

"ကံဘဲ့လတ်(စ်)ဂါရီ၊ လတ်(စ်)ဂါရီ" ဟူသော နောက်ဆုံးထွက်မည့် ကံဘဲ့ဘတ်စ်ကားမှ စပယ်ယာကလေး၏ အော်နေသံကိုကြားမှ ခင်မေက ရင်ထဲတွင် သက်သာသလိုရှိသွားကာ ကားဂိတ်သို့ ခပ်သုတ်သုတ်ပင် လျှောက်မြဲလျှောက်လာခဲ့၏။

"လာ အစ်မလေး လာ" စပယ်ယာက ဆီး၍ကြိုသဖြင့် ကားပေါ်သို့ တက်လာခဲ့ရပြီးနောက်၊ ရောက်နှင့်သော ခရီးသည်တစ်ယောက်နှင့် မျက်နှာချင်းဆိုင် တစ်နေရာတွင် ဝင်၍ထိုင်လိုက်ရပေ၏။

သည်တော့မှ ခင်မေက သက်ပြင်းကိုချလိုက်ကာ လက်ကိုင်ပဝါကိုထုတ်၍ မိုးရေစက်များကို သုတ်နိုင်၏။

(၄)

အဆုံးကိုသာ အမိုက်မ မိခင်မေက ဘယ်ပုံဘယ်နည်း တွေ့ရဦးမည်ကို မခန့်မှန်းနိုင်တတ်သေးသော်လည်း အစကို စရခြင်းကပင် မိခင်မေရဲ့ဝတ္ထုက သည်လိုပင် မျက်ရည်နှင့်ဖြစ်ပါ၏။ ငိုကြွေးခြင်းဖြင့် သည်လိုစခဲ့ရပါ၏။

(၅)

သည်လို ငိုကြွေးပူပန်နေရစဉ် ခင်မေက သူ့ကိုစ၍ တွေ့ရပါ၏။ သူ့ကိုတွေ့ရပုံကလည်း မသက်သာလှပါ။ ဝန်လေးရသည့်အထဲ ပင်ပန်းရခြင်းကို ခံလိုက်ရသလို ဖြစ်ပါ၏။

ကံဘဲ့သို့ နောက်ဆုံးထွက်လာသော ဘတ်စ်ကားသည် တိရစ္ဆာန်ရုံ ကျောက်တိုင်ကြီးအနီးတွင် ရပ်လိုက်သဖြင့် ခင်မေက ဟိုတစ်ခေါက်ကလို အရက်မူးသမားတွေများ တက်လာကြဦးမလားဟူသော ပူပန်စိတ်ဖြင့် ထိတ်လန့်သွားမိသည်။

အပြင်ဘက်မှာတော့ မိုးသက်က တဖွဲဖွဲပင် ကျနေပါ၏။ ကောင်းကင်သည်လည်း မှောင်မည်းနေသဖြင့် ညသည်လည်း မှောင်မည်းနေ၏။

တစ်ကိုယ်လုံး မိုးရေများဖြင့် ရွှဲရွှဲစိုနေသော လူတစ်ယောက်က ကားပေါ်သို့ တက်လာကာ ကားနောက်မြီးပိုင်းတွင် သူ့ဘာသာတစ်ယောက်တည်း အေးချမ်းစွာ ထိုင်လိုက်လေသည်။

မိုးရေများ စိုနေသဖြင့် သူ၏ရှည်လျားလှသော ဆံပင်များသည် ဖိုးရိုးဖားရားနှင့် ဖြစ်နေ၏။ သူ၏မျက်နှာမှာလည်း အအေးဒဏ်ကို ကြာမြင့်စွာခံရသကဲ့ ဖြူဖပ်ဖြူရော်ဖြစ်နေကာ သူ့မျက်လုံးသည်လည်း အရောင်အဆင်းမရှိဘဲ မှေးမှိန်နေသည်။ သူ့ကိုကြည့်ရသည်မှာပင် ဆေးရုံမှ ထွက်ပြေးလာသော လူမမာတစ်ယောက်နှင့် တူပါ၏။ သူသည် တုန်၍ နေပါသေး၏။

ကားပေါ်မှ ခင်မေနှင့်အတူပါလာသော ခရီးသည်များက ထိုမိုးရေစိုနေသောလူကို အထူးအဆန်းလို ဝိုင်းဝန်း၍ ကြည့်နေကြလေသည်။ သို့ရာတွင် ထိုသူကတော့ သူ့ဘာသာသူ ကားနောက်မြီးတွင် အေးချမ်းစွာ အထီးတည်းထိုင်၍ ငိုင်နေပုံရသည်။ သူသည် ကားပေါ်မှ အခြားလူများရှိသည်ကို သိမှ သိပါလေစ၊ သူသည် သူဘာလုပ်၍ ဘယ်သွားနေသည်ကိုပင် သိများမှ သိပါလေစ။

ခင်မေက လူမမာရုပ်နှင့် မိုးရေစိုနေသော ထိုသူကို ကလေးမလို အငေးသား ကြည့်နေမိပါ၏။ ထိုသူ၏ ရုပ်အင်္ကျီမှာ အရောင်အဆင်း မရှိရတော့သည့်အထဲ ပခုံးစွန်းတွင် ပြဲနေ၏။ တစ်ပတ်နွမ်း ပိုးလုံချည်မှာလည်း တော်တော်ပင် ကြေ၍နေ၏။

ထိုသူသည် သူ့ဘာသာသူ ငိုင်နေရာက ကားအထွက်တွင် သတိရသလို ကားအတွင်းမှ ခရီးသည်များကို တစ်ချက်မျှ လှမ်း၍ကြည့်လိုက်

၏။

ခင်မေက သူ့ကိုအကြည့်နှင့် သူ၏အကြည့်က ဆုံ၍သွား၏။

ခင်မေက ခေါင်းကိုငုံ့ပစ်လိုက်၏။ သူက သူ့ဘာသာသူ ငိုင်မြဲငိုင်နေလိုက်၏။ ကံဘဲ့သို့ နောက်ဆုံးထွက်သော ဘတ်(စ်)ကားသည် ဗဟန်းဘက်သို့ ဦးတည်၍ ပြေးနေသည်။

"ဆရာ ဘယ်ထိလိုက်မှာလဲ" စပယ်ယာက မေးနေသံကို ကြားရသဖြင့် ခင်မေက ခေါင်းငုံ့နေရာမှ အမှတ်တမဲ့ လှမ်း၍ကြည့်လိုက်မိသည်။

ထိုသူသည် စပယ်ယာကို ဘာမှပြန်မပြောဘဲ ငိုင်၍ အငေးသားကြည့်နေလေသည်။ သူသည် သူ့အား ပိုက်ဆံတောင်းနေသည်ကို နားမလည်ရှာသလားဘဲ။

"ကားခဆရာ၊ ကားခ" စပယ်ယာက စိတ်မရှည်သလို ခပ်ငေါက်ငေါက် သူ့ကိုအော်၍ တောင်းနေသည့်တိုင်အောင် သူက ငိုင်နေတုန်းပင်ဖြစ်လေသည်။

ထိုသူ၏ အေးတိအေးစက်နိုင်လှသော အမူအရာကို ထူးဆန်းအံ့ဩသလို ခင်မေနှင့် အခြားခရီးသည်များက ဝိုင်း၍ကြည့်နေကြသည်ကိုလည်း ထိုသူက ဂရုမစိုက်သကဲ့သို့ ငိုင်မြဲသာ ငိုင်နေလေသည်။

စပယ်ယာက ထိုသူအား နားလေးသည်ထင်၍ သူ့ဘေးတွင်ထိုင်ကာ ထိုသူ၏ နားအနားသို့ ကပ်၍ "ကားခကလေးများ ပေးပါဦးဆရာ" ဟု ခပ်ကျယ်ကျယ်အော်၍ ပြောလိုက်သဖြင့် ထိုသူက စိတ်ပျက် သလိုခေါင်းကို တစ်ချက်မျှကုတ်လိုက်ပြီးနောက် ထိုင်ရာမှထကာ တစ်ဖက်တန်းခုံသို့ကူး၍ ထိုင်လိုက်၏။

စပယ်ယာက အံ့ဩနေ၏။ ခင်မေနှင့်တကွ ခရီးသည်များအားလုံးကပါ ထိုသူ၏ ထူးဆန်းသောအမူအရာကို အံ့ဩသလို၊ နား

မလည်သလို ဝိုင်း၍ကြည့်နေကြ၏။ သို့ရာတွင် သူကတော့ ဘာမျှမသိသလို၊ ဂရုပဲမစိုက်သလို သူ့ဘာသာသူ အေးချမ်းစွာ ထိုင်မြဲထိုင်ကာ ငိုင်မြဲငိုင်နေလျက်ပင် ဖြစ်ပါ၏။

သူ့ကို စတွေ့ရပုံကစ၍ ဘယ့်လောက်များ ဝန်လေးပင်ပန်းဖွယ်ရာကောင်းပါသလဲ၊ သူသည် သူဘာလုပ်နေသည်ကိုပင် မသိသောလူတစ်ယောက်နှင့် တူနေပါ၏။ တူနေရုံမျှသာလျှင် မဟုတ်သေး။ သူသည် သူဘာလုပ်၍ ဘယ်သွားနေမှန်းကိုပင် မသိသော လူတစ်ယောက် ဖြစ်နေရှာသည်ကို နောက်တော့မှ ခင်မေက သိလာရပါ၏။

ဘယ်လောက် အဓိပ္ပာယ်မရှိလိုက်သော လူတစ်ယောက်ပါလဲ...။

(၆)

အဓိပ္ပာယ်မရှိသော လူတစ်ယောက်ကို ငိုနေရခြင်းမှ သည်လိုမိခင်မေက တွေ့ခဲ့ရပါ၏။ သူကတော့ ဘာမျှမသိ။ မသိသော သူ့ဘဝမှာ သူသည် သူ့ကိုယ်ကိုပင် မသိ။ ဘယ့်လောက်များ သူသည် တရုတ်ပဟေဠိ ဆန်နေလိုက်ပါသလဲ။ သို့ရာတွင် သူ၏တရုတ်ပဟေဠိ၌ ပကတိရိုးသားသော ကလေးသူငယ်၏ ဖြူစင်ခြင်းကား ရှိပါ၏။

စပယ်ယာက ကစားသည်ထင်၍ ပြုံးလိုက်ပြီးနောက် သူထိုင်နေရာသို့ ထပ်၍လိုက်သွားကာ "ဆရာ ဘယ်ထိလိုက်မှာမို့လဲ ခင်ဗျာ" ဟု ရိုးသားစွာပင် ဆက်လက်၍ မေးနေ၏။

"ဟော... ခု ဒါ ငါက ဘယ်ကိုသွားနေပါလိမ့်မလဲ" သူက ပကတိအေးချမ်းတည်ကြည်စွာပင် ပြန်၍မေးနေလိုက်ပေသည်။ တကယ်ဆိုတော့ သူက စပယ်ယာကိုပဲ မေးနေတာလား၊ သူ့ကိုယ်ကိုယ်ပဲ မေးနေတာများလား။

စပယ်ယာနှင့်တကွ ခရီးသည် သုံးလေးဦးက ခပ်တိုးတိုးပင် ရယ်

မောလိုက်ကြပေသည်။ သူတို့အဖို့ ရယ်မောစရာ ပြောလိုက်ကြသည်ဟု ထင်မှတ်ပုံရ၏။ သည်လိုစပယ်ယာနှင့် ကားထဲမှ ခရီးသည်များက သူ့ကိုကြည့်၍ ရယ်မောနေကြသော်လည်း သူကတော့ သူနှင့်ဘာမျှ မဆိုင်သလို ခပ်တည်တည်မျက်နှာထားနှင့် ခင်မေ့ကို တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီးနောက် ခင်မေ့ဘေးမှ ခေါက်ဆွဲထုပ်နှင့် ပန်းသီးများကို ဆာလောင်မွတ်သိပ်သော မျက်လုံးများဖြင့် အငေးသား ကြည့်နေလေသည်။

သူ့ကိုကြည့်ရသည်မှာလည်း နွမ်းနယ်၍ ဆာလောင်မွတ်သိပ်နေပုံရ၏။

ခင်မေက သူမ၏ဘေးတွင် အိမ်မှ မိခင်အိုကြီးအတွက် ဝယ်လာသော ခေါက်ဆွဲနှင့် ပန်းသီးများကို မွတ်သိပ်တောင့်တသော မျက်လုံးဖြင့် ကြည့်နေသော ထိုသူ့အား အကဲခတ်သလို လှမ်း၍ကြည့်လိုက်မိပြန်၏။ ဘာကြောင့်မှန်းဟူ၍ကား မသိ၊ ထိုသူအား အထူးဆန်းဟူသော စူးစမ်းစိတ်ဖြင့် သိချင်တာထက် ရိုးသားကြင်နာစွာ သိလိုသောစိတ်ဖြင့် နားလည်လိုခြင်းက ပိုမို၍ အစွန်းထွက်နေသည်ကိုလည်း ခင်မေက သိများမှ သိပါလေစ။

ခင်မေက သူ၏မွတ်သိပ်နေသော မျက်လုံးများကို ကြည့်နေရင်း ရင်ထဲမှာ လှုပ်ရှားနေ၏။ သူ့ကို စားစရာအား ငေးမျှော်နေသော ကလေးသူငယ်တစ်ယောက်လို ခင်မေက မြင်နေမိပါ၏။

"ကဲ ဆရာ ကားခကလေး တစ်ဆိတ်လောက်သာ မစပါဦး" စပယ်ယာက ရယ်မောခြင်းကို ရပ်တန့်၍ သူ့အလုပ်ကို သူက စပြန်၏။

သူက မကြား၍လော၊ မကြားချင် ပြုသလောကား မသိ၊ ခေါက်ဆွဲထုပ်နှင့် ပန်းသီးများကိုသာ အငေးသား မျှော်ကြည့်မြဲ ကြည့်နေပါ၏။

"ဆရာ" စပယ်ယာက စိတ်ရှည်လက်ရှည်ပင် ခေါ်ပြန်၏။

သူက ငေးမြဲပင် ငေးလျက်နေ၏။

"ဆရာ" စပယ်ယာက သူ့ပခုံးကိုကိုင်၍လှုပ်ရင်း ခေါ်လိုက်ပြန်ပါ၏။ သည်တော့မှ သူက ရုတ်တရက် လန့်ဖျပ်သွားကာ သတိရလာသလို စပယ်ယာဘက်သို့ လှည့်၍ကြည့်လေသည်။

"ကားခဆရာ" စပယ်ယာက ကားခကို တောင်းသည်။

"ကျုပ်မှာ ကားခပေးဖို့မပြောနဲ့ဗျာ၊ ထမင်းမစားရတာဘဲ တော်တော်ကြာနေပါပြီ" သူက ပကတိတည်ကြည်စွာပဲ အေးအေးချမ်းချမ်း ပြန်ပြောလိုက်လေသည်။

သည်တော့မှ စပယ်ယာက မျက်လုံးပြူးကာ နောက်တွန့်၍ သွားလေသည်။ ထိုအခိုက် ကားစက်ခန်းမှ ဒရိုင်ဘာက နောက်ဘက်သို့လှည့်၍ကြည့်ကာ "ဟေ့ ခွေးပု၊ ဘာဖြစ်တာလဲကွ" ဟု ခပ်မာမာတည်တည်ပင် ပြန်၍မေးလိုက်၏။

ခွေးပုအမည်ခံ စပယ်ယာက သူ့ဆရာ ဒရိုင်ဘာကို တစ်ချက်လှမ်း၍ ကြည့်လိုက်ပြီးနောက် "ကားခပေးစရာ မရှိလို့တဲ့ ဆရာ" ဟု ပြန်၍ လှမ်းပြောလိုက်၏။

"မင်းက မင်းအမေလင်မို့လို့လား...၊ ကားခပေးစရာမရှိဘူးဆိုတာကို ဒီလိုကြည့်နေရတာ၊ ရအောင်တောင်းပါလားကွ" ဒရိုင်ဘာက နောက်သို့ပင် လှည့်၍မကြည့်ဘဲ ကားကို အရှိန်မပျက်မောင်းရင်း ဘုခပ်ကျကျ ပြောလိုက်သည်။

ထိုသူက မည်သို့မျှ ထူးခြားခြင်းမရှိသလို သူ့ဘာသာသူ ဣန္ဒြေမပျက် ခပ်အေးအေးပင် ထိုင်နေလေသည်။

"ကားခပေးပါဗျ" စပယ်ယာက မရဲတရဲနှင့် ထပ်၍တောင်းပြန်၏။ ဟုတ်ပေသည်၊ စပယ်ယာမှာ ဆယ့်ခြောက်နှစ်သာသာ လူရွယ်ကလေးဖြစ်၍ ထိုသူမှာ အနည်းဆုံး ခန့်မှန်းရမည်ဖြစ်ပါက အသက် ၃၀ ထက်

ငယ်မည်ကား မဟုတ်ပေ။

ထိုသူကို စပယ်ယာက နောက်ထပ်၍ ကားခတောင်းနေခြင်းအား လုံးဝဂရုမစိုက်တော့သကဲ့သို့ ကားနောက်မြီးတံခါးပေါက်မှ အပြင်ဘက်သို့ လှမ်းမျှော်၍ အေးချမ်းစွာ ကြည့်နေလိုက်၏။

"ဘာတဲ့လဲ ဟော့ ခွေးပု" ဟု ဒရိုင်ဘာက မပြီးပြတ်သေးသော ကိစ္စကို နောက်သို့လှည့်၍ကြည့်ရင်း မေးလိုက်ပြန်၏။

"ဘာမှလည်း ပြန်မပြောဘူး ဆရာ" စပယ်ယာက ဒါပဲ ပြန်ပြောလိုက်သည်။

"မင်း အလကားကောင် ဘာမှအသုံးမကျဘူး" ဟု ကြိမ်းမောင်း၍ အော်ပြောကာ ကားကို ဘရိတ်အုပ်၍ ရပ်လိုက်ပြီးနောက် ဂီယာကို လွှတ်ကာ ကားစက်ခန်းထဲမှဆင်း၍ ခရီးသည်များဘက်သို့ ဒေါနှင့်မောနှင့် ထွက်လာခဲ့လေသည်။

ခင်မေက ရင်ထဲမှ တထိတ်ထိတ်နှင့် စိုးရိမ်စွာ ကြည့်နေလေသည်။ ပါးစပ်ထဲက တစ်ခုခုကိုတော့ ထိုသူအတွက် ပြောထုတ်လိုက်ချင်သည်။ သို့ရာတွင် ပါးစပ်မှ ဘာမျှတော့ မထွက်လာ။

ဒရိုင်ဘာမှာ ကုလားစပ် ခပ်မိုက်မိုက်ရိုက်မျိုးနှင့် ဖြစ်လေသည်။ စက်ခန်းထဲမှ ထွက်ကာ ဒရိုင်ဘာသည် စပယ်ယာကို ဘေးသို့ ပွန်းထုတ်လိုက်ပြီးလျှင် ထိုသူ၏ရှေ့တွင် ခပ်မတ်မတ်ရပ်လိုက်၏။ သည်အထိလည်း ထိုသူသည် ဘာမျှမဖြစ်သလို မသိသလို အပြင်ဘက်သို့သာ ငေးကြည့်နေတုန်းပင် ဖြစ်လေသည်။

"ဒီမယ် ကိုယ့်ဆရာ" ဒရိုင်ဘာက ခပ်ဆတ်ဆတ်ပင် ခေါ်လိုက်၏။ သည်တော့မှပင် ထိုသူက အသက်ဝင်သလို လှုပ်ရှားကာ သူ့အား ရန်သူငြိုးဘက်သဖွယ် စားတော့ဝါးတော့မည့် ဂိုက်နှင့်ကြည့်နေသော ဒရိုင်ဘာကို ဘာမျှနားမလည်သလို အမူအရာမျိုးဖြင့် ရိုးသားစွာပင်

မော့၍ကြည့်နေ၏။

"ကားနဲ့ခါတ်ဆီဟာ အလကားရတဲ့ ပစ္စည်းမဟုတ်ဘူး မိတ်ဆွေ၊ ကားခကလေးသာ ထုတ်စမ်းပါ"

ဒရိုင်ဘာက ထိုမိုးရေစိုနေသော လူထံမှ ကားခကို တောင်းနေ၏။

"ခင်ဗျာ" ထိုသူက ကောင်းကောင်းနားမလည်လိုက်သလိုပင် မေးနေပြန်ပါ၏။

"ဒီမယ် ကိုယ့်လူ ဒါ နောက်နေစရာ အချိန်မဟုတ်ဘူး။ ခင်ဗျား ကို ကောင်းကောင်းမွန်မွန်နဲ့ ကားခတောင်းနေတာကို အေးအေးထုတ်ပေး ပါ" ဒရိုင်ဘာက ထိုသူအား ပခုံးကိုဆွဲ၍ခါရင်း ခပ်မာမာဆတ်ဆတ်ပင် ပြောလိုက်၏။

သူက အသာအယာ ပြုံး၍ ခေါင်းကို ညိတ်လိုက်သည်။ သူ့အား ခုလို ပခုံးကိုဆွဲလှုပ်၍ ဒေါသနဲ့ ကားခတောင်းသော ဒရိုင်ဘာ၏ ဖြစ်နေ ပုံကို သဘောကျပုံပင် ထင်ရ၏။

"ထမင်းငတ်ပြီး မိုးရွှဲနေတဲ့ လမ်းပေါ်က လူတစ်ယောက်ဆီက ခုလို ခင်ဗျားက ကားခကို ဒေါသနှင့် တောင်းနေတော့ ကျုပ်က ဘာများ ပြန်ပြောရမလဲဆိုတာကို စဉ်းစားလို့လည်း မရပါဘူးဗျာ" သူက ပကတိ အေးချမ်းလှသော အမူအရာနှင့် အေးအေးဆေးဆေးပဲ ပြန်ပြော၍ ကား နောက်ခန်းတံခါးမှ အပြင်ဘက်သို့ လှမ်းမျှော်၍ ကြည့်နေလိုက်ပါ၏။ ဘယ်လောက်များ သူက တာဝန်ကင်းမဲ့နေသော သူတစ်ယောက်ပါလဲ။

ခင်မေက ထိုသူနှင့် ဒရိုင်ဘာတို့ မဟားတရား ဖြစ်နေပုံကို စိတ် မချမ်းမသာနှင့် ကြည့်ရင်း ရင်ထဲက တထိတ်ထိတ် ဖြစ်နေမိသည်။ ထိုသူ၏ ပကတိအေးစက်လှသော အမူအရာ အပြောအဆိုများကို ကြည့် ရင်း ထိုသူ၏အပေါ်ဝယ် သူမကိုယ်တိုင် သိနားမလည်သော အားမလို အားမရဖြစ်ခြင်းမျိုး ဖြစ်နေမိပါသည်။

"ဒီမယ် ကိုယ့်လူ" ဒရိုင်ဘာက ထိုသူ၏ပခုံးကို ကိုင်လှုပ်၍ ခေါ်နေပြန်ပါ၏။

သူက ဒရိုင်ဘာကို တစ်ချက်မျှသာ မော်၍ကြည့်ပြီးနောက် နားငြီးလာသကဲ့သို့ ထိုင်နေရာမှ အသာအယာထကာ ကားပေါ်မှ ဆင်းသွားတော့မည့်ဟန်ဖြင့် ထွက်၍အသွား ဒရိုင်ဘာက သူ၏ကုပ်မှ အင်္ကျီစကို ဖမ်း၍ဆွဲကာ ဆောင့်လိုက်သဖြင့် သူသည် အင်အားချည့်နဲ့နေသူတစ်ယောက်မျှသာ ဖြစ်လေရကား ဒယိမ်းဒယိုင်နှင့် လဲကျသွားလေသည်။

"ဒီလိုနဲ့ ဘာရမလဲ ငါ့လူ" ဒရိုင်ဘာက သူ့အား တုပ်ပြီးနှောင်ပြီးသော အမဲတစ်ကောင်လို မုဆိုးကြိမ်းကြိမ်းကာ ကြည့်နေ၏။

သည်အထိ သည့်အပြင်လူများက ပါးစပ်အဟောင်းသားနှင့် ဘာသိဘာသာ ငေး၍ကြည့်နေနိုင်ကြသော်လည်း ခင်မေကတော့ ကြည့်၍ မနေနိုင်တော့။ သည်လိုမြင်ရခြင်းအတွက် အခံရခက်၍ အနေရဆိုးလာသည်။

"ဒီမယ် ကားမောင်းတဲ့ဆရာကြီး" ခင်မေက လူမိုက်ဂိုက်နှင့် ခေါင်းမှ ဖိုးရိုးဖားရားဖြစ်နေသော ဆံပင်များကို သပ်ချနေသော ဒရိုင်ဘာကို အရဲစွန့်၍ ခေါ်လိုက်သည်။

ဒရိုင်ဘာက ခင်မေ့ကို လှည့်၍ကြည့်လေသည်။

"ကားခမပါလာတဲ့ လူတစ်ယောက်ဆီက ဒီအထိ တောင်းမနေပါနဲ့ရှင်၊ ကျွန်မကပဲ ပေးပါရစေ"

ခင်မေက သူမ၏ ကုတ်ကတ်ထားသော အကြွေကလေးမှ အကြွေတစ်မတ်ကိုထုတ်ယူ၍ ဒရိုင်ဘာအား လှမ်းပေးနေ၏။

ဒရိုင်ဘာက မယူချင်သေးသကဲ့သို့ ခင်မေ့ကို တစ်ချက်မျှကြည့်ပြီးနောက် လဲနေသော ထိုသူအား လှမ်း၍ကြည့်ပြန်၏။ ထိုသူကတော့ လဲရာမှ မထသေးဘဲ သူ့အတွက် ကာကွယ်နေသော ခင်မေ့ကို လှမ်းမျှော်

၍ အငေးသားကြည့်နေရှာသည်။

“ကားခယူလေ ဆရာကြီး” မိမိကပေးသော ကားခကို မယူသေးဘဲနှင့် တစ်ဖက်သားကိုသာ မဲနေသော ဒရိုင်ဘာအား ခင်မေက ကားခကို လှမ်း၍သာ ပေးနေသည်။

ဒရိုင်ဘာက ခင်မေ့ကို လှည့်၍ကြည့်သည်။ လှမ်း၍ပေးနေသော ပိုက်ဆံကိုတော့ မယူသေး။

ထိုအခိုက် လဲနေသောလူက အသာအယာထ၍ ခုံတန်းပေါ်မှာ ဘာမှမဖြစ်သလို အေးချမ်းစွာ ဝင်၍ထိုင်လေသည်။

“ကားခယူလေ ဆရာကြီး” ခင်မေက ကားခပေးနေသည်ကိုပင် ဂရုမစိုက်နိုင်သေးသကဲ့သို့ ဒရိုင်ဘာက အခံ့သားထိုင်နေသော ထိုသူကိုပင် မဲ၍ လှည့်ကြည့်နေပြန်၏။

ခင်မေက ကြားမှခက်နေ၏။ ရင်ထဲမှာလည်း တထိတ်ထိတ်နှင့် ခုန်၍နေ၏။ တစ်ကားလုံးတွင် မိမိတစ်ယောက်သာလျှင် မိန်းမသား။ ညကလည်းမှောင်လှ၍ နေရာကလည်း လူပြတ်လှသည်။

“နောက်ကို ကားစီးချင်ရင် ကိုယ့်အိတ်ထောင်ထဲမှာ ပိုက်ဆံပါတယ်၊ မပါဘူးဆိုတာကိုလည်း စဉ်းစားပြီးမှ စီးပါမိတ်ဆွေ” ဒရိုင်ဘာက မကျေနိုင် မချမ်းနိုင်သေးသကဲ့သို့ ထပ်မံ၍ပင် ထိုသူအား စေ့စေ့ကြည့်ကာ ကြိမ်းဝါးလိုက်နေပြန်ပါ၏။

ခက်ချေပြီ၊ ကားခကို ပေးနေခါမှပင် ဘောက်မဲ့ကြောင့် ကားခကို ရလိုမှုတစ်ခုဖြင့်သာ ကားမောင်းနေရသော ဒရိုင်ဘာက ဆက်လက်၍ ကြိမ်းမောင်းနေရပါလိမ့်မလဲဘဲ...

“ကားခယူပါဦး ဆရာကြီးရယ်၊ ကားခယူပါဦး” ကြားမှကားခကို ဝင်၍ပေးနေရသူ မိန်းမသားကပင် တောင်းတောင်းပန်ပန်နှင့် ပြောနေရပြန်သည်။ သည်အထိလည်း ဒရိုင်ဘာက ကားခပေးနေသူထံမှ ကားခ

ကို မယူသေးဘဲ ထိုသူကိုသာ မဲနေလိုက်ပြန်ပါသေး၏။

"ဒီအပေါက်မျိုး နောက်ကို မသုံးပါနဲ့ ကိုယ့်လူ၊ ဒါနောက်ဆုံး သတိပေးခြင်းပဲ" ဟု ဒရိုင်ဘာက အေးချမ်းစွာထိုင်နေတော့သော ထိုသူ၏ပခုံးကို ကိုင်၍လှုပ်ရင်း ပြောလိုက်သောအခါ ထိုသူက သူ့ပခုံးကို လှမ်း၍ကိုင်သော ထိုသူ၏လက်ကို အသာအယာ ဖယ်လိုက်ကာ

"ဒါလောက် ပြောရလုပ်ရရင် တော်ရောပေါ့ မိတ်ဆွေ၊ ကိုယ့်ကိုယ်ကိုယ်မှ ဘာမှန်းမသိအောင် ဖြစ်နေရတဲ့ လူတစ်ယောက်ကို ဒီထက်အခွင့်အရေးမယူချင်ပါနဲ့တော့ဗျာ၊ ကျုပ်ဟာ ခင်ဗျားတို့လို အချိန်အနည်းဆုံးနဲ့ အလုပ်အများဆုံးကို လုလုပ်နေကြရရှာတဲ့ မော်တော်ကား ဒရိုင်ဘာတွေကို ကိုယ်ချင်းစာနာတတ်ပါတယ်။ ခင်ဗျားတို့စိတ်တိုတာ၊ နှုတ်ကြမ်းတာကို ကျုပ် ဘယ်တော့မှ အပြစ်မတင်ပါဘူး" ဒါပဲ ထိုသူက ခံ့ခံ့ညားညားပင် ပြန်ပြောလိုက်၏။ သူ့စကားကို ကြားလိုက်ရသော ကားပေါ်မှ ခရီးသည်များကပါ အံ့အားသင့်နေကြသည်။

ဟုတ်သည်၊ ဒရိုင်ဘာကပင် မျက်လုံးပြူးသွားကာ ပါးစပ်ပင် ပြဲသွား၏။

"အခန့်မသင့်တဲ့အခါ ဒီလိုဖြစ်တတ်တာပဲ မိတ်ဆွေ၊ ကျုပ်အတွက်နဲ့ ကားပေါ်က တခြားခရီးသည်တွေကို အနှောင့်အယှက်ပေးသလို ဖြစ်နေရတဲ့အတွက်လည်း ကျုပ်က အားနာတာပဲ"

ဒရိုင်ဘာသည် ကားခကို ခင်မေ့ထံမှယူကာ လှည့်ဆင်းသွားပြီးနောက် ကားကို ဆက်လက်၍ မောင်းနှင်ခဲ့လေသည်။

တစ်လမ်းလုံးတွင် ငြိမ်သက်စွာ လိုက်ပါ၍လာကြရာမှ ခင်မေက ထိုသူ့အား မကြာခဏပင် လှမ်း၍လှမ်း၍ ကြည့်မိသည်။ ထိုသူ့ကို ထိုသို့လှမ်း၍ ကြည့်လိုက်မိသော အခါတိုင်း၊ အခါတိုင်း ခင်မေ၏စိတ်ထဲတွင် မဖြစ်စဖူး ထူးခြားသော လှုပ်ရှားခြင်းတစ်မျိုးသည် ဖြစ်ပေါ်၍

သွားသည်ဟု ထင်ရပါ၏။ ထိုသူအား ဤညမှသာ တွေ့ဖူးမြင်ဖူးသော လူတစ်ယောက်ဖြစ်သည်။ သူ့ကို တွေ့မြင်ရသောအခါ၌ ထမင်းမစားရသည့်အထဲ မိုးရေက စိုနေလိုက်တာ၊ ကားခပင် ပေးစရာမရှိသော ဘဝအခြေအနေမျိုးနှင့် ဖြစ်ပါ၏။

သည်အထဲက သူသည် သူရောက်ရှိနေရသော ဘဝကို ရေရေလည်လည် မသိသလို အသက်ရှင်နေပုံရပါ၏။ သူ့ကိုယ်ကိုလည်း ဘာမှန်းမသိအောင် ဖြစ်နေရသော လူတစ်ယောက်ဟု ဆိုထားလိုက်ပြန်သေးတော့သည်။ ဘယ်လောက်များ လျှို့ဝှက်ဆန်းကြယ်လှသော ထိုသူတစ်ယောက်ပါလိမ့်မလဲ။

ခင်မေက ထိုသူ့အား မကြာခဏ လှမ်း၍ကြည့်မိ၏။ သူကတော့ ဘာမျှ အပူပင်အကြောင့်ကြ မရှိသလို ကားနောက်ခန်းတံခါးပေါက်မှ အပြင်ဘက်သို့ လှမ်းမျှော်၍သာ ကြည့်နေ၏။ သူ့အတွက် ကားခကို သက်ညှာစွာ ထုတ်ပေးခဲ့ရှာသော မိန်းမသား ခင်မေကိုပင် သူက အရေးတယူ ဂရုတစိုက် လှည့်၍များပင် မကြည့်၊ ကျေးဇူးတင်ရကောင်းမှန်းပင် ပြောရကောင်းမှန်းပင် သူက မသိရှာသလား၊ သူ့ကိုကြည့်ရသည်မှာ မြေကြီးပေါ်က လူတစ်ယောက်နှင့်လည်းမတူ။ မိုးမြင့်ဘုံကလည်း သူသည် မဟုတ်။ မြေကြီးနှင့်လွတ်၍ ကောင်းကင်သို့မရောက်နိုင်ဘဲ ကြားမှလူတစ်ယောက်နှင့် တူနေပါ၏။

ကားသည် ကံဘဲ့ကားဂိတ်တွင် ထိုး၍ ရပ်လိုက်သောအခါ တော်တော်ပင် မှောင်၍နေ၏။ ကားပေါ်မှ ခရီးသည်များ အသီးသီး ဆင်းသွားပြီးသည့်နောက်၌ပင် ထိုသူသည် သူထိုင်နေသောနေရာမှ မထသေးဘဲ တစ်စုံတစ်ရာကို စဉ်းစားနေပုံရ၏။

ခင်မေက ထိုသူ့အပေါ် သံယောဇဉ်ငြိကာ ခပ်လှမ်းလှမ်းက သစ်ပင်ရိပ်မှရပ်၍ ကြည့်နေမိသည်။ တစ်ခါမှလည်းမမြင်ဖူး၊ မသိဖူး

သော ထိုသူတစ်ယောက်ကို အဘယ့်ကြောင့်များ သည်အထိ သံယောဇဉ်ကြီးနေရသလဲ ဆိုသည်ကို ခင်မေကတော့ မစဉ်းစားမိ။

"ကံဘဲ့ရောက်ပြီ ကိုယ့်ဆရာ ဆင်းတော့လေ" ဒရိုင်ဘာက ထိုသူ့အား လှမ်း၍ ပြောလိုက်ခါမှ ထိုသူသည် အသက်ဝင်လာသကဲ့သို့ လှုပ်ရှားလာကာ ဟိုဟိုဒီဒီ ကြည့်လေသည်။

"ဒါကံဘဲ့လား... ဩော်... အင်း..." ဒါပဲ သူ့ပါးစပ်ကပြောကာ ကားပေါ်မှ ဟိုကြည့်သည်ကြည့်နှင့် ဆင်းလာသောအခါ ဒရိုင်ဘာနှင့် စပယ်ယာတို့က နောက်မှရယ်မော၍ ကျန်ရစ်ခဲ့ကြလေသည်။

သူသည် ကားပေါ်မှဆင်းလာပြီးနောက် ဘယ်ကဘယ်ကို သွားရမည်ကို မသိသလို ယောင်ချာချာနှင့် ဟိုကြည့်သည်ကြည့် လုပ်နေသည်။ ခင်မေက သူ့ကို သစ်ပင်မှောင်ရိပ်မှ ကြီးမားလှသော သံယောဇဉ်ဖြင့် အငေးသားပင် ကြည့်နေမိပါ၏။ သို့ရာတွင် သူကတော့ မမြင်။

သူသည် ခေါင်းကိုကုတ်၍ ဖွလိုက်ပြီးနောက် ခင်မေက ရပ်စောင့်၍ ကြည့်နေသော သစ်ပင်မှောင်ရိပ်ဆီသို့ ခပ်မှန်မှန်ပင် လျှောက်လာသည်။ အနီးသို့ရောက်ခါမှ ခင်မေ့ကို သူကမြင်သဖြင့် ရပ်လိုက်၏။

"ဒါ ကံဘဲ့ရွာလား ညီမလေး..." သူက ဒါပဲမေးနေပြန်၏။

"အစ်ကိုကြီးက ဘယ်ကိုသွားချင်လို့လဲ" ခင်မေက အိမ်မှစောင့်မျှော်၍ နေရှာမည့် မိခင်ကြီးအားပင် မေ့လျော့ကာ ထိုသူ့အား ဂရုတစိုက် အချိန်ကုန်ခံ၍ မေးနေမိသည်။

"ကျုပ် ဘယ်ကလာလို့ ဘယ်ကိုသွားနေတယ် ဆိုတာကိုပဲ စဉ်းစားလို့မရနိုင်တာနဲ့ လမ်းမှာ မိုးမိလို့ ကားပေါ်တက်လိုက်လာခဲ့တာပဲ။ ခု ဒါက ကံဘဲ့ရွာတဲ့လား" သူက ဘာတွေလျှောက်ပြော၍ မေးနေလိုက်ပါသလဲ၊ ဘယ်ကလာ၍ ဘယ်ကိုသွားနေမှန်းမသိ။ သူက ဘာတွေမေး၍ ဘာတွေပြောနေသည် ဆိုတာကိုရော သိများမှ သိပါလေစ။

ရော… သည်တစ်ခါ မိခင်မေအဖို့ ခက်ရပြန်ပကော၊ စောစောက ကားခစိုက်၍ ပေးခဲ့ရရုံနှင့် မပြီးသေးဘဲ နောက်ထပ် ဘာခများ စိုက်ပေးရပါဦးမည်လဲ။

ခင်မေက ဘာပြော၍ ဘာဆိုရမည်ကို မသိနိုင်တော့၊ မစဉ်းစားနိုင်တော့လောက်အောင် အံ့သြခြင်းမျိုးဖြင့် သူ့ကို အငေးသား ကြည့်နေပါ၏။

သူက အမေးကို မဖြေသဖြင့် နောက်ထပ်၍ မမေးတော့ဘဲ သွားချင်ရာသို့ ထွက်သွားတော့မည် ပြုနေသောကြောင့် ခင်မေက ထိတ်လန့်တကြားနှင့် စိုးရိမ်ခြင်းကြီးစွာဖြင့်…

"အစ်ကိုကြီးက ဘယ်သွားဦးမလို့လဲ" ဟု ပျာပျာသလဲ မေးလိုက်မိပေသည်။

သူကတော့ များစွာ မလှုပ်ရှားလှ၊ အေးအေးဆေးဆေးပင် ဖြစ်သည်။

"မပြောတတ်သေးပါဘူး ညီမလေးရယ်" တဲ့။ ဒါပဲ သူကပြောလေ၏။

စ၍တွေ့လျှင် တွေ့ရချင်းကပင် ဘယ်လောက်များ လျှို့ဝှက်ဆန်းကြယ်၍ အဓိပ္ပာယ်အသိရခက်လှသော လူတစ်ယောက်ပါလဲ၊ သူသည် သူဘယ်ကလာ၍ ဘယ်ကိုသွားနေသည်ကို မသိ၊ ဘယ်ကိုရောက်၍ ဘယ်ကိုသွားဦးမည်ဆိုသည်ကိုလည်း မသိ၊ အို ဘာမျှပင် သူသည် မသိ။

သူသည် မသိသောကာလ၌ သူ့နာမည်ကိုပင် မသိနိုင်အောင် အစပျောက်နေသူတစ်ယောက် ဖြစ်ပါ၏။ သူသည် ခင်မေနှင့် တွေ့ရသော ညမတိုင်မီက အတိတ်မရှိ၊ ခင်မေနှင့် တွေ့ရသောညကပင် သူသည် မွေးဖွား၍ လာရသူတစ်ယောက် ဖြစ်ပါ၏။

သူ့ကို အတိတ်အကြောင်း ဘာတစ်ခုမျှ မေး၍မရ။ သူသည် အိပ်မက်မက်နေသော လူတစ်ယောက်လို စကားပြောနေ၏။ အတိတ်အကြောင်းကို မေးမြန်းသောအခါတိုင်း သူ၏မျက်နှာသည် ညှိုးငယ်၍ သွားတတ်ပေသည်။ သူသည် မပြောချင်၍လော၊ မပြောရဲ၍လော သို့မဟုတ် သူ့အတိတ်ကို သူကမသိတော့၍လော ဆိုသည်ကို အဘယ်သို့ ဆုံးဖြတ်ရပါမည်လဲ။

သည်လို ကံဆိုးမိုးမှောင်ကျနေသော ညကြီးမျက်မည်းထဲမှာ ငယ်ရွယ်နုနယ်သော မိန်းမသားခင်မေက မျက်မမြင် ဒုက္ခိတ အမေအိုကြီးနှင့် အနိုင်နိုင် လျှောက်သွားနေရစဉ် ပျောက်ဆုံးနေသော အတိတ်နှင့် မရေရာသော ပစ္စုပ္ပန်ထဲမှ သူ့ကို တွေ့လာရပါ၏။ ခေါ်လာခဲ့ရပါ၏။

ဘယ်ကလာ၍ ဘယ်ကိုသွားနေမှန်း မသိသောသူက သူ့အား မွတ်သိပ်၍ ချမ်းအေးနေသော လောလောဆယ်ဘဝမှ နွေးထွေးသန့်ပြန့်သော တစ်နေရာသို့ ကြင်နာသက်ညှာစွာ ခေါ်ဆောင်သွားနေသော ခင်မေ၏ ခေါ်ဆောင်ရာသို့ သားငယ်က မိခင်၏နောက်သို့ လိုက်ပါတတ်သလို လိုက်ပါသွားခဲ့ပါ၏။

ဒုက္ခိတအမယ်ကြီးအိုကလည်း သူ့သမီးလုပ်သမျှကို ဘာမျှမပြော၊ သူ့သမီးခေါ်လာသော သူ့သမီး၏အစ်ကိုကြီးဆိုသူအား "သား၊ သား" နှင့်ပင် ချစ်များချစ်နေလိုက်သေးတော့၏။

ယခင်က သူတို့သားအမိလောကမှာ သည်မျက်နှာငယ် မုဆိုးမသားအမိ နှစ်ယောက်သာရှိပါ၏။ ယခု သူရောက်လာသောအခါ သုံးယောက် ဖြစ်လာသည်။

အစက ခင်မေမှာ အမေ့အတွက်သာ ပူပန်ရ၏။ အမေ့အတွက်သာ ရှာကြံရပါ၏။ ယခုတော့မူ အမေ့အတွက်ရော အစ်ကိုကြီးအတွက်ပါ ပူပန်လာရ၏။ ရှာကြံလာရ၏။

ဘယ်လောက်များ အရွယ်နှင့်မလိုက်အောင် တာဝန်ကြီးလိုက်သော မိခင်မေပါလဲ...

စ၍တွေ့ရပါသည်ဆိုသော အချိန်မှစ၍ ခင်မေ့မှာ သူ့အတွက် တာဝန်ပိုခဲ့ရပါ၏။ ဒုက္ခပိုခဲ့ရပါ၏။ အို... ငိုများလည်း ငိုခဲ့ရပါသေးတော့သည်။ မိခင်မေလေး။

* * *

**အစရဲ့အလယ်တုန်းကတော့**

(၁)

သူ့ကို ခင်မေက သည်လိုတွေ့ခဲ့ရကာ မျက်လုံးသူငယ်နှင့် ဘယ်မှ မသွားတတ် မလာတတ် ဖြစ်နေရသော ဘဝအခြေမျိုးမှ အိမ်သို့ ခေါ်လာခဲ့ပါ၏။ မိုးရေရွှဲရွှဲစို၍ ခိုက်ခိုက်တုန်ချမ်းနေသော သူ့ကို ယခင် သူ့အဖေ၏ အဝတ်ဟောင်း အစားဟောင်းကလေးအချို့ကို လွှမ်းရင်ကြည့်ရအောင် သိမ်းထားသော သေတ္တာထဲမှ ထုတ်ယူကာ လဲပေးခဲ့ရ၏။ ထိုသို့ထုတ်ပေးသောအခါ သူက ပထမသော် ခပ်အမ်းအမ်းလုပ်ပြီးခါမှ ယူ၍ဝတ်လေသည်။

သူ့ကို အိမ်သို့ခေါ်လာပြီးသည့်နောက် ဆယ့်လေးငါးရက်မျှ ကြာလာသောအခါ သူသည် အိမ်သားတစ်ယောက်လို နေတတ်ထိုင်တတ်ရှိလာပါ၏။ ခင်မေကိုလည်း အစစအရာရာ ဝင်ရောက်ကူညီဖော် ပြုလာပါ၏။ အစက ခင်မေက အေးအေးနေဖို့ အတန်တန်ပြောသော်လည်း သူက မနေတတ်ဘဲ ဟိုဟာလုပ်ပေး၊ သည်ဟာလုပ်ပေးနှင့် နောက်ဆုံး ထင်းခွဲရေဆွဲပေးဖော်များပင် လုပ်လာ၏။ ခင်မေက တားသော်လည်း မရ၊ သူက အလိုက်သိစွာ လုပ်ကိုင်တတ်၏။ ခင်မေရဲ့ မျက်မမြင်မိခင်အိုကြီးကပင် နားမှကြားနေရသဖြင့် "ဟဲ့ မောင်ရင် မင်းကိုယ်တိုင် ဆန်ဆေး

နေသလား၊ နေပါစေ၊ မင်းနမ လုပ်ပါလိမ့်မယ်ကွယ်" ဟူ၍ ဝင်ပြောလာရ၏။

ဆယ့်ငါးရက် အရက်နှစ်ဆယ်မှ တစ်လကျော်လာသောအခါ၌ကား သူသည် ငယ်စဉ်တောင်ကျေးကပင် အတူတကွ နေလာကြရသော အိမ်သားတစ်ယောက်ပမာ ဖြစ်လာတော့၏။ ခင်မေ ရုံးမသွားမီ ထမင်းဟင်း ဝင်ကူ၍ ချက်ပေးလိုက်ပြီးနောက် ခင်မေ ညနေရုံးမှ မပြန်လာမီ သူက ထမင်းတစ်လုံးကို ချက်ထားပြီးဖြစ်လေသည်။ နေ့ခင်းနေ့လယ်များတွင် အဘွားကြီးခိုင်းစရာရှိတာကို မခိုင်းမီ သူက တင်ကြို၍ လုပ်ကိုင်ထားပေးရကား အဘွားကြီးကပါ သူ့ကို သံယောဇဉ်ဖြစ်ကာ ခင်မင်သည်ထက် ခင်မင်၍ လာနေတော့၏။

ဤကဲ့သို့ ကြာမြင့်စွာ နေလာခဲ့ကြရပြီးသည့် နောက်၌ သူ၏ ထူးဆန်း၍ လျှို့ဝှက်နိုင်လှသော ဇာတိ နေရပ် မျိုးရိုးနှင့် အလုပ်အကိုင်စသော အကြောင်းများကို ဘာတစ်ခုမျှ မေး၍မြန်း၍ မရခဲ့ခြင်းကား၊ တစ်ခါတစ်ခါ တစ်ယောက်တည်း စဉ်းစားမိရင်း ခင်မေက အံ့ဩ၍ မဆုံးနိုင်အောင်ပင် ဖြစ်နေရပါ၏။ သူသည် သူ၏ဇာတိနှင့် အလုပ်ကိုင် အမည်နေရပ်တို့ကို တမင်ပင်ဖုံးကွယ်၍ ဝှက်ထားသူလား။ ထိုသို့ဖုံးဝှက်ထားသူဖြစ်ကလည်း အဘယ်ကဲ့သို့သော အကြောင်းများကြောင့် ဤမျှ ဖုံးရ ဝှက်ရခြင်းပါလဲ။ အကယ်၍ မင်းပြစ် မင်းဒဏ်သင့်သော ကြီးလေးလှသည့် ရာဇဝတ်ပြစ်မှုကြီး တစ်ခုခုကို ကျူးလွန်ခဲ့သော ကိစ္စမျိုး ဖြစ်ပါကလည်း၊ သူသည် ဤမျှရဲတင်းစွာ လူသူများအကြားမှာ ဖုံးဝှက်ဟန်ဆောင်၍ နေနိုင်တော့မည့်သူ မဟုတ်။ သည်လိုတွေးမိရင်း ခင်မေက သူ့အတွက် ပူပန်မိပါ၏။ မဖြစ်ပါစေနှင့်ဟုလည်း ဆုတောင်းမိပါ၏။

တကယ်ဆိုတော့ သူသည် ထူးဆန်းနေသော လူတစ်ယောက်ဖြစ်ပါ၏။ ဘယ်လိုမှ အနက်အဓိပ္ပာယ် ဖွင့်မရအောင် သူ့ကိုယ်သူ

ဖုံးဝှက်ထားနိုင်သူတစ်ယောက် ဖြစ်နေပါ၏။ ထူးခြားနေပါ၏။ ထူးဆန်း၍လည်း နေပါ၏။

ဟုတ်သည်၊ ထူးဆန်းနေသူပီပီ သူ့ကို ဂရုစိုက်ကြည့်သောအခါ သူသည် သူ့ဘာသာသူတစ်ယောက်တည်း အနှောင့်အယှက်ကင်းစွာ အေးအေးဆေးဆေး နေရခြင်းကို အလိုရှိပုံ စုံမက်မြတ်နိုးပုံ ရပါ၏။ ထိုသို့ သူ့ဘာသာသူ တစ်ယောက်တည်း နေသောအခါများ၌လည်း သူသည် တစ်စုံတစ်ရာကို မကျေမချမ်း၊ နက်နက်နဲနဲ စဉ်းစားတွေးတော နေပုံပင် ထင်ရပါ၏။ သည်လို နက်နက်နဲနဲ စဉ်းစားရင်း သူက တစ်ခါ တစ်ခါ တောက်ခေါက်၍ အံများကိုလည်း ကြိတ်တတ်၏။ နောက် ခေါင်းကိုကုတ်၍ ဖွလိုက်ကာ လက်လျှော့သလို၊ စိတ်ညစ်သလို သက်ပြင်းကို ရှည်လျားစွာ ချနေလိုက်ပါ၏။ တစ်ယောက်တည်း ခက်နေလိုက်သော လူပါ။

တကယ်ဆိုတော့ သူ၏ အတိတ်ကာလကိုများ မကျေမချမ်းနှင့် ဒေါသထွက်နေသူတစ်ယောက်များလော မပြောနိုင်ပါ။ ဘေးမှကြည့်ရှု အကဲခတ်နေရသော ခင်မေ့အဖို့ကား မပြောနိုင်ပါ။ သို့မဟုတ် သူသည် သူ့ကိုယ်ကိုပင် ဘာဖြစ်နေမှန်းမသိ ဖြစ်နေရခြင်းကိုပင် သူ့ဘာသာသူ နားမလည်နိုင်တိုင်း ဒေါသထွက်နေခြင်းများပဲလော ဆိုသည်ကို ဘေးမှ သာ ဝေဖန်အကဲခတ် ကြည့်ရှုနေရသူ တစ်ယောက်အတွက် ဝေခွဲဆုံးဖြတ်ရန် ခက်ခဲလှ၏။

သို့ရာတွင် အလုပ်အကိုင်များ ပြီးစီး၍သွားသောအခါများ၌ အိမ့် နောက်ဖေးဘက်ရှိ ခြံထဲ၏ ချောင်ခပ်ကျကျ တစ်နေရာမှာ သူ့ဘာသာ တစ်ယောက်တည်း အေးချမ်းစွာ သွားရောက်ထိုင်နေလေ့ရှိတတ်ကာ ငြိမ်သက်စွာ တွေးတောငေးမော၍ နေလေ့ရှိပါ၏။

ကံဘဲ့ရွာသို့ သူရောက်လာပြီးသည့်နောက် နှစ်လကျော်မျှ ကြာမြင့်

ခဲ့သည့်တိုင်အောင် ခင်မေတို့ သားအမိနှစ်ယောက်မှ လွဲ၍ သူသည် ဘယ်သူ့ကိုမှလည်းမသိ။ စကားလည်း မပြောဖူး။ ဘယ်ဝင်းဘယ်ခြံနှင့် ဘယ်အိမ်ကိုမှလည်း မရောက်ဖူး။ ခြံထဲနှင့် အိမ်ပေါ်တွင်သာနေ၏။ ခင်မေကလည်း မနက်ရထားနှင့် ရုံးတက်၍ ညနေရထားနှင့် အိမ်သို့ ပြန်ရ၏။ သည်တစ်နေ့တာလုံးအဖို့ အိမ်တွင် ခင်မေ၏မိခင်နှင့် သူသာ ကျန်ရစ်ခဲ့ကြရ၏။ အဒေါ်ကြီးက တစ်နေ့လုံး လှဲနေရသဖြင့် ညောင်းညာ ပျင်းရိလာသောအခါ "မောင်ရင် မောင်ရင်" နှင့် သူ့အသံကို မကြားသဖြင့် ခေါ်သောအခါ သူက အိမ်ဦးခန်းဘုရားစင်အောက်တွင် ပက်လက်လှန်၍ နဖူးပေါ်လက်တင်ကာ စဉ်းစားတွေးတောနေရာမှ...

"ဒေါ်လေး... ကျွန်တော့်ကို ခေါ်သလား...၊ ဘာလိုချင်သလဲဟင်" ဟု လှဲနေရာမှ ကပျာကယာ လူးလဲ၍ထကာ မေးလေသည်။

"ဘာမှမဟုတ်ပါဘူးကွယ်... မောင်ရင့်အသံမကြားလို့ ရှိများမှ ရှိရဲ့လားလို့ပါကွယ်"

"ဘယ်မှမသွားပါဘူး ဒေါ်လေး...၊ ကျွန်တော် လှဲနေပါတယ်၊ ခိုင်းစရာ လိုတာရှိရင် ပြောနော်၊ ဒေါ်လေးကိုယ်တိုင်လည်း ဟိုစမ်းဒီစမ်းနှင့် ထမရှာနေနဲ့ဦး၊ လဲမိတိုက်မိနေပါဦးမယ်..." သူက စိုးရိမ်စွာ ပြောလေ၏။

"မောင်ရင် ပျင်းများနေသလား"

"ပျင်းတယ်ရယ်လို့လည်း မဟုတ်ပါဘူး ဒေါ်လေးရယ်၊ ဒီလိုပဲ လှဲနေတာပါပဲ"

"မိဘတွေ၊ သားချင်းတွေကိုများ မအောက်မေ့ဘူးလား"

"ခက်တာပဲ ဒေါ်လေးရယ်၊ ကျွန်တော် ညီမလေးနဲ့ စတွေ့ရတဲ့ ညရဲ့နောက်ပိုင်းကို ဘာမှသတိမရတော့ဘူး၊ ကျွန်တော့်နာမည်ကိုတောင် မှပဲ ခပ်ဝါးဝါး ဖြစ်နေတယ်"

"ဖြစ်မှဖြစ်ရလေကွယ်... ကိုယ့်နာမည်တောင်မှပဲ ကိုယ်က မမှတ်မိနိုင်တော့အောင် ပြောင်းလဲဖြစ်ပျက်သွားလိုက်ရတာ"

"ကျွန်တော်လည်း ဒါကိုပဲ အချိန်အားတိုင်း စဉ်းစားနေတာပဲ။ ဘာတစ်ခုမှ ရေးရေးကလေး မထင်ရစ်ဘူး၊ ဪ... ခုလိုပြောရင်း ကျွန်တော့်နာမည်ကို ခပ်ရေးရေး သတိရလာပြီ... အင်း..."

"ဘာတဲ့လဲ မောင်ရင်..."

"ထွန်းတော့ပါတယ်... အင်း... အင်း... ထွန်းဦး၊ အဲ... ထွန်းဦးပဲထင်ပါရဲ့..."

"အမယ်လေးဟဲ့လေး... မောင်ရင့်နှယ်ကွယ်၊ ကိုယ့်နာမည်ကိုတောင်မှပဲ ထင်ပါရဲ့ နေတုန်းပဲလား"

ထိုညနေ ခင်မေ မီးရထားနှင့် ရုံးမှပြန်လာသောအခါ သူ့အမေက ပထမဦးဆုံး သူ့သမီးကို အနီးသို့ခေါ်၍ တိုးတိုးပြောသောစကားမှာ မောင်ရင်၏နာမည်မှာ ထွန်းဦးထင်ပါရဲ့ ဟူ၍ ဖြစ်ပေသည်။

ခင်မေက ချက်ချင်းပင် သူ့အမေဆီမှ ထလာကာ သူ့ကို လိုက်ရှာပေမည်။ သူက ခြံထဲတွင် လမ်းလျှောက်နေရာမှ တစ်ဖက်ခြံထဲမှာ လမ်းလျှောက်သော ပင်စင်စား တရားသူကြီးတစ်ယောက်နှင့် အသိများပင်ဖြစ်နေကာ စကားပြောနေလိုက်သေးတော့၏။

ခင်မေက ရုတ်တရက် သူ့ကိုမခေါ်သေးဘဲ ခပ်လှမ်းလှမ်းက ရပ်၍ သူတို့ပြောကြသော စကားများကို အကဲခတ် နားထောင်နေမိ၏။

"ပါလီမန်တစ်ခုလုံးမှာ အတိုက်အခံအဖွဲ့ တစ်ခုမှလည်း မရှိ၊ အတိုက်အခံအဖွဲ့မှန်သမျှလည်း လက်နက်ကိုင် သူပုန်ထနေကြတာကို စဉ်းစားဆင်ခြင်ပြီး ကြည့်ရရင် လက်ရှိအစိုးရရဲ့ သရုပ်ဟာ ဘယ်လိုပဲ ဝါဒဖြန့်ပြီးဖုံးဖုံး၊ ဘူးပေါ်သလို ပေါ်နေတာပါပဲ ဦးရယ်" သူက ခပ်တည်တည်ပင် ပြောနေလိုက်သည်။

ခင်မေက မပြောစဖူး ထူးဆန်းသောစကားများကို တစ်ဖက်မှ ပင်စင်ရတရားသူကြီး ဦးဘခက်နှင့် ပြောနေပုံကို အံ့အံ့သြသြ နားထောင်နေမိပါ၏။ မိမိတို့အိမ်သို့ ရောက်လာသည်မှာ နှစ်လကျော်မျှ ရှိခဲ့ပြီဖြစ်သော်လည်း သည်လိုစကားမျိုး ပြောသံဆိုသံကို တစ်ခါကမျှ မကြားခဲ့စဖူး။ ခု တစ်ဖက်ကခြံမှ လူကြီးနှင့် သူက သည်လိုထင်မြင်ချက်များကို ပေးနေလိုက်သော အခါ၌မူကား ခင်မေ့အဖို့ ထူးဆန်းနေပါ၏။ အံ့သြစရာ ဖြစ်နေပါ၏။

ဟိုအကြောင်း သည်အကြောင်းလောက်ကိုပင် စကားလုံးကွဲအောင် ပြောခဲ့ဆိုခဲ့လှသော လူတစ်ယောက်က ဘယ်လိုများ စကားကောင်း လေကောင်း နေလိုက်ပါသလဲ။

"မောင်ရင်နဲ့ စကားပြောရတာ တယ်ကောင်းသကွယ်...၊ တစ်နေ့တော့ အေးအေးဆေးဆေး ဦးအိမ်ကို လာလည်ပါဦး..." ဦးဘခက်က အတော်မာနကြီးသော လူကြီးဖြစ်သော်လည်း မည်သို့မျှ အမျိုးအမည် မထင်ရှားဘဲ သူတစ်ပါးအိမ်တွင် ကပ်စားနေရသော လူတစ်ယောက်ကို အလည်ခေါ်နေပါ၏။ ထိုသို့ ပြောဆိုပြီးနောက် သူ့အိမ်ဘက်သို့ ထွက်သွားလေသည်။

သူသာတစ်ယောက်တည်း ခေါင်းကိုကုတ်ကာ ကျန်ရစ်ခဲ့ရင်း ငိုင်နေ၏။ သည်လိုငိုင်နေစဉ် ခင်မေက သူ့အနီးသို့ ကပ်၍သွားကာ...

"ကိုထွန်းဦး..." ဟု ရုတ်ခနဲ ခေါ်လိုက်လေသည်။

သူက ရုတ်တရက်ဖြစ်သဖြင့် လန့်သွားသလို ခင်မေ့ကို လှည့်၍ ကြည့်သည်။

"ကိုထွန်းဦး" ခင်မေက ထပ်၍ခေါ်နေ၏။

"ဘာတဲ့... ခေါ်သံကြားရတာက ကျုပ်နာမည်ကို ခေါ်သလိုလိုပဲ" သူက ဇဝေဇဝါနှင့် ခင်မေ့ကို အငေးသားကြည့်ရင်း မေးနေ၏။

"အစ်ကိုကြီးနာမည် ကိုထွန်းဦးတဲ့ ဟုတ်လား"

သူက ခေါင်းကိုကုတ်ကာ စဉ်းစားနေလိုက်ပြန်၏။ ခင်မေ့အမေးကိုကား မဖြေ။

"ဟင် အစ်ကိုကြီး..." ခင်မေက သူ့ဘေးမှ မေးနေ၏။

သူသည် စိတ်ညစ်လာသလို ချာခနဲ လှည့်ကာ ခင်မေ့ကိုပင် မကြည့်တော့ဘဲ အိမ်ဘက်ဆီသို့ ခေါင်းကို ငိုက်စိုက်ချရင်း လျှောက်သွား၏။ ခင်မေကလည်း သူ့နောက်မှ ဖြည်းညင်းစွာ လိုက်ပါ၍သွား၏။

"အစ်ကိုကြီး... အစ်ကိုကြီး" ခင်မေက နောက်မှ သူ့ကို ခေါ်နေ၏။

သူက ပြန်၍မထူး၊ လှည့်၍တော့ ကြည့်ပါ၏။

(၂)

ခင်မေက သူ့ကို ကိုထွန်းဦးလို့ ခေါ်တော့၏။

သူက ပြန်၍တော့ကား မထူး၊ သူ့ကိုခေါ်သော နာမည်မှန်းသိသဖြင့် လှည့်၍ကြည့်ပါ၏။ ပြီးတော့... "ဘာလဲ" တဲ့... ဒါပဲလေ။

ခင်မေက သူ့နာမည်ပင် ဇဝေဇဝါ ဖြစ်ရလောက်အောင် ပြောင်းလဲနေသော သူမရဲ့ ကိုထွန်းဦးအကြောင်းကို အမျိုးမျိုးအဖုံဖုံ စဉ်းစားတွေးတော၍ ကြည့်မိပေသည်။ သူသည် ခင်မေ့အဖို့ အလွန်တရာ လျှို့ဝှက်ထူးဆန်းနေသော လူကြီးတစ်ယောက် ဖြစ်နေပါ၏။ ဘယ်လိုမှ အနက်အဓိပ္ပာယ်ဖွင့်မရသော လူကြီးတစ်ယောက်လည်း ဖြစ်နေပါ၏။

သို့ရာတွင် သူ၏သန့်ပြန့်ခဲ့ညားသော ရုပ်သွင်မှာ တည်ကြည်၍ ဣန္ဒြေရင့်ကျက်လှပါ၏။ စကားကို များများမပြောတတ်၊ ဘာသိဘာသာ တစ်ယောက်တည်းလိုလို နေရခြင်းကို တပ်မက်ပုံရ၏။

တစ်ခါတစ်ခါ ဘယ်လိုမှ မေး၍ မြန်း၍ မရသော သူမရဲ့

ကိုထွန်းဦးကို ခင်မေက အားမလို အားမရ ဖြစ်မိလေသည်။ ရန်ကုန်ကပဲ လားဆို၍လည်း မေးမရ၊ မိဘဆွေမျိုးနှင့် အလုပ်အကိုင် သားမယားများ အကြောင်းကိုလည်း ဘယ်ကဲ့သို့ လှည့်ပတ်၍ မေးမေး သူ့ထံမှ ဘာမျှ မသိတော့သလို၊ မရှိတော့သလို မေးမြန်း၍ကားမရ၊ ဘာကိုပဲမေးမေး သူက ပါးစပ်အဟောင်းသားနှင့် ငိုင်နေတတ်ပါ၏။ ထိုသို့ အမေးခံရခြင်း အတွက် သူသည် အနေရအထိုင်ရ ကျဉ်းကျပ်သော အမူအရာမျိုးကို လည်း ပြ၏။ ထိုအခါ ခင်မေက သူ့ကို ဆက်လက်၍ မမေးတော့ဘဲ ကြောင်အိမ်ထဲမှ လက်ဖက်သုပ်ကို သွားယူကာ လက်ဖက်ရည်ကြမ်းနှင့် ကျွေးလေသည်။

သူက လက်ဖက်ရည်ကြမ်းနှင့် လက်ဖက်သုပ်ကိုတော့ ကြိုက်ပုံ ရ၏။ လက်ဖက်ကို တို့ကာ ပင့်ကာ စားနေတတ်ကာ အကြမ်းအိုးကို ငုံ့၍ တစ်ပန်းကန်ပြီး တစ်ပန်းကန် အေးချမ်းစွာ သောက်နေတတ်လေ သည်။

ခင်မေက ရုံးတွင် အလုပ်အားလပ်သော အချိန်များ၌လည်း သူမရဲ့ ကိုထွန်းဦးဆိုသော လူထူးလူဆန်းကြီး၏ အကြောင်းကိုသာပဲ စဉ်းစား နေတတ်ပေသည်။ ယခင်ကမူ မိခင်အတွက် ဆေးဝါးကုသရေးအကြောင်း လောက်ကိုသာ စဉ်းစားလေ့ရှိ၏။ ယခုမူ ဘယ်လိုမှ သွေးသားမဟော်စပ် ဘဲ မိမိက သနားသဖြင့် ခေါ်ယူလာခဲ့ကာ အိမ်တွင်ထား၍ ကျွေးမွေးထား သော လူကြီး၏ ရှေ့ရေးကိုပါ တွေးတောနေမိခြင်းအားဖြင့် ခင်မေသည် သူမကိုယ်ကိုပင် ဘယ်လိုမှ နားမလည်တတ်နိုင်အောင် ဖြစ်နေမိပါ၏။

ဆင်း... ဆင်းရဲရဲ လုပ်ကိုင်စားသောက်နေရသည့် အထဲ၌ လူတစ် ယောက်ကို ခေါ်ယူကျွေးမွေးထားရသည့်အတွက် ခင်မေက ဘယ်လိုမှ သဘောမထားမိပါ။ ဝန်လေးပင်ပန်းခြင်း မဖြစ်မိ၊ ကြီးမားသော ဒုက္ခ တစ်ခုနှင့် တွေ့ကြုံလာခဲ့ရသော သဘောအနေဖြစ်ဖြင့် မြင်ပါ၏။

ပြီးတော့ သူကလည်း အင်မတန် အလိုက်သိကာ သက်ညှာကြင်နာခြင်း ရှိပါ၏။ မိန်းမသားနှစ်ဦးနေသော အိမ်တွင် ယောကျာ်းတစ်ယောက်က လုပ်ကိုင်ပေးရမည့် အလုပ်များကို သူက အားလုံးလုပ်၏။ ခင်မေကပင် တားမရ၊ ခင်မေ့မိခင်ကပင် တား၍မရ၊ အဘွားကြီးချိုးဖို့ ရေကိုပင် သူက ခပ်ပေးလိုက်ပါသေး၏။

ထိုသို့ အဘွားကြီးချိုးဖို့ရေကို သူက ခပ်ပေးသဖြင့်

"နေပါစေ မောင်ရင်ရယ်၊ ငါ့တူနှယ် ဒုက္ခရှာလို့ကွယ်၊ ရေထမ်းသမား ရှိသားနဲ့"ဟု အဘွားကြီးက မလုပ်စေချင်သောကြောင့် တားမြစ်သော်လည်း သူကမူ ဇွတ်ခပ်ပေးသဖြင့် အဘွားကြီးမှာ ညည်းညည်းညူညူနှင့် ကြည့်နေလိုက်ရပေတော့သည်။

သူက သည်လိုရေခပ်ပေး၍ အဘွားကြီးက ဗျစ်တောက် ဗျစ်တောက်နှင့် ညည်းညည်းညူညူ ရေချိုးနေခိုက် စနေနေ့ နေ့တစ်ဝက် ရုံးပိတ်၍ ခပ်စောစော အိမ်သို့ပြန်လာသည်နှင့် ကြုံနေသဖြင့် ခင်မေက အသာအယာ နားထောင်၍ နေမိပေသည်။

"ဘာပြုလို့ အပိုပိုက်ဆံကုန်ခံပြီး ရေထမ်းသမားကို ပိုက်ဆံပေးငှားရမှာလဲ ဒေါ်လေးရယ်...၊ ကျွန်တော်တစ်ယောက်လုံးကိုလည်း အိမ်ပေါ်တင် ထမင်းကျွေးထားရတာ၊ ဒါ ကျွန်တော် လုပ်မှာပေါ့။ ပြီးတော့ ကုသိုလ်လည်း ရသေးတာပဲ" သူက ရေဆွဲနေရာမှ အဘွားကြီးကို ပြောနေ၏။

အဘွားကြီးက ဘာမှမပြောတော့။

"ဝအောင်သာချိုး ဒေါ်လေး၊ ကျွန်တော် ခပ်ပေးမယ်။ ချိုးနော် ဘာမှအားမနာနေနဲ့"

ခင်မေက ချောင်းသံပေးကာ အိမ်ပေါ်သို့ တက်လာသဖြင့် "ဟဲ့ ခင်မေလား"ဟု အဘွားကြီးက လှမ်း၍မေးရာမှ ခင်မေက ပြန်၍ အသံ

ပြုလိုက်သောအခါ အဘွားကြီးက ဗျစ်တောက်ဗျစ်တောက်နှင့် လေရှည်ကာ မောင်ရင် ရေခပ်ပေးသော အပြစ်များကို တိုင်နေလိုက်ပြန်၏။

ခင်မေက သူ့ကိုတစ်နေရာသို့ လက်တို့၍ ခေါ်သွားပြီးနောက် အဘွားကြီး မကြားနိုင်လောက်သော နေရာသို့ရောက်မှ "ကိုထွန်းဦး ဒီလို မေမေ့အတွက် ရေခပ်ပေးတာ ကုသိုလ်တော့ ရတာဟုတ်ပါရဲ့၊ တော်တော်ကြာ အိမ်နီးချင်းက ခင်မေ့ကို ကဲ့ရဲ့နေပါ့မယ်" ဟု ခပ်တည်တည်နှင့် ပြောလိုက်ရပေသည်။

"ဘယ် အိမ်နီးချင်းက ကဲ့ရဲ့ရမှာလဲကွယ်၊ သားလို အမိလိုမို့ ခပ်ပေးနေတာ ဘယ်သူက ကဲ့ရဲ့ကော... ကိုယ်အကုန်သက်သာရင် ပြီးတာပဲ၊ ဘာအရေးစိုက်စရာလဲ" သူကတော့ သူထင်တာ စိတ်ထဲရှိတာကိုသာ ဖွင့်ပြောနေသဖြင့် ခင်မေက ဘာပြန်ပြောရပါဦးမည်နည်း။

ခင်မေကား သူမရဲ့ ကိုထွန်းဦးအတွက် ခက်နေရပေသည်။ တော်တော်ကြာ အဘွားကြီးအတွက်ပင် မကဘဲ မိမိအတွက်ပါ ခပ်ပေးတော့မှဖြင့် ခက်ရချေတော့မည့်အရေးကို ခင်မေက ပူပန်မိလေသည်။ သို့ရာတွင် သူက စကားလည်း များများပြောသူမဟုတ်၊ လုပ်မည်ဆိုကလည်း ဖွတ်တရွတ်လုပ်တတ်သဖြင့် ခင်မေက နောက်ထပ်၍ ဘာမျှမပြောတော့ဘဲ ငြိမ်နေလိုက်ရပါ၏။

(၃)

သူရောက်လာပြီးနောက် သုံးလကျော် လေးလခန့်မျှ ကြာသောအခါ သူသည် တကယ့် အိမ်သားတစ်ယောက်လို ဖြစ်နေ၏။ ခင်မေကပင် ထမင်းမချက်ရတော့ဘဲ ဈေးဝယ်ပေးရသည့် အလုပ်တစ်ခုမှလွဲ၍ သူက မီးဖိုချောင်အလုပ်ကို အုပ်ချုပ်နေလိုက်တော့၏။

ခင်မေက ဖွင့်ပြော၍ ဖွင့်တားသော်လည်း မရတော့၊ သူက

ခင်မေနှင့်အတူ မီးဖိုချောင်တွင် ဟိုဟာ ဝင်လုပ်ကူ၊ သည်ဟာ ဝင်လုပ်ကူနှင့် တော်တော် အလုပ်ရှုပ် ဝသွားဟန်တူပါ၏။ မနက်မိုးလင်းလျှင် ခင်မေတို့သားအမိ အိပ်ရာကမထမီပင် သူက ရေနွေးအိုးတည်၊ ကော်ဖီဖျော်၍ ထမင်းအိုးပင် ပြင်ပြီးဖြစ်ပေသည်။ ခင်မေက မျက်နှာသစ် ခေါင်းဖြီး၍ ကော်ဖီသောက်ပြီးနောက် ဈေးသွားဝယ်၍ ပြန်လာသောအခါ သူကပင် ဆက်လက်၍ချက်နေ၏။ ခင်မေရုံးမသွားမီ သူက ထမင်းစားသွားဖို့ အသင့်ပြင်ဆင်ပြီး ဖြစ်နေပါ၏။

သည်လိုနှင့် သူ့အပေါ် သံယောဇဉ်သည် တစ်နေ့တခြား ရင့်သန်သည်ထက် ရင့်သန်ကာ ကြီးမားသည်ထက် ကြီးမား၍သာ လာနေခဲ့ပေသည်။

သည်လို နေထိုင်လာခဲ့ကြသည့် အတောအတွင်း ခင်မေ့အတွက် စိတ်မချမ်းမြေ့စရာ ကိစ္စတစ်ခုသည် မလွဲသာ မရှောင်သာဘဲ ကြုံလာရလေသည်။ လွန်ခဲ့သော လေးလလောက်က အစိုးရတွင် ငွေကုန်များနေ၍ လူလျှော့သည့်စာရင်းတွင် ခင်မေလည်း ပါဝင်နေခြင်းကိစ္စပင် ဖြစ်ပါ၏။

ခက်ချေပြီ၊ ယခုမှပင် သာ၍ခက်ချေပြီ။

ခင်မေက ဘာလုပ်ရပါမည်လဲ၊ ဘာများကော လုပ်နိုင်ဦးမှာလဲ။ လုပ်၍ကော ဖြစ်ဦးမှာတဲ့လား။

ခင်မေသည် ငိုချင်ရယ်ချင် ဖြစ်လာ၏။ သို့ရာတွင် လက်ထောက်အတွင်းဝန်ကလေးကိုကား ယခင်တစ်ခါကလို ဝင်၍တော့ အသနားမခံရဲ။ ကြောက်လှချည့် မြို့အုပ်မင်းဘုရား...

ခင်မေ့အဖို့ အလုပ်ပြုတ်လျှင် တော်တော်ခက်ချေတော့မည်။ ပြုတ်တော့မည်မှာလည်း သေချာ၏။ ရက်ပိုင်းလောက်သာ လိုတော့၏။ ယခုလကုန်၍ လခထုတ်ပြီးလျှင် အလုပ်မရှိတော့။

စုဆောင်းထားပြီးသားကလည်း မရှိ၊ သည်လခကလေးနှင့် ဘယ်လိုများ စုဆောင်းနိုင်ပါ့မလဲ၊ ပြီးတော့ မိမိကို မှီခိုနေသူက ယခင်က တစ်ယောက်တည်းဖြစ်သော်လည်း ယခုမူ နောက် ဘော်ဒါတစ်ယောက် တိုး၍ နှစ်ယောက်များပင် ဖြစ်နေရပါပကော။

ခင်မေသည် ရှေ့ရေးကို ဘယ်လိုမှ မတွေးတတ်၊ မဖြေရှင်းတတ် အောင်ဖြစ်ကာ အိမ်သို့ ပြန်ခဲ့ရပေသည်။ အိမ်သို့ရောက်သောအခါ၌ မိခင်ကြီးနှင့်တကွ သူမရဲ့ ကိုထွန်းဦးဖို့ ဘယ်လိုမှ သည်ကိစ္စကို မရိပ်မိအောင် ဟန်လုပ်၍ ဖုံးဖိထားရကာ တစ်ယောက်တည်းသာလျှင် ဝမ်းထဲမှ ကြိတ်မှိတ်၍ ပူပင်နေရပါ၏။

သူတို့နှစ်ဦးကား ဘာမျှမရိပ်မိကြရှာ။ ခါတိုင်းလိုပင် ဖြစ်၏။

မိခင်ကြီးမှာ အိပ်ခန်းထဲတွင်ဖြစ်ကာ သူကတော့ အိမ်ရှေ့ဝရန်တာတွင် ပက်လက်ကုလားထိုင်ပေါ်တွင် တစ်ခါမျှ မတွေ့ဖူးသော ဘယ်က စာအုပ်တစ်အုပ်ကို ဖတ်နေရသည်မသိ။ ခင်မေတက်လာသည်ကိုပင် သူက မသိလိုက်။ သူက စာအုပ်ထဲတွင်သာ နစ်မြုပ်စူးစိုက်နေ၏။

ခင်မေက မိခင်ကြီးကို မေးမြန်းနှုတ်ဆက်၍ အဝတ်အစားလဲပြီး နောက် သူစာဖတ်နေရာ ဝရန်တာဘက်သို့ အသာအယာ လျှောက်လာကာ သူနှင့် မလှမ်းမကမ်းမှာ ဖြည်းညင်းစွာပဲ ရပ်လိုက်သည်။

သည်ထိ သူကမသိ၊ သူ့စာအုပ်ထဲမှာသာပဲ နစ်မြုပ်နေပါ၏။ တစ်ခါမျှ စာဖတ်ခြင်းကို မတွေ့ခဲ့၊ မမြင်ခဲ့ရစဖူးပါဘဲ ဤနေ့ဤရက်မှ အဘယ်ကစာအုပ်ကို ရလာ၍ ဤမျှ စူးစိုက်နစ်မြုပ်စွာ ဖတ်နေရသော သူ၏စာအုပ်ကို ခင်မေက အသာကြည့်လိုက်မိသည်။

စာအုပ်မှာ ကျမ်းစာအုပ်နှင့် တူပါ၏။ ဟုတ်သည်။ သူက စူးစိုက် နစ်မြုပ်စွာ ဖတ်နေသော စာအုပ်မှာ အဒမ်စမစ်၏ နိုင်ငံတကာ၏ ဘောဂ ပစ္စည်းအား ဆိုသောကျမ်းကြီးပင် ဖြစ်ပေသည်။ ခင်မေကတော့

ထိုစာအုပ်၌ ဘာတွေရေး၍ ဘာတွေဆိုထားသည်ကိုပင် မကြားစဖူး၊ သူကသာ မြိန်ရေရှက်ရေနှင့် မျက်နှာမှ မခွာတမ်း ဖတ်နေလိုက်ပါ၏။

ခင်မေက အတန်ကြာမျှ သူ့ကို ဘေးမှ ငြိမ်သက်စွာ ကြည့်နေပြီးနောက်...

"ဘယ်ကစာအုပ်ကြီးလဲ ကိုထွန်းဦး..." ဟု ရုတ်တရက် မေးလိုက်သည်။

သည်တော့မှပင် သူက စာအုပ်နှင့် မျက်နှာခွာလိုက်ကာ ခင်မေ့လို အလန့်တကြား မော့၍ကြည့်လေသည်။ ရုတ်တရက်တော့ ဘာမျှပြန်၍ အဖြေမပေး။

"ကိုထွန်းဦး အင်္ဂလိပ်ကျောင်းနေဖူးသားပဲ..." ခင်မေက ကလေးမလို စပ်စပ်စုစု မှတ်ချက်ချကာ သူ့ကို ပြုံး၍ကြည့်နေလိုက်၏။

"အင်း... ကျောင်းမှာတော့ အတော်အတန် နေဖူးခဲ့တယ် ထင်တာပဲ" ဟော သူက အူကြောင်ကြောင်နှင့် ခွစကားပင် ပြောနေလိုက်ပြန်ပါ၏ ။

"ဘယ့်နှယ် အတော်အတန် နေခဲ့ဖူးတာလဲ။ ကိုးတန်း ဆယ်တန်းပဲ ဆိုရင်လည်းဆိုပါ" ခင်မေက သူ့စကား ခွကျကျကို အစ်မကြီး လုပ်၍ ပြင်နေလိုက်ပါ၏။

"အတန်းဆိုတာတော့ မမှတ်မိဘူး၊ အင်္ဂလိပ်စာ ဖတ်တတ်တာတောင်မှ ဟိုဘက်ခြံက ဦးဘခက်အိမ် ကနေ့ သွားလည်လို့ သူနဲ့စကားပြောရင်း သူ့စာကြည့်တိုက်ထဲမှာ ဒီစာအုပ်ကိုတွေ့တာနဲ့ ကိုင်ကြည့်ပြီး ဖတ်စမ်းကြည့်တော့မှ ကိုယ့်ကိုယ်ကိုယ် ဒီစာမျိုးကိုလည်း ဖတ်တတ်သေးပါကလားဆိုတာ နည်းနည်းသတိရလာပြီး ဘယ်လောက်များ ဖတ်တတ်ပြီး မှတ်မိသေးတယ်ဆိုတာကို ဖတ်စမ်းကြည့်နေတာပါကွယ်..." ဟု သူက ပကတိအေးချမ်းစွာပင် ပြောပြနေပါ၏။

ခင်မေက မျက်လုံးအပြူးသားနှင့် သူ့ကို ကြည့်နေမိရာမှ...

"ဖတ်လို့ကော ရရဲ့လား"

"ခုတိုင်းတော့ ဖတ်မရတာ၊ မသိတာ မတွေ့သေးဘူး"

"ဒါဖြင့် ကိုထွန်းဦး အင်္ဂလိပ်စာ ကောင်းကောင်းတတ်မှာပဲ"

"ဒါတော့လည်း သေသေချာချာ အာမမခံရဲသေးဘူး"

"အို... ဘယ့်နှယ်ပြောနေတာလဲ..."

"အဲဒါကိုပြောရမှာ အခက်ဆုံးပဲကွယ်"

သူက ညည်းညူသလို ပြောနေပါ၏။

"ရှင် ကောလိပ်ကျောင်းမှာ နေဖူးသေးသလား ဟင် ကိုထွန်းဦး" ခင်မေက ထပ်လောၾ သူ့ကို နောက်မေးခွန်းတစ်ခုကို မေးလိုက်ပြန်ပါ၏။

"ကောလိပ်ကျောင်းဆိုတာလား...၊ ကြားတော့ ကြားဖူးသလိုလို ရှိတာပဲ...၊ ဒါပေမဲ့ သေသေချာချာတော့ မမှတ်မိပါဘူးလေ..."

"အို... ဘယ့်နှယ်ပါလိမ့်မလဲ..."

သူကသည်လောက် အမေးအမြန်းထူလာခြင်းကို စိတ်ညစ်လာသကဲ့သို့ စာအုပ်ကိုပိတ်၍ ဘေးတွင် အသာချကာ ထိုင်ရာမှထ၍ တစ်ခုခု လုပ်စရာရှိသလို ထွက်သွားတော့မည် ဟန်ပြင်နေပါ၏။

"ဘယ်သွားမလို့လဲ ကိုထွန်းဦး" ခင်မေက မေးနေပြန်သည်။

သူက ပြန်၍မပြောဘဲ ခေါင်းကိုသာ ကုတ်နေပါ၏။

"ခင်မေမေးတာကို စိတ်ညစ်လို့လား"

သူကတော့ မဖြေ၊ ခင်မေ့ကိုသာ အငေးသားကြည့်နေပါ၏။

(၄)

အဘယ်ကဲ့သို့ပင် ခင်မေက ဖုံးဖိ၍ တစ်ယောက်တည်း ပူပန်လာခဲ့ရသော်လည်း လကုန်သောအခါ ခင်မေသည် ရုံးပြန်မတက်ရတော့

ချေ။

ရုံးပြန်၍ မတက်ရခါစက ခင်မေက ကောင်းကောင်းနေမကောင်း၍ ခွင့်ယူထားသည်ဟု လိမ်၍ထားခဲ့၏။ ခွင့်ရက်သတ္တပတ် ကျော်လွန်လာသောအခါ၌ကား ခင်မေ့မှာ ဘယ်လိုလှည့်ရဦးမည်ကို မကြံတတ် မစည်တတ်အောင်ဖြစ်တိုင်း စိတ်ညစ်နေမိပါ၏။

ခင်မေ သည်လိုစိတ်ညစ်နေသည်ကို မျက်မမြင် အမေအိုကြီးကတော့ ဘယ်လိုမှ မသိရှာ၊ ခင်မေ့ရဲ့ ကိုထွန်းဦးသည်လည်း ရိပ်မိမည်မဟုတ်ဟု ခင်မေကတော့ ထင်နေ၏။

သည်လို ခင်မေရုံးမတက်ဘဲ ခွင့်ယူထားသည်ဆိုသော ရက်များအတွင်း ကိုထွန်းဦးက တစ်ခါမျှ ရန်ကုန်မြို့ထဲ မသွားစဖူး သုံးရက်မျှဆက်၍ သွားနေသည်ကိုပင် ခင်မေက ဘယ်လိုမှလည်း မရိပ်မိ၊ ကလေးမ မိခင်မေကား အ လိုက်ပါဘိခြင်း...

သူ ဘာကိစ္စကြောင့် သွားသည်ဆိုသည်ကိုလည်း ခင်မေက ခါတိုင်းလို စကားကြောရှည်ရှည်နှင့် မမေးမိ၊ မိမိအပူနှင့် မိမိ ထူပူနေရကား သတိများ လစ်နေဟန်တူပါ၏။

ရုံးမတက်ရသည်မှာ ဆယ်ရက်မြောက်သောနေ့တွင် သူက နံနက်စောစော ရထားနှင့်ပင် မြို့ထဲသို့ လိုက်သွားမည်ပြုသောအခါ ခင်မေက သတိရလာသကဲ့သို့၊

"မြို့ထဲကို မသွားစဖူး သွားသွားနေတာ ဘယ်သူ့ဆီ ဘာကိစ္စနဲ့များ သွားနေရတာလဲဟင် ကိုထွန်းဦး..." ဟု ခင်မေက သူမရဲ့ ကိုထွန်းဦးကို မေးလိုက်မိပေသည်။

သူက ပြုံး၏။ ဒါပဲ၊ ဘာမျှတော့ ပြန်၍မဖြေ။

"ဟင် ကိုထွန်းဦး... ရှင့်မှာ အသိရှိလို့လား..."

"ကျုပ်ကို သူများက သိပါမှပဲ၊ ကျုပ်ကတော့ ဘယ်သူ့မှ မသိပါ

ဘူး။ ဒါပေမဲ့ ခင်မေတစ်ယောက်တော့ အဲဒီအထဲမှာ မပါပါဘူးလေ” သူက ရယ်သလို မောသလိုနှင့် ပြောလေသည်။

ခင်မေက သူမရဲ့ ကိုထွန်းဦးကို မျက်စောင်းကလေး ထိုးလိုက်သည်။

သူကတော့ ပြုံးပါ၏။ ဒါပဲ...

“ဟင်... ကိုထွန်းဦး ရှင့်မှာ ဘာကိစ္စများ ရှိနေသလဲ၊ ခင်မေတို့ အိမ်ကိုရောက်တာ လေးလကျော်ပြီ...၊ တစ်ခါမှ မြို့ထဲမှာ အသိရှိတယ် လို့လည်း ပြောသံမကြားမိဖူးဘူး၊ နောက်ပြီး တစ်ခါမှ သွားတာလည်း မတွေ့ဖူးဘူး” ခင်မေက သေသေချာချာ မေးနေ၏။

“ခင်မေ ဘာဖြစ်လို့ ဒါလောက် သိချင်နေရတာလဲကွယ်” သူက တော့ ဒါပဲ။

“ဟင် ကိုထွန်းဦး ခင်မေမေးတာကိုသာ ပြောစမ်းပါဦး”

သူကတော့ ပြုံးပါ၏။ နောက် သူ့အင်္ကျီအိတ်ကပ်ထဲမှ အင်္ဂလိပ် သတင်းစာ အပိုင်းကလေးတစ်ခုကို ထုတ်ယူ၍ ခင်မေ့ကို ပြလေသည်။

အလိုရှိသည်ဆိုသော ကြော်ငြာရိုးရိုးမျှသာ ဖြစ်ပေသည်။

“ဟင်... ရှင်အလုပ်လျှောက်ထားသလား” ခင်မေက အထိတ် တလန့် မေးလိုက်သည်။

သူက ခေါင်းညိတ်၍သာပြသည်။ နောက်တစ်ဖန် အိတ်ကပ်ထဲမှ စက္ကူခေါက်ကလေးတစ်ခုကို ခင်မေ့အား လှမ်း၍ပေးလိုက်ပြန်၏။ ခင်မေက သူ နောက်ထပ်ပေးနေသော စက္ကူခေါက်ကလေးကို ဖြန့်၍ဖတ် ကြည့်လိုက်သောအခါ၌ သူမအား အလုပ်မရှိတော့သော အစိုးရထံမှ အကြောင်းကြားစာ ဖြစ်နေသည်ကို တွေ့နေရသဖြင့် ဘာမှပြန်မပြော တတ်အောင်ဖြစ်ကာ မျက်လုံးပြူးနေပါ၏။

“တိုးတိုး ခင်မေ၊ ဒေါ်လေး ကြားသွားပါမယ်...၊ ဒါကို ခင်မေ

သတိလစ်ပြီးကျနေလို့ ကျုပ်က ကောက်ယူပြီး သိမ်းထားတာ" သူက ပါးစပ်ကို လက်ညှိုးနှင့်ထောက်၍ပြရင်း ခပ်တိုးတိုးကျိတ်ကျိတ်ပင် ပြောနေသည်။

ခင်မေက မငြင်းနိုင်တော့၊ ငြိမ်၍သာ နေလိုက်ရ၏။

"ဒေါ်လေး ဘာမှမသိစေနဲ့နော် ခင်မေ၊ ဣန္ဒြေမပျက်သာနေ။ ကဲ... ကျုပ်သွားမယ်" ဟု ပြောကာ ဆင်း၍သွားသဖြင့် ခင်မေ့မှာ အကြောင်သား ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

သူထွက်၍သွားပြီးနောက် ခင်မေ့တွင် ဟာတာတာကြီးဖြစ်ကာ ခြောက်ကပ်ကပ်ကြီးဖြစ်၍ ကျန်ရစ်ခဲ့ရပေသည်။ တစ်နေ့တာလုံး ဘာမျှ စိတ်မဝင်စား၊ ဘာမှလည်း လုပ်ချင်ကိုင်ချင်စိတ် မရှိ၊ မိမိအလုပ်မရှိတော့ ကြောင်းကို သိ၍သွားသဖြင့် ရှက်သလို အားငယ်သလို ဖြစ်နေ၏။ တစ်ဖန် မိမိအလုပ်မရှိသဖြင့် သူကထွက်၍ အလုပ်ရှာနေခြင်းကိုလည်း ဝမ်းသာရမလို၊ သနားရမလိုလည်း ဖြစ်နေပြန်ပါ၏။

သူ့အဖို့ ဘယ်လိုများ ခုခေတ်ကြီးတွင် အလုပ်ရပါ့မည်လဲ၊ သူသည် သူ့ကိုယ်တောင်မှ ဘာဖြစ်နေမှန်း သိသူတစ်ယောက်ပင်မဟုတ်၊ သူ့မှာ ဘာအရည်အချင်း၊ ဘာပညာများရှိသည်ကို သူကိုယ်တိုင်ကလည်း မသိပါဘဲနှင့် ဘယ်သူတစ်ဦးတစ်ယောက်ကများ သူ့ကို ဘာခိုင်းပါ့ မတုံး။

သူက အလုပ်ထွက်၍ ရှာသည်ဆိုသည်ကတော့ ဟုတ်ပါ၏။ တကယ်လက်တွေ့ကျတော့ လူရယ်စရာကြီးများ ဖြစ်နေမှာလား။

ခင်မေက တစ်ယောက်တည်းပျင်း၍ ကျန်ရစ်ခဲ့သဖြင့် ဘာမှ မလုပ်ချင်မကိုင်ချင်ဘဲ တွေးမိတွေးရာ လျှောက်၍တွေးနေပါ၏။ ထိုသို့ တွေးလိုက်တိုင်းလည်း သက်သာမှု၊ သာယာမှု တစ်ကွက်တစ်လေမျှကိုပင် မမြင်မိ။

လက်ထဲတွင် အနည်းငယ်ပိုလျှံသော ငွေစကလေးများသည် တစ်ရက်ထက်တစ်ရက် လျော့သည်ထက်လျော့၍သာ လိုက်လာနေ၏။ ကျန်သေးသော ငွေကလေးများနှင့်ဆိုလျှင် ရှေ့ဆယ့်လေးငါးရက်ကြာလျှင် တက်တက်ပြောင်သွားလိမ့်မည် ဖြစ်ပေသည်။ ကုန်သွားသောကာလ၌ ဘာနှင့်စားရပါ့မတုံး...

ပေါင်စရာ ရောင်းစရာကား၊ မူး၍မှ ရှူစရာမကျန်တော့။

ငယ်ကလည်းငယ်ပြန် အားငယ်တတ်သော အမျိုးကလည်းဖြစ်နေသော ခင်မေက တွေးရင်း တွေးရင်း ငိုချင်လာမိ၏။ ငိုစလည်း ပြုနေပါ၏။

"ဟဲ့ သမီး ခင်မေ အသံမကြားပါလား" မိခင်ကြီးက အိမ်ခန်းထဲမှ လှမ်း၍ မေးသံကိုကြားလိုက်ရမှ စိတ်ကို အနိုင်နိုင်တင်းကာ အသံကိုလည်း ကြိုးစား၍ထိန်းရင်း...

"ရှိပါတယ်... မေမေ၊ ဘာလိုချင်လို့လဲ..."

"မေမေ့ဇက်ကြောတွေ တက်လို့ကွယ်... လာဆွဲပေးလှည့်စမ်းပါဦး"

ခင်မေက ထိုင်နေရာမှထကာ မိခင်ရှိရာ အိပ်ခန်းထဲသို့ ဝင်လာပြီးနောက် ဇက်ကြောကို ဆွဲပေးရလေသည်။ ထိုသို့ ဇက်ကြောကို ဆွဲပေးနေရင်း မိခင်က...

"သမီးခွင့်ရက်က ခုထက်ထိ မစေ့သေးဘူးလားဟင်" ဟု မေးလိုက်သဖြင့် ခင်မေက ရုတ်တရက် ဘာပြန်ပြောရမည် မသိအောင် ငိုင်သွားမိပါ၏။

"ဆယ်ရက်ရှိသွားပြီနော်... ဟုတ်လား သမီး..."

ခင်မေက ဘာမျှပြန်၍ မပြောနိုင်၊ ရင်ထဲမှာ နင့်နေပါ၏။ မထူးတော့သည့် ကိစ္စကြီးကို ရက်ပိုင်းမျှလောက်သော စိတ်ချမ်းသာမှုကလေးအား လှည့်ပတ်၍ မထားချင်တော့၊ ငယ်သောအရွယ်မျှသာ ဖြစ်ရကား

ငယ်သောစိတ်နှင့် ရှင်းရှင်းလင်းလင်း ပြောပြလိုက်ချင်လှပါပြီ။

"ဟင် သမီး... ဘယ်တော့မှ ရုံးပြန်တက်ရမှာတဲ့လဲ" အဘွားကြီးက ရေးအဘွားကြီးပီပီ စစ်စစ်စီစီ လိုက်ရှာမေးနေသောအခါ ခင်မေက အောင့်မထားနိုင်တော့ပါ။

"မေမေ" ငိုသံပါကြီးနှင့် ခင်မေက ခေါ်လိုက်၏။

"သမီး ဘာဖြစ်သလဲ၊ နာစေးနေသလား အသံကလည်း နာသံကြီးနဲ့"

"မဟုတ်ဘူး မေမေ၊ ခင်မေ့မှာ အလုပ်မရှိတော့ဘူး မေမေရဲ့" ခင်မေက ပြောပြောဆိုဆိုနှင့် မိခင်ရင်ခွင်ထဲသို့ မျက်နှာကိုအပ်ကာ ငိုချလိုက်သောအခါ မျက်မမြင် ဒုက္ခိတအဘွားကြီးမှာလည်း မျက်ရည်ပင် မဆည်နိုင်တော့ဘဲ သမီးနှင့်အတူ ရောနှော၍ ငိုနေလေတော့၏။

"ဘယ့်နှယ်လုပ်ကြမလဲ သမီးရယ်၊ သတ္တဝါတစ်ခု၊ ကံတစ်ခုပါပဲ ကွယ်..." အဘွားကြီးကပင်ဝမ်းနည်းပမ်းနည်း ရှိုက်၍ရှိုက်၍ငိုနေသော သမီးငယ်အား တရားပြ၍ ဖျောင်းဖျနေရပြန်ပါ၏။

ခင်မေကတော့ ငိုနေသည်။ ဟုတ်ပေသည်။ မိန်းမတို့၏ သဘာဝအတိုင်း စိုးရွံ့ခြင်းကို ငိုယိုခြင်းဖြင့် ဖြေရှင်းနေပါ၏။ သည်လိုသမီးကလေး အားငယ်ဝမ်းနည်း၍ ငိုယိုနေခြင်းကို အမေက ဖျောင်းဖျ၍သာနေရသော်လည်း ကိုယ့်ဝမ်းနာ ကိုယ်သာသိနေသော အဘွားကြီးက ရှိုက်၍တော့နေသည်။

သည်လို သားအမိနှစ်ယောက် အိပ်ခန်းထဲမှာ ဝမ်းနည်းပက်လက်ဖက်၍ ငိုယိုနေကြစဉ် အိမ်ရှေ့လှေကားမှ တက်လာသော ခြေသံနှင့်အတူ...

"ခင်မေရေ... ဟေး ခင်မေ..." ဟူသော ကြားနေကျ သူ့အသံကို ကြားရသဖြင့် သားအမိနှစ်ယောက်မှာ ကပျာကယာ မျက်ရည်များနှင့် ငိုပွဲများကို သိမ်းဆည်းနေကြရလေသည်။

"ဘယ်သွားနေပါလိမ့်မလဲကရို၊ ဪ ဒေါ်လေး" သူက ခင်မေ့အသံကို ပြန်မရသဖြင့် သူ့ဒေါ်လေးကို ခေါ်လိုက်ပြန်ပါ၏။ ဘာများအရေးတကြီး ဖြစ်လာရပါလိမ့်မလဲ။

"မောင်ရင်လာဟေ့..." အဘွားကြီးက အသံကို မနည်းထိန်း၍ ပြန်ပြုလိုက်ရသည်။

"ဟုတ်တယ် ဒေါ်လေး၊ ခင်မေတစ်ယောက်ကော အသံမကြားပါလား၊ ကျွန်တော် အလုပ်ရလာပြီ ဒေါ်လေး၊ ပြီးတော့ ဒေါ်လေးဖို့ခက်စာတွေရော၊ ခင်မေ့ဖို့ လုံချည်အင်္ကျီတွေရော ကျွန်တော် ဝယ်လာခဲ့တယ်လေ၊ ဒီ ခင်မေတစ်ယောက်လည်း ဘယ်များသွားနေရပါလိမ့်မလဲနော်..."

သားအမိနှစ်ယောက်မှာ သူ့စကားကို ကြားရသောအခါ ဝမ်းနည်းဝမ်းသာ တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ဖက်ထားလိုက်လေသည်။

အိမ်ရှေ့ခန်းစားပွဲကလေးပေါ်တွင် သူဝယ်ခြမ်းယူဆောင်လာသော ပစ္စည်းများကို တစ်ခုစီ တင်ထားလိုက်ပြီးနောက် "ဒီ ခင်မေဆိုတဲ့ မိန်းကလေးတစ်ယောက်ကလည်းနော် ဒေါ်လေးကို တစ်ယောက်တည်း အိမ်မှာပစ်ထားခဲ့ပြီး ဘယ်များသွားနေရပါလိမ့်မလဲ" ဟု သူက မကျေမချမ်း ညည်းတွားပြောဆို နေလိုက်ပြန်ပါ၏။

"ကဲ သမီး သွားလိုက်စမ်းပါဦး၊ ညည်းအစ်ကိုကြီးက ဒါလောက်တ နေတာ"ဟု အဘွားကြီးက လွှတ်ပေးလိုက်တော့မှ ခင်မေက အိပ်ခန်းထဲမှ အပြင်ဘက်သို့ ထွက်လာခဲ့လေသည်။

သူက အိမ်ရှေ့ဝရန်တာမှ ထွက်၍ ခင်မေ့ကို ဟိုဟိုဒီဒီ လှမ်းမျှော်နေပုံရ၏။ ခင်မေကတော့ ဝမ်းသာဝမ်းနည်း သူဝယ်ခြမ်းလာသော သစ်သီးဝလံများနှင့် အထည်များကို အငေးသား ကြည့်နေမိပေသည်။

အပြင်ဘက်သို့ လှမ်းမျှော်၍ အရိပ်အစအနကိုမှ မတွေ့ရသော

ကြောင့် မကျေမချမ်းနှင့် အတွင်းဘက်သို့ ပြန်လှည့်၍ ဝင်လာတော့မှ ခင်မေ့ကို သူက မြင်ပါ၏။ မြင်လျှင် မြင်ချင်း ခင်မေ့ဆီသို့ သူက ခပ်သွက်သွက်လျှောက်လာသည်။ ခင်မေက သူ့ကိုမကြည့်။ သူဝယ်ခြမ်းလာသော ပစ္စည်းများကိုသာ အငေးသားကြည့်ရင်း မျက်လုံးအိမ်မှလည်း ပုလဲဥတွေ ဟီးလေးခိုနေပေသည်။

"ခင်မေ" သူက ခင်မေ့အနီးမှာပင် ရပ်ရင်း ခင်မေ့ကို ခေါ်နေ၏။

ခင်မေ မထူး၊ ငေးမြဲသာလျှင် ငေးလျက် မျက်လုံးအိမ်မှလည်း ပုလဲဥတွေနှင့်...

"ငိုနေသလား ခင်မေ၊ ဝမ်းနည်းနေသလားကွယ်" သူ့အသံမှာ ခင်မေ့နားအနားသို့ကပ်၍ ရင်ထဲမှ ကရုဏာလှိုင်းထ၍ ပုတ်ခတ်လိုက်သောကြောင့် ထွက်လာ ပြောလာသော အသံပါ။

"ကျုပ် အလုပ်ရပြီလေ ခင်မေ၊ ကိုထွန်းဦး အလုပ်ရပြီလေ၊ ဘာမှ ဝမ်းနည်းစရာ၊ အားငယ်စရာ မရှိတော့ဘူး၊ ကိုထွန်းဦးက ခင်မေနဲ့ ဒေါ်လေးကို လုပ်ကျွေးမှာပေါ့..."

ပုလဲဥတွေက မျက်လုံးတွေမှာ ပြည့်နေတော့သဖြင့် ခင်မေက ဘာမှ မမြင်တော့၊ သူမရဲ့နားအနားမှာ သက်ညှာစွာ ခပ်တိုးတိုးအုပ်အုပ် ပြောနေသော ကိုထွန်းဦးရဲ့ နှစ်သိမ့်နေသော အသံသာပဲ ကြားနေရပါ၏။

နောက် ဘာဖြစ်သွားသည်ကို ခင်မေက သဲသဲကွဲကွဲ မသိလိုက်။

ခင်မေက သူရင်အုံတွင် မျက်နှာကိုအပ်၍ သူ့ကို ဝမ်းနည်းဝမ်းသာ ဖက်ထားနေမိသည်ကိုသာ သတိရသလိုလိုရှိ၍ သူက ခင်မေ့ကို ခါးမှ ဖက်ကာ နဖူးပြင်ကို ယုယစွာ ကုန်း၍နမ်းနေလိုက်သော ထိုအနမ်းကား အိပ်မက်သလို တကယ်လိုလိုနှင့်...

"မောင်... မောင်... မောင်" အစ်ကိုကြီးနှင့် ကိုထွန်းဦးမှ မောင်ဟု ခင်မေက တောင့်တနှစ်ခြိုက်စွာ အားရပါးရ ခေါ်လိုက်မိပါ၏။

သူကသာ... "ဘာလဲ ခင်မေ" တဲ့၊ ဒါပေမဲ့ သူ့အသံမှာ မောပန်းတုန်ယင်၍ နေရှာပါသည်။

* * *

(၁)

ခင်မေက သူ့ကိုသည်လိုနှင့် သနားခဲ့၊ ချစ်ခဲ့၊ အားကိုးအားထားပြုခဲ့ရပါ၏။

သည်လို တစ်ဦးကိုတစ်ဦးက နားလည်ထောက်ထားခြင်း၊ ညှာတာခွင့်လွှတ်ခြင်းမျိုးဖြင့် သမီးရည်းစားလည်း မဖြစ်ကြရ၊ ချစ်ခြင်းကြိုက်ခြင်း စသော အိမ်ထောင်ရေး၏ 'ပတ်' ကိုလည်း မ 'ပျိုး' ခဲ့ကြရဘဲနှင့် ပွင့်လင်းလွတ်လပ်စွာ၊ ရိုးသားစွာ တစ်ယောက်၏သဘာဝနှင့် တစ်ယောက်၏သဘာဝကို နှီးနှောပေါင်းစပ်ခဲ့ကြရပေသည်။

သူ့အတွက် လိုအပ်နေသော သဘာဝမှာ ခင်မေဖြစ်၍ ခင်မေ့အတွက် ဟာနေသော သဘာဝမှာ သူပင် ဖြစ်နေ၏။ တစ်ယောက်၏ လိုအပ်သော သဘာဝကို တစ်ယောက်က ဖြည့်စွက်တင်းကျပ်၍ ပေးခြင်းနှင့် အတူတကွ ကျန်တစ်ယောက်၏ ဟာနေသော သဘာဝသည်လည်း ပြည့်တင်းသွားပြီးပင် ဖြစ်လာပါ၏။

ထိုညချမ်း၏ လှပသော ငွေလရောင်အောက်မှာ သူ၏စွန့်စားခန်းနှင့် အောင်မြင်ခြင်းကို သူသည် ခင်မေအား တင်းကျပ်စွာ ဖက်ပွေ့၍ ထားရင်း ပြောပြလျက်ပင် ရှိပေသည်။

"မောင် ခုလုပ်ရတာ ဘယ်မှာလဲဟင်" ခင်မေက သူမထက် ဆယ်နှစ်ကျော်ကျော်မျှ ကြီးနေသော လူကြီးအား "မောင်" ဟု ခေါ်နေ၏။ သည်လိုခေါ်ရမှပဲ အားရပုံလည်း ရပါ၏။

ကုန်သည်လမ်းက နီသာလင် ကျွန်းသစ်ကုမ္ပဏီကြီးတစ်ခုမှာပဲ

ခင်မေ...၊ အဲ... အလုပ်ရတယ်ဆိုလို့ အလုပ်ရပုံ ထူးဆန်းတာကို ပြောရဦးမယ်၊ နားထောင်မှာလား"

"ပြောပါ ထောင်ချင်တာပေါ့"

"ကျုပ်က ကုန်သည်လမ်းအတိုင်း လျှောက်လာတော့..."

"ဘယ်က ကျုပ်လည်း... ဟင် မောင်"

"ဩော်... ကျုပ်ပါလို့ဆိုနေ ခင်မေကလည်းကွယ်"

"အလကားနောက်တာပါ... ပြောပါ"

"ကုန်သည်လမ်းအတိုင်း လျှောက်လာတော့ အဲဒီနီသာလင်ကျွန်းသစ်ကုမ္ပဏီရှေ့မှာ ရပ်ထားတဲ့ မော်တော်ကားထဲက ဗိုလ်တစ်ယောက်က ဆင်းလာပြီး ကျုပ်ကို လှမ်းခေါ်တာနဲ့ ဘာများလဲဆိုပြီး သူ့အနားလျှောက်သွားတော့ မင်း ထွန်းလွင် မဟုတ်လား။ ဘယ်တုံးက ပြည်ကရောက်သလဲ" လို့ မေးနေတယ်။ ကျုပ်က ထွန်းလွင်ဆိုတာလည်း မသိ၊ ပြည်မှာနေတာလည်း မဟုတ်တော့ အံ့အားကြီးသင့်ပြီး ဘာမှပြန်မပြောဘဲ ကြည့်နေမိတာပေါ့...၊ ဒီတော့ "ဟော့... ထွန်းလွင် မင်း ဘာဖြစ်နေတာလဲ၊ ငါမေးနေတာ ကြားမှကြားရဲ့လား" လို့ ခပ်ကျယ်ကျယ်မေးနေပြန်တာနဲ့ "ကျုပ် ထွန်းလွင်မဟုတ်ဘူး၊ ပြည်မှာလည်း မနေဘူး" လို့ ပြန်ပြောလိုက်ရတယ်။ အဲဒီတော့ ဗိုလ်က ပါးစပ်အဟောင်းသားနဲ့ အံ့အားသင့်သွားသလို တော်တော်ကြာကြီး ကျုပ်ကို ကြည့်နေပြီးမှ "ငါပဲ လူတူချင်းမှားတာ ဖြစ်ရင်ဖြစ်၊ မဟုတ်ရင် မင်းပဲ ဦးနှောက်ပျက်နေတာ ဖြစ်မှာပဲ" လို့ ပြောပြန်တယ်"

"ဩော်... ဩော် အဲဒီဗိုလ်က မောင့်ကို အရူးလို့ဆိုချင်တာနဲ့ တူပါ တယ်"

"ဒါနဲ့ ကျုပ်က "ခင်ဗျားလူမှားတာ ဖြစ်ပါလိမ့်မယ် မိတ်ဆွေ၊ ကျုပ်ကတော့ ပြည်က ထွန်းလွင်မဟုတ်တာတော့ ကျုပ် မှတ်မိ

သလောက် သေချာပါတယ်” လို့ ပြန်ပြောတော့ ဗိုလ်က သဘောကျ သလို အသံထွက်အောင်ရယ်ပြီး “မင်းမှာ အရေးတကြီး ကိစ္စရှိသလား” လို့ မေးပြန်တယ်။ ဒီတော့ ကျုပ်က “ကျုပ်မှာ အလုပ်လိုက်ရှာနေတဲ့ ကိစ္စကလွဲပြီး ဘာမှမရှိပါဘူး” လို့ ပြန်ပြောလိုက်တော့ သူက အလုပ် တိုက်ထဲကို သူနဲ့အတူ ခေါ်သွားတယ် ခင်မေ”

“ဝတ္ထုကလေးကတော့ နားထောင်လို့ ကောင်းသားပဲ မောင်”

“တိုက်ထဲလည်းရောက်ရော အထဲက ဗိုလ်နှစ်ယောက်ကလည်း “ဟေး ထွန်းလွင် မင်း ဘယ်တုံးက ပြည်ကလာသလဲ၊ နေကောင်းရဲ့ နော်” လို့ တစ်ပြိုင်နက်ဝိုင်းပြီး နှုတ်ဆက်ကြပြန်တော့ ဘာပြန်ပြောရမှန်း မသိအောင် ကြောင်သွားတာပေါ့…၊ ဒီလိုကြောင်နေတုန်း ခေါင်းပေါင်းနဲ့ ပုဆိုးတောင်ရှည်နဲ့ ဂိုက်ကောင်းကောင်း လူကြီးတစ်ယောက်ကလည်း ဗိုလ်တွေအကြားကနေပြီး “ဟာ ဦးထွန်းလွင်ပါလား၊ ဘယ်ကဘယ်လို များ ဒီဂိုက်နဲ့ ရေးကြီးသုတ်ပျာ ထွက်လာရတာလဲ” လို့ နှုတ်ဆက်နေ တော့ ကိုယ့်ကို ရူးများနေသလား အောက်မေ့သွားမိတယ်ကွယ်”

“ဘိုင်စကုတ်ရိုက်နေတာနဲ့ တူနေမှာပဲနော်… မောင်”

“အားလုံးကကိုပဲ ကျုပ်ကို ပြည်က ထွန်းလွင်ဆိုပြီး စွပ်စွဲကြတာ မနည်းကြီးကို ရှင်းယူရတယ်။ ဒါနဲ့ အဲဒီဗိုလ်က မန်နေဂျာကိုး၊ ၎င်းမည် ကတော့ ဟင်ဒါဆင်တဲ့။ ကျုပ်ကို ပြည်က သူ့မိတ်ဆွေ စက်သူဌေး သစ်ကုန်သည် ဦးထွန်းလွင်နဲ့တူလွန်းလို့ ဆိုပြီး အလုပ်ပေးလိုက်တာပါ ပဲကွယ်”

“ဩော်… ဩော်… ဝတ္ထုရော ဘိုင်စကုတ်ရော ပါသွားတာပေါ့” ခင်မေက သူမရဲ့ သူရဲကောင်းကြီးကို ကလေးမလို လှောင်နေလိုက်ပါ သေး၏။

သူ့ပုံက သည်မှာ ဆုံးသွားပြီဖြစ်လေရကား သူသည် နောက်ထပ်

၍ စကားမပြောတော့ဘဲ တစ်စုံတစ်ရာကို နက်နက်နဲနဲ စဉ်းစားတွေးတော နေသကဲ့သို့ သမုဒ်ပြာလယ်မှ လင်းထိန်သော ငွေလမင်းကို မော့၍ကြည့် နေပါ၏။

အတန်ကြာ သူက ငွေလမင်းကို မော့ကြည့်နေရာမှ သူ့ရင်ခွင်ထက် တွင် သူမ၏ခေါင်းကလေးကို အသာအယာမှီ၍ မှေးနေသော ခင်မေ့ မျက်နှာကလေးကို တစိမ့်စိမ့်ကြည့်ရင်း...

"ခင်မေ အိပ်ချင်ပလား..."

ခင်မေက မျက်လုံးကိုဖွင့်လိုက်၏။

"မအိပ်ချင်သေးပါဘူး မောင်"

"တကယ်လို့ ကျုပ်ဟာ ပြည်က ထွန်းလွင်များ ဖြစ်နေရင် ဘယ့် နှယ်လုပ်မလဲ ခင်မေ..."

"ဘာခက်တာလိုက်လို့ မောင်၊ ခင်မေက ပြည်ထွန်းလွင်ရဲ့ဇနီး ပေါ့..."

သူက အသံထွက်အောင် ရယ်နေလိုက်ပါ၏။ ထိုသို့ ရယ်နေပြီး ခါမှ

"ဟိုက စက်သူဌေး သစ်ကုန်သည် ဦးထွန်းလွင်၊ ကျုပ်က ဘယ်က မှန်းမသိတဲ့ လူတစ်ယောက်၊ အင်း... အင်း... နီးစပ်ပါရဲ့ဗျာ" ဟု သူ့ ဘာသာသူ တစ်ယောက်တည်း သဘောကျသလို တစ်လုံးချင်းစီ၍ အေး အေးဆေးဆေးပင် ပြောနေလိုက်ချေသည်။

ခင်မေက ဘာမျှပြန်မပြောတော့၊ သူမ၏ သူ့ရဲကောင်းကြီးအား လည်း မလှောင်ချင်တော့၊ သူ့ရင်ခွင်ထက်မှာသာ ခေါင်းကို အသာမှီရင်း မှေး၍သာနေပါ၏။

တကယ်ဆိုတော့ သူနှင့်သည်လို ငွေလရောင်အောက်မှာ ယှဉ်တွဲ ၍ သာယာကြည်နူးခဲ့ရခြင်းများကို သူက အဘယ်သို့ မေ့နိုင်သည်တိုင်

အောင် ခင်မေက ဘယ်လိုများ မေ့၍ရနိုင်ပါမည်လဲ၊ ပြီးတော့ မိခင်မေက အရိုင်းသက်သက်မှ အရိုင်း။

* * *

## အစ၏အဆုံး၌လည်း

(၁)

သည်လို ခင်မေက သူ့ကိုစ၍တွေ့ကာ သည်လို သူ့ကို ကယ်ဆယ်ခဲ့ရပြီ။ သည်လို ညားလာရသည့်တိုင်အောင် ခင်မေသည် သူ့အကြောင်းကို ဘာမျှမသိ။ သိချင်၍ မေးသည့်တိုင်အောင်လည်း သူကိုယ်တိုင်က ဘာမျှမသိ၊ သူ့အတိတ်ကို ဘယ်လိုမေ့လျော့၍ ဘယ်လိုဖြစ်ပျက်လာသည်ကိုပင် မသိနိုင်အောင် ဖြစ်ချင်တိုင်းဖြစ်၍ ပျက်ချင်တိုင်းပျက်လာခဲ့သော လူတစ်ယောက်ကို လျှို့ဝှက်ဆန်းကြယ်စွာပင် ခင်မေက ခက်ခက်ခဲခဲ တွေ့လာခဲ့ရပေသည်။

သားအမိကလေးနှစ်ယောက် မျက်လုံးသူငယ်နှင့် ဆင်းဆင်းရဲရဲဖြစ်သလို လုပ်ကိုင်စားသောက် နေကြရသည့်အတွင်း သူ့ကို တွေ့ဆုံခဲ့ရကာ အသနားပို၍ ခင်မေက အိမ်သို့ပင် ခေါ်ဆောင်လာခဲ့ကာ ကျွေးမွေးပြုစု၍ စောင့်ရှောက်ထားခဲ့ပါ၏။ သည်အတွင်း ကံဆိုးမိုးမှောင်ကပါစင်အောင် တိုက်လိုက်သဖြင့် အလုပ်ပြုတ်၍ ငတ်ရတော့မည့်အပိုင်းသို့ ကျဆင်းသက်ရောက်တော့မည့်ဆဲဆဲမှာ သူက သက်ညှာစွာဖြင့် သူမှတ်မိသော ပညာကလေးနှင့် အလုပ်တစ်ခုကို ရခဲ့ပေသည်။

သည်မှာပင် ခင်မေက ထွန်းဦးကိုတွေ့၍ ထွန်းဦးကလည်း ခင်မေ့ကို တွေ့သွားကြပါ၏။

"မောင်... မောင်... မောင်" ခင်မေက ချစ်ခင်ခြင်း၊ အားကိုးခြင်း၊ မျှော်လင့်ခြင်းများဖြင့် သူ့မရဲ့မောင်ကို ခေါ်မိပါ၏။

"ဘာလဲ ခင်မေ"တဲ့... သူကတော့ ဒါပဲ။ သည့်အပြင်လည်း ဘာမှမပြော။

သည်လိုနှင့် အိမ်နီးနားချင်း အနည်းငယ်လောက်ကိုသာ ဖိတ်ခေါ် ကျွေးမွေးကာ ခင်မေနှင့် ခင်မေရဲ့မောင်တို့သည် အင်မတန်ချစ်သော အကြင်ဇနီးမောင်နှံဘဝသို့ ရောက်ကြရပေသည်။

သူက နံနက်ရထားနှင့် အလုပ်ဆင်းသွားသောအခါ သားအမိ နှစ်ယောက်သာလျှင် အိမ်မှာ ကျန်ရစ်ခဲ့ကြ၏။ ထိုအခါ ဆိုးတိုင်ပင် ကောင်းတိုင်ပင် သားအမိနှစ်ယောက်မှာ လင်နှင့် သမက်အတွက် များစွာ ရတက်မအေးနိုင်ဘဲ ရှေ့ရေးကို တွေးတောတိုင်ပင်ကြရပေသည်။

"မောင်ထွန်းဦးရဲ့အတိတ်မှာ ဘာတွေ ဖြစ်ပျက်လာခဲ့တယ် ဆိုတာ ကို မသိရတဲ့အတွက် မေမေက ပူမိတာပါပဲ သမီးရယ်...၊ ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ... တကယ်လို့များ သူ့မှာ ဒီအသက်ဒီအရွယ်နဲ့ဆိုတော့ သားကြီးမယားကြီး မရှိဘူးလို့ ပြောဖို့ကလည်း ကျပ်သားပဲ" ခင်မေရဲ့ မိခင်က သူမ၏သမီးအား လူတစ်ယောက်၏ သားငယ် မယားငယ် ဖြစ်မည်ကို တွေးတောပူပန်မိသည့် ရှေးလူကြီးများ၏ သဘောအတိုင်း ရိုးသားစွာပင် ပြောနေ၏။

"မဟုတ်နိုင်တာဘဲ မေမေရယ်...၊ မေမေကလည်း ကတ်ကတ် သတ်သတ် လျှောက်တွေးနေတာပဲ"

"ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာတဲ့ သမီး၊ မေမေကတော့ သမီး ကို ဒီလိုဖြစ်မှာစိုးလွန်းလို့ တွေးပြီးပူရတာပါပဲကွယ်..."

"သူကိုယ်တိုင်ကမှ သူ့မှာ မိဘလည်းမရှိဘူး။ ဆွေမျိုးလည်း မရှိဘူး...၊ ဘာမှလည်းမရှိဘူးလို့ ပြောထားသားပဲ မေမေ...၊ ဒီအတွက်တော့ ပူစရာမဟုတ်ပါဘူး..."

"မောင်ထွန်းဦးကို မေမေ အကဲခတ်ရတာတော့ အင်မတန်ရိုးပြီး

သဘောကောင်းတဲ့ သူငယ်တစ်ယောက်ပါပဲ။ ဒါပေမဲ့ သူကိုယ်တိုင်ကမှ သူအရင်ကဘာလဲလို့ သေသေချာချာ မပြောပြနိုင်တော့ သူ့နောက်ကြောင်းတွေအတွက် မေမေက ဘယ်လိုစိတ်ချလက်ချ စိတ်အေးလက်အေး နေနိုင်ပါ့မလဲ သမီးရယ်..."

"ဒီလိုဆိုရင် မေမေက ဘယ်လိုထင်လို့လဲ..."

"မေမေကတော့ ဘာရယ်လို့မှ ထင်တယ်မဟုတ်ပါဘူးကွယ်၊ မောင်ထွန်းဦးကိုယ်တိုင် သေသေချာချာ မမှတ်မိတဲ့ သူ့ရဲ့နောက်ပိုင်းရာဇဝင်မှာ သားကြီးမယားကြီးနဲ့ မရှင်းမလင်းဖြစ်နေမှာ တစ်ခုကိုသာပဲ စိုးရိမ်မိတာပဲ"

"ဟုတ်နိုင်မယ်မထင်ပါဘူး မေမေရယ်၊ နောက်ဆုံး သူ့မှာ သားကြီးမယားကြီး ရှိလာလို့ လိုက်လာရင်တော့ သမီးတို့ ဖြစ်နေမိကြမှပဲ ကြည့်လုပ်ရမှာပေါ့ မေမေ"

"ဟဲ့ သမီး၊ ညည်းဟာက ပေါ့ပေါ့ကလေးပြောလိုက်တာကွယ်၊ ဘယ်ကြည့်လုပ်ရမှာလဲ၊ ညည်းက မယားငယ်အဖြစ်ခံနေမှာ မို့လို့လား"

"တကယ်လို့ ရှိလာရင်တော့ ဘာများ ခင်မေတို့က တတ်နိုင်ဦးမှာလဲ မေမေရယ်၊ ပြီးတော့ ဒါတွေကလည်း မဖြစ်နိုင်ပါဘူး၊ မေမေတို့ ရှေးလူကြီးတွေကသာ တွေးမိတွေးရာ လျှောက်တွေးပြီး ခေါင်နေတာပါ"

"ခက်တယ် ခင်မေ...၊ မေမေကလည်း မောင်ထွန်းဦးကို သားအရင်းလိုချစ်တာ ခင်တာပါပဲကွယ်၊ ဒါပေမဲ့ မဖြစ်သော် တော်ပါ၏။ ဖြစ်လာသော် မခက်လောဆိုသလို တွေးပြီးပူရတာပါ။ နောက်ပြီး သူ့ကို အလုပ်ပေးတဲ့ နီသာလင် ကျွန်းသစ်ကုမ္ပဏီကလည်း သူ့ကို ပြည်က စက်သူဌေး မောင်ထွန်းလွင်လို့စွပ်စွဲပြီး သူက မဟုတ်ပါဘူးပြောမှ တူလို့ ထင်ပါရဲ့ဆိုပြီး အလုပ်ပေးထားတုန်းကတည်းက မေမေကတော့ ရောက်တတ်ရာတွေးပြီး ပူရတာပဲ"

"အလကားပါ မေမေရယ်...၊ ကိုယ့်ကိုယ်ကိုယ် စိတ်အဆင်းရဲခံလို့"

ထိုအခိုက် တစ်ဖက်သော ဦးဘခက်တို့ခြံဘက်မှ ထမင်းချက်သော အဒေါ်ကြီးတစ်ယောက်က တက်လာသောကြောင့် သားအမိနှစ်ယောက်မှာ စကားပြတ်သွားကြကာ အိမ်ပေါ်သို့ တက်လာသော ဧည့်သည်ကို ဧည့်ခံရလေသည်။

"ည ကိုးနာရီ ဘုရားကိုးဆူကပ်မှာမို့ ဒီက မောင်ထွန်းဦးတို့ မခင်မေတို့ လင်မယားကို ဆက်ဆက်လာဖြစ်အောင် လာကြပါလို့ ဖိတ်ခိုင်းလိုက်လို့"

"သြော်... ဘုရားကိုးဆူ ကပ်မလို့လား။ ဟုတ်ကဲ့ ကျွန်မတို့ လာခဲ့ပါမယ်" ခင်မေက လွယ်လင့်တကူပင် ကတိခံလိုက်သောကြောင့် ထမင်းချက်အဒေါ်ကြီးလည်း နှုတ်ဆက်ကာ ပြန်၍ဆင်းသွားသောအခါ ခင်မေမှာ သူ့အမေအနီးတွင် ထိုင်နေပါက အပိုသက်သက် စိတ်မချမ်းမြေ့စရာစကားများကို ကြားနေရဦးမည့်အတွက် အိမ်ပေါ်မှဆင်း၍ ခြံထဲတွင် လမ်းလျှောက်နေမိလေသည်။

(၂)

ဘုရားကိုးဆူကပ်သော ဦးဘခက်တို့အိမ်သို့ ရောက်သောအခါ ဦးဘခက်ကပင် ကိုယ်တိုင်ဆင်း၍ ကြိုကာ ခင်မေတို့လင်မယားကို ဘုရားကိုးဆူကပ်လှူရာ အပေါ်ထပ်သို့ ခေါ်ဆောင်သွားလေသည်။

တောပိုင်းဖြစ်သဖြင့် ဧည့်သည်များများမရှိ၊ နီးစပ်ခင်မင်ရာ မိတ်ဆွေအနည်းငယ်လောက်သာ ရှိပေသည်။

ဘုရားဝတ်ချပြီးနောက် ဦးဘခက်ကပင် ခင်မေတို့ လင်မယားအား လူရှင်းသော နေရာတစ်ခုသို့ သွားရောက်နေရာချပေးကာ ကျွေးမွေးသော

အစားအသောက်များကို လာရောက်ချပေးစေလေသည်။ သည်လို ဦးဘခက်က ခင်မေတို့လင်မယားကို ဧည့်ခံနေခိုက် မလှမ်းမကမ်းမှ ဧည့်သည်လူကြီးတစ်ယောက်က ဦးဘခက်ကို လှမ်းခေါ်လိုက်သဖြင့် ဦးဘခက်သည် ခင်မေတို့လင်မယားအား တောင်းပန်၍ ထားခဲ့ပြီးနောက် ၎င်းအား ခေါ်နေသော ဧည့်သည်ရှိရာဘက်သို့ ထွက်ခဲ့ရလေသည်။ ထိုသို့ ဦးဘခက်ကို လှမ်းခေါ်လိုက်သော ဧည့်သည်မှာ ဤကံဘဲ့၏ ပတ်ဝန်းကျင်တွင် ခင်မေ တစ်ခါမျှ မမြင်ဖူးသော အသက်လေးဆယ် နီးပါး လူကြီးတစ်ယောက်ဖြစ်၍ ထိုလူကြီးက ခင်မေရဲ့ယောကျ်ား ကိုထွန်းဦးအား စိုက်၍စိုက်၍ ကြည့်နေရာမှ ဦးဘခက်အား လှမ်းခေါ် လိုက်ခြင်းဖြစ်ရကား ခင်မေက မုန့်ဟင်းခါးကိုသာ စားနေရသော်လည်း စိတ်နှင့်နားက ထိုလူကြီးဆီသို့သာ အမှတ်မထင် ရောက်နေမိပေသည်။

"ပြည်က စက်သူဌေး ဦးထွန်းလွင် မဟုတ်လားဗျ ဦးဘခက်၊ ကျုပ်တို့ ပြည်က ဟိုလွန်ခဲ့တဲ့ ငါးလကျော် ခြောက်လလောက်က ရန်ကုန် ကိုလာပြီး ကားမှောက်လို့ ကားရှောမီးလောင်၊ လူရောသေပြီဆိုပြီး နေ့စဉ် သတင်းစာထဲမှာ ဟိုးလေးတကျော် ဖြစ်သွားတဲ့ လူလေ" ထိုလူကြီးက ဦးဘခက်အား ခပ်တိုးတိုးပင် မေးနေခြင်းဖြစ်သော်လည်း ခင်မေက အထူး ဂရုစိုက်၍ နားကို စွင့်နေသူဖြစ်ရကား ပီပီသသနှင့် အားလုံးကို မကြား လိုက်ရသော်လည်း ပြည်က စက်သူဌေးနှင့် ဦးထွန်းလွင် ကားမှောက် မီးလောင်ဆိုသော စကားလုံးများကိုကား မသဲမကွဲ ကြားလိုက်ရသဖြင့် ရင်ထဲတွင် တစ်မျိုးတစ်မည် လှုပ်ရှား၍ သွားမိပေသည်။

ဦးဘခက်က ဘာပြန်ပြောသည်ကိုကား မကြားရ။ ထိုလူကြီးက ခေါင်းကိုသာညိတ်၍ တွေတွေကြီး စဉ်းစားနေပုံ ထင်ရပါ၏။ ထိုသူအား ဦးဘခက်က စကားပြော နှုတ်ဆက်ပြီးနောက် ခင်မေတို့ လင်မယားရှိရာ သို့ ကူးလာပြန်သည်။

"စားနော်... တူမကြီး ဝအောင်စားနော်" ဟု ဦးဘခက်က လောကွတ်မဟုတ်ဘဲ တကယ့်စေတနာနှင့် စားစေချင်၍ တိုက်တွန်းနေသည်ကို ခင်မေက အပြုံးဖြင့် ခေါင်းညိတ်လိုက်ပေသည်။

"ခုတင်က မိတ်ဆွေက ရွှေတောင်က ရက်ကန်းထောင် ဦးဘဆွေဆိုတာပဲ၊ မောင်ထွန်းဦးကို လူချင်းတူလို့ ပြည်ကလားဆိုပြီး မေးနေလို့ မဟုတ်ပါဘူးလို့ ပြန်ပြောနေရသေးတယ်"

"သြော်... ရွှေတောင်ကတဲ့လား" ခင်မေက ဟန်လုပ်၍သာ စကားပြန်ပြောလိုက်ရပေသည်။ ရင်ထဲမှာကတော့ တထိတ်ထိတ်နှင့် ခုန်နေ၏။ "ပြည်က စက်သူဌေးနှင့် ဦးထွန်းလွင် ကားမှောက်မီးလောင်" ဆိုသော စကားများသည် နားစွန်နားဖျားသာ ကြားလိုက်ရသော်လည်း ခင်မေ့ကို ခြောက်လှန့်နေ၏။

ကိုထွန်းဦး အလုပ်ရလာသောနေ့ "ပြည်က စက်သူဌေး ဦးထွန်းလွင်" ဆိုသော စကားများကို ကြားရစဉ်က ရင်ထဲတွင် မည်သို့မျှ ထူးထူးခြားခြား မဖြစ်မိသော်လည်း ယခုတစ်ဖန် ရွှေတောင်မှ ရက်ကန်းထောင် ဦးဘဆွေဆိုသော လူကြီးက ပြောလိုက်သော နောက်ဆက်တွဲ "ကားမှောက် မီးလောင်" ဆိုသော စကားများကိုပါ အသစ်ထပ်မံ၍ ကြားလိုက်ရသောအခါ စိုးရွံ့စိတ် ကြောက်လန့်စိတ်များသည် အလိုလို ဝင်လာကာ ရင်ထဲတွင် ခုန်နေမိပါ၏။

ခင်မေသည် ဘုရားကိုးဆူတွင် ကြာရှည်မနေချင်တော့၊ ကိုထွန်းဦးကို အိမ်ပြန်ရန် ချော့မော့ပြောဆိုပြီးနောက် ဦးဘခက်ကို နှုတ်ဆက်ကာ အိမ်သို့ ပြန်လာခဲ့လေသည်။ အိမ်သို့ရောက်၍ အိပ်ရာပါဝင်ပြီးနောက်၌လည်း ခင်မေ၏ရင်ထဲတွင် ခုန်နေပါသေး၏။

ရော ခက်ကပြီ၊ ခင်မေက ဘာလုပ်ရပါမတုံး။

ကိုထွန်းဦးကတော့ အိပ်ရာဘေးမှ ထားနေကျ စာအုပ်တစ်အုပ်ကို

ဆွဲယူကာ မအိပ်ချင်သေးသကဲ့သို့ အေးချမ်းစွာ ဖတ်နေလေသည်။ သည်လို ကိုထွန်းဦးကသာ အေးချမ်းစွာ စာဖတ်နေသည်။ သူ့မယားခင်မေ တစ်ယောက်ရဲ့ ဝမ်းထဲမှာ ဘာတွေဖြစ်ပျက်နေသည်ကိုကား မသိရှာ။

ခင်မေက နဖူးပေါ်လက်တင်၍ စဉ်းစားနေရာမှ ဤကိစ္စကို သူ့အမေအား ဖွင့်ပြော၍ တိုင်ပင်ရလေလျှင် ကောင်းမလားဟု တွေးတော နေမိသည်။ သို့ရာတွင် ရွှေတောင်မှ ရက်ကန်းထောင် ဦးဘဆွေ ပြောစကားအရ လွန်ခဲ့သော ငါးလကျော် ခြောက်လခန့်က ပြည်မှ စက်သူဌေး ဦးထွန်းလွင် ရန်ကုန်၌ ကားမှောက်သောသတင်းကို သတင်းစာတိုက်တစ်တိုက်သို့ သွားရောက်စုံစမ်းလျှင် သိသင့်သောသတင်းကို သိရမည်ဖြစ်ပေ သည်။ ထိုသတင်းကို အသေအချာ သိရပြီးမှသာ ကိုထွန်းဦးကိုရော၊ သူ့အမေကိုရော ဖွင့်ပြော၍ တိုင်ပင်ဖို့ရန် ဆုံးဖြတ်လိုက်ပြီးနောက် စာအုပ်ထဲတွင် စူးစူးစိုက်စိုက် စိတ်ဝင်စားစွာ ဖတ်နေသော သူမရဲ့မောင်ကို ခင်မေက စိုးရိမ်သလိုကြည့်ကာ...

"မောင် ခင်မေ့ဘက်ကိုများ လှည့်ပါဦး" ဟု ပြောပြောဆိုဆိုနှင့် ဖတ်နေသော သူ့လက်ထဲမှ စာအုပ်ကို ဆွဲယူကာ သူ့အား ဖက်လိုက်လေ သည်။

သူက ပြုံးလိုက်သည်။

"သိပ်ဆိုးတဲ့ ခင်မေပဲ" တဲ့။ သူကတော့ ဒါပဲလေ။ ဟုတ်တယ်... ဒါပဲ။

သူမဘက်သို့လှည့်လာသော မောင်ရဲ့မျက်နှာကို ခင်မေက အားမလိုအားမရ ကြည့်ရင်း...

"မောင် အရင်က ပြည်မှာတော့ မနေဖူးပါဘူးနော် ဟုတ်လား မောင်"

သူကပြုံး၍သာ ခင်မေ့ကို ကြည့်နေ၏။ ဘာမျှတော့ဖြင့် ပြန်

မပြော။

"ဟင် မောင်... ခင်မေ မေးတာကိုများ ဖြေစမ်းပါဦး...၊ မောင် အရင်က ပြည်မှာမနေဖူးဘူး မဟုတ်လား" မိမိလိုလားသော အဖြေကိုသာ ညွှစ်၍ ခင်မေက တောင်းနေပါ၏။

"ဘာများ စိတ်ကူးရပြီး အရေးတကြီး ဒါကိုပဲ မေးနေရတာလဲ ခင်မေရယ်..." သူက အေးအေးသက်သာ ညည်းညူသလို မေးနေပြန်ပါ၏။

"ခင်မေမေးတာကို ဖြေစမ်းပါဦး၊ မောင် ပြည်မှာ မနေဖူးဘူး မဟုတ်လားနော်...၊ မနေဖူးဘူးနော်... မောင် ဟုတ်လား..." ခင်မေ့မေးခွန်းက ထပ်၍နေသည်။

"မမှတ်မိဘူး ခင်မေ၊ နေဖူးတယ်လို့တော့လည်း မထင်ပါဘူး" သူက ဒါပဲပြော၏။

ခင်မေက ရင်ထဲမှ အေးသွားသလိုရှိသော်လည်း စိတ်နှလုံးကား တုံးတုံးမချနိုင်သေး။

"မောင့်ဟာကလည်းကွယ်... ဘာလိုလိုနဲ့ မတင်မကျကြီးဘဲ..."

"အို ဒီထက် ဘယ့်နှယ်လုပ်ပြီး ဖြေရဦးမှာလဲ ခင်မေ၊ မမှတ်မိတာ ဟာ ဘယ်မှတ်မိပါ့မလဲ၊ ပြီးတော့ နေဖူးတယ်လို့လည်း မထင်ပါဘူး ပြောနေမှပဲ..."

ခင်မေက စိတ်ကောက်ချင်ယောင်ပြုကာ တစ်ဖက်သို့လှည့်၍ သူ့ကို ကျောခိုင်းထားလိုက်၏။ သည်လိုလုပ်ထားခြင်းဖြင့် သူက ခင်မေ့ ကို ချော့လိမ့်မည်ဟု ခင်မေက ထင်နေသလားတော့ မပြောတတ်။

သူကမူကား သူ့မယား ခင်မေက သည်လိုစိတ်ကောက်ပြီး ကျော ခိုင်းနေသည်ကို သာယာညင်းပျောင်းနှစ်သိမ့်ကာ ချော့မော့ရမည့်အစား ခုတင်က ခင်မေ သူ့လက်ထဲမှဆွဲယူကာ ခေါင်းရင်းဘက်တွင် မေ့၍

ချထားခဲ့သောစာအုပ်ကို ကောက်ယူကာ အေးအေးဆေးဆေးပင် စာဖတ်၍များ နေလိုက်ပါပကော...

တော်တော်ကြာ၍ မချော့မှန်းသိလာသော ခင်မေက မောင့်ကို လှည့်လိုက်မိပါ၏။

"မောင်... မောင်... မောင်" ဒါပဲ အံ့ဩဝမ်းနည်းစွာ ခင်မေရဲ့ပါးစပ်မှ ထွက်လာနိုင်ရှာ၏။

(၃)

"ပြည်မှ စက်သူဌေး ဦးထွန်းလွင်
ကားမှောက်၍ သေဆုံးသွားပြီထင်ရခြင်း"

**အလောင်းကို ရှာမတွေ့ဖြစ်နေခြင်း**

ရန်ကုန်မြို့၊ သွန်မဆင်ရိပ်သာတွင် ပြည်မှ ခေတ္တလာရောက်တည်းခိုနေသော စက်သူဌေး ဦးထွန်းလွင်ဆိုသူ၏ အာရ်ဘီ ၁၈၂၄ အော်စတင်ကားကလေးကို ၎င်းကိုယ်တိုင်မောင်း၍ ကုက္ကိုင်းဘက်မှ အပြန် ရွှေတောင်ကြားလမ်းထိပ်သို့ မရောက်မီ ချောက်ထဲသို့ ထိုးကျသွားပြီးနောက် ကားကလေးမှာလည်း ဘာမျှမကျန်တော့အောင် မီးဟုန်းဟုန်း တောက်လောင်သွားကြောင်း။

ဦးထွန်းလွင်၏ အလောင်းကိုမူ ရှာဖွေ၍ မတွေ့သော်လည်း သေဆုံးသွားပြီဟု ယူဆရကြောင်း။

ခင်မေက လွန်ခဲ့သော ခြောက်လခန့်က သတင်းကို ဖတ်ကြည့်ရပြီးနောက် သတင်းစာတိုက်ပေါ်မှ ဆင်းလာသောအခါ ရင်ထဲ၌ လေးနေမိပေသည်။

ဦးထွန်းလွင်၏ အလောင်းကိုမူ ရှာဖွေ၍ မတွေ့သော်လည်း

သေဆုံးသွားပြီဟု ယူဆရကြောင်းဆိုသော သတင်း၏အောက်ပိုင်းအတွက် မိခင်မေက အမျိုးမျိုးဆက်စပ်၍ တောင်စဉ်ရေမရလျှောက်၍ တသီတတန်းကြီးပင်တွေးကာ အိမ်သို့ပြန်နှင့်၍ မိခင်ကြီးအား ဤအကြောင်းကို ဖွင့်ပြောကာ တိုင်ပင်ရကောင်းလေမလားဟု ဆက်လက်စဉ်းစားမိပြန်လေသည်။

သူ့ကို အလုပ်ပေးသော နီသာလင်ကျွန်းသစ်ကုမ္ပဏီက မျက်နှာဖြူ မန်နေဂျာနှင့် အခြားလူကြီးသုံးဦးကလည်း သူ့အား ပြည်မှထွန်းလွင်ဟု စွပ်စွဲခဲ့ကြသကဲ့သို့ပင် ဦးဘခက်အိမ်မှ ဘုရားကိုးဆူကပ်သော ညကရွှေတောင်မှ ရက်ကန်းထောင် ဦးဘဆွေဆိုသော လူကြီးကလည်း သူ့အား "ပြည်က စက်သူဌေးနှင့် ဦးထွန်းလွင် ကားမှောက်မီးလောင်" ဟူသော စွပ်စွဲချက်များအား ဆက်စပ်၍၊ ရှာမတွေ့သော ဦးထွန်းလွင်၏အလောင်းဆိုသော သတင်းနှင့် ခြုံ၍ကြည့်လိုက်သော အခါ၌ ခင်မေ့မှာ မျက်လုံးများပင် ပြာဝေ၍ သွားမိပါ၏။

"မောင်... မောင်... မောင် စက်သူဌေးလည်း မဖြစ်ပါစေနဲ့၊ ပြည်က ထွန်းလွင်လည်း မဖြစ်ပါစေနဲ့၊ ခင်မေရဲ့လင် စာရေးထွန်းဦးပဲ ဖြစ်ပါစေတော့ရှင်" ခင်မေက စိုးရွံ့ဆုတောင်းမိပေသည်။

သည်လို ပူပန်စိုးရိမ်သဖြင့် မြို့ထဲတွင် ကြာရှည်မနေနိုင်။ ကိုထွန်းဦးကိုပင် သွားရောက်မတွေ့ဆုံနိုင်တော့ဘဲ မီရာရထားနှင့် ကံဘဲ့သို့အရောက် ဒုန်းချလာရပေသည်။

အိမ်သို့ရောက်၍ ခြံထဲသို့ မဝင်မီကပင် "မေမေ... မေမေ" နှင့် လှမ်းခေါ်ကာ အပြေးအလွှား မိခင်ရှိရာသို့ တက်လာခဲ့သည်။

"သမီး... ခင်မေ ဘာများဖြစ်လာရတာလဲကွယ် အထိတ်တလန့်နဲ့ မေမေရင်လေးလွန်းလို့" ဟု မိခင်ကြီးက ဆီး၍ပြောတော့မှ အသက်ရှူမှန်ဖို့ အရေးကိုပင် ခင်မေ့မှာ တော်တော်ကြိုးစားနေရသဖြင့် ပြောချင်သော

စကားကို မပြောနိုင်အောင် ဖြစ်နေရပါ၏။

အတန်ကြာ အသက်ရှူမှန်အောင် နားနေပြီးမှ ခင်မေက သူမ ဖတ်ခဲ့သိခဲ့ရသော သတင်းနှင့် သူမကြားသိထားခဲ့ရသော အကြောင်းများကို ဆက်စပ်ပြောပြလေသည်။

"ဒါ ဘယ့်နှယ်လုပ်မလဲ ဟင် မေမေ၊ တော်တော်ကြာ ကိုထွန်းဦးဟာ ပြည်က ကိုထွန်းလွင်များ ဖြစ်နေရင်တော့" ခင်မေက သူမ၏စိတ်ထဲတွင် ရှိနေသော စိုးရိမ်မှုကို မိခင်ကြီးအား ဖွင့်ဟ၍မေးနေသည်။

"မောင်ထွန်းဦးက သူကိုယ်တိုင် မဟုတ်ပါဘူးလို့ ပြောနေတာပဲ သမီးရယ်...၊ ဘယ်နည်းနဲ့မှ ဟုတ်နိုင် ဖြစ်နိုင်လိမ့်မယ်လို့တော့ မေမေ မထင်မိဘူး"

"ကိုထွန်းဦးဟာ သူ့ကိုယ်သူ ဘာဖြစ်လို့ ဘာဖြစ်မှန်းသိတဲ့ လူတစ်ယောက်မှ မဟုတ်ဘဲ မေမေ၊ ပြီးတော့ သူဟာ သတိလစ်ပြီး သူ ဘာဖြစ်လာခဲ့တယ်ဆိုတာတွေကို မေ့နေတဲ့ လူတစ်ယောက် ဖြစ်ချင်ရင်လည်း ဖြစ်နိုင်တာပဲ"

"မေမေတော့ ဘယ်လိုမှ မစဉ်းစားတတ်တော့ပါဘူး သမီးရယ်။ မောင်ထွန်းဦး ညပြန်လာတော့မှပဲ သမီးတို့အချင်းချင်း မေးကြည့် ပြောကြည့်စမ်းပါဦး"

လူငယ်များကိစ္စတွင် ဘယ်လိုမှ မပြောတတ်အောင် ရှုပ်ထွေးနေပုံရသော ပြဿနာကို ခင်မေ၏မိခင်က အရှုံးပေးသော လေသံဖြင့် ညည်းညူလိုက်ပေသည်။

"အဲဒီ ပြည်က စက်သူဌေး ဦးထွန်းလွင်ဆိုတာကို မေးကြည့်တော့ သူ့မှာ အိမ်ထောင်နဲ့ သမီးကလေးတစ်ယောက်တောင် ရှိတယ်တဲ့ မေမေ" ခင်မေက သိလာရသမျှကို ဝမ်းထဲတွင် မထားတတ်သဖြင့် မိခင်ကြီးကိုပင် ဖွင့်ဟ၍ နေပြန်ပါ၏။

"မေမေ နောက်ထပ်မကြားပါရစေနဲ့တော့ သမီးရယ်၊ ကြားရသမျှ လည်း မေမေ စိတ်မချမ်းသာလွန်းလို့ပါကွယ်၊ ဘုရားသိကြားမလို့ ကြား ရသမျှ မဟုတ်ပါစေနဲ့ ဘုရား၊ လွဲပါစေ ပယ်ပါစေ" ကိုယ်ရေး ကြုံလာ သောအခါ၌ ကိုယ့်ကိုယ်ကိုယ် အားမကိုးဘဲ ဘုရားနှင့် သိကြားဒေဝါများ ကိုသာ အားကိုးအားထားပြုတတ်သော ထုံးတမ်းစဉ်လာအတိုင်း ခင်မေ ၏မိခင်က အရှုံးပေး ဘုရားတနေသောကြောင့် ခင်မေက သူမမိခင်၏ ဘေးမှ ထလာခဲ့ရကာ ညစာအတွက် ချက်ပြုတ်ရန် မီးဖိုချောင်ဘက်သို့ ဝင်လာခဲ့ရပေသည်။

မီးဖိုချောင်တွင် ဝင်ရောက်ချက်ပြုတ်လုပ်ကိုင်ရင်းလည်း ခင်မေက သူမသိသော ပြည်မှ ထွန်းလွင်နှင့် သူမချစ်သောလင် ထွန်းဦးတို့ နှစ် ယောက်အကြောင်းကိုသာ အမျိုးမျိုး စိတ်အနှောင့်အယှက် မချမ်းသာမှု များ ဖြစ်နေရကား ထမင်းအိုး မနပ်လိုမနပ်၊ ဟင်းက ဆားများလိုများနှင့် မဖြစ်စဖူးသော မီးဖိုချောင်လောကတွင် အဆင်မပြေမှုများနှင့် ကမောက် ကမများကိုပါ ဖြစ်နေပေသည်။

ထမင်းအိုးက မနပ်သဖြင့် ပြန်၍ချက်ရ၏။ ဟင်းက ဆားများ သွားသဖြင့် နောက်ထပ်၍ အသီးအနှံများကို ထပ်ထည့်ကာ ချက်ရပြန် ၏။ ကြီးမယ့်ဒုက္ခာ...

ထမင်းဟင်းပါချက်ပြုတ်၍ ရေမိုးချိုးပြီးသောအခါ မိုးကလည်း ချုပ်ပြီဖြစ်သဖြင့် ခင်မေက မိခင်ကြီးနှင့် နောက်ထပ်မတွေ့တော့ဘဲ လင်သည် ပြန်လာမည့်အချိန်ကို မှန်းရင်း ခြံဝမှ ဆီး၍မျှော်နေမိသည်။ မျှော်လို့သာ နေရသည်။ ရင်ထဲမှာကား တအုံနွေးနွေးနှင့် ပူနေပါ၏။

သည်လို ခြံဝင်းဝမှ ဘူတာရုံဘက်ဆီသို့ ခင်မေက တစ်ယောက် တည်း ရင်ထဲမှာ တအုံနွေးနွေးနှင့် လင်သည်ပြန်အလာကို မျှော်နေခိုက် တစ်ဖက်ခြံမှ ဦးဘခက်က လမ်းလျှောက်လာရင်း ဆုံနေသဖြင့် ခင်မေရှိရာ

သို့ လျှောက်လာနေလေသည်။

"မောင်ထွန်းဦးကို မျှော်နေတယ်မှတ်တယ် တူမကြီး" ဦးဘခက်က သူတို့လင်မယားကို တော်တော်ခင်သဖြင့် ပြုံးကာရယ်ကာနှင့် နှုတ်ဆက်လေသည်။

"ဟုတ်ကဲ့ ဦး" ခင်မေက ရှက်ပြုံးကလေးပြုံးကာ လင်သည်အား မျှော်နေမိကြောင်းကို ဝန်ခံလိုက်ပေသည်။

"တူမကြီးတို့ ခုလို တစ်ယောက်ကိုတစ်ယောက်က အင်မတန်ကြင်နာပြီး ချစ်ကြခင်နေကြတာကို ဦးက အေးမှမြင်ရတာနဲ့ တော်တော်ပဲ စိတ်ချမ်းသာမိတယ်၊ ဒီလိုပေါ့ကွယ် လင်ရယ် မယားရယ်ဆိုတာ အရေအတွက်အားဖြင့် နှစ်ယောက်ဖြစ်ပေမဲ့ အရည်အသွေးအားဖြင့်တော့ တစ်ခုတည်း ဖြစ်သွားကြရတဲ့ အမျိုးပဲ" ဦးဘခက်က ချီးမွမ်း၍ ဝမ်းသာစကားပြောနေပါ၏။

"ဦးတစ်ယောက်တည်း လမ်းလျှောက်လာပါသလား"

"တစ်နေ့လုံး အိမ်ထဲမှာနေရတာနဲ့ ညောင်းလွန်းညာလွန်းလို့ပါကွယ်၊ ဒါထက် တူမကြီးမေမေကော နေကောင်းရဲ့လား"

"ဟုတ်ကဲ့ ဦး၊ မေမေကတော့ ဒီလိုဒီလိုပဲ..."

"ဩော်... ဒါထက် ဟိုညက ရွှေတောင်က ရက်ကန်းထောင် ဦးဘဆွေက တူမကြီးတို့လင်မယား ပြန်သွားကြပြီးတဲ့နောက်မှာ မောင်ထွန်းဦးကို ပြည်ကစက်သူဌေး ဦးထွန်းလွင်မှ ဦးထွန်းလွင်ဆိုပြီး တစ်ဖက်သတ်သတ် စွပ်စွဲနေလိုက်တာ ဦးက မဟုတ်နိုင်တဲ့အကြောင်း ဘယ်လိုရှင်းပြပေမဲ့ သူကတော့ အတင်းစွပ်စွဲနေလိုက်တာကွယ်...၊ ဦးတော့ ပြောပဲ မပြောချင်ပါဘူး"

ခင်မေက ရင်ထဲမှာ တလှပ်လှပ်နှင့် နားထောင်နေရ၏။ သို့ရာတွင် ဘာမျှတော့ မပြောတတ်။

ထိုအခိုက် ရထားဥသြသံကို ကြားလိုက်ရပြီးနောက် ဘူတာတွင် ရထားဆိုက်သံကို ကြားရသဖြင့် ဦးဘခက်က နှုတ်ဆက်၍ အလိုက်သင့် ထွက်သွားသောကြောင့် ခင်မေသည် ကိုထွန်းဦး ပြန်လာမည့်လမ်းဘက် ဆီသို့သာ မျှော်နေမိသည်။

ရထားဆိုက်၍ ပြန်ထွက်သွားပြီးသည့်နောက် အတော်ကြီးကြာ အောင်ပင် သူ့အရိပ်အခြည်ကို ခင်မေက မျှော်နေသော်လည်း မတွေ့ရ သဖြင့် သူ ပြန်လာတတ်သော လမ်းကလေးအတိုင်း လမ်းမှာ သူ့ကို တွေ့လျှင် တွေ့ပါစေတော့ဟူသော မျှော်မှန်းချက်ဖြင့် ဘူတာဘက်သို့ လျှောက်၍လာခဲ့လေရာ တစ်စထက်တစ်စမှ ဘူတာရုံသို့သာ ရောက်လာ ခဲ့သည်။ သူ့ကိုကား မတွေ့ရ။

ဘူတာရုံသို့ ရောက်သည့်တိုင်အောင် သူ့ကို မတွေ့ရသောအခါ ခင်မေက ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားကာ လမ်းတွင် တစ်နေရာရာများ ဝင်နေသလားဟူ၍ စဉ်းစားမိလာပြန်သဖြင့် လမ်းကလေးအတိုင်းပင် အိမ်ဘက်သို့ ပြန်လာခဲ့လေသည်။ လမ်းတွင် ဟိုဟိုဒီဒီ ကြည့်မိ၏။ သို့ရာတွင် သူ့ကိုမတွေ့ပါ။ သို့ဖြင့်သာ အိမ်သို့ပြန်ရောက်၍ မိခင်ကြီး ထံမှ သူ ပြန်မရောက်လာသေးကြောင်း သိရသောအခါ၌ကား ရင်ထဲတွင် တလှပ်လှပ် ဖြစ်လာမိပေသည်။

သူသည် ဤနောက်ဆုံးရထားနှင့် အချိန်မှန်မှန် ပြန်နေကျပင်ဖြစ် ၏။ ယနေ့မှ ဘာဖြစ်ရပါသနည်း။ ခင်မေက ရောက်တတ်ရာရာ လျှောက် ၍တွေးနေရာမှာ ရုတ်တရက် သတိရပြန်ကာ တစ်ဖက်မှ ဦးဘခက်ခြံ ဘက်သို့ လျှောက်လာခဲ့ပြန်၏။ အခန့်သင့်ပင် ခြံဝမှာ ဦးဘခက်နှင့် တွေ့သဖြင့် သူမလင် ဝင်မဝင် မေးမိသည်။ ဦးဘခက်ကလည်း ခင်မေရဲ့ လင် ဝင်မလာကြောင်းကို ပကတိ အေးချမ်းစွာ ပြန်ပြောလိုက်သောအခါ ၌ ခင်မေက ဦးဘခက်အားပင် နှုတ်ဆက်ရန် သတိမေ့ကာ အိမ်ဘက်သို့

ပြန်၍ ပြေးလာမိလေသည်။

သူဘာဖြစ်၍ ခါတိုင်းပြန်နေကျ ရထားနှင့် ပြန်မလာရသနည်း၊ ဘယ်များဝင်၍ ဘယ်သူနှင့်များ တွေ့နေသနည်း၊ သို့မဟုတ် အလုပ်ကပဲ များနေလို့ ရထားမမီလိုက်သောကြောင့် ကားနှင့်ပင် ပြန်လာမည်လော။

ခင်မေက အရှုးမကလေးလို တွေးမိတွေးရာ တသီတတန်းကြီး လျှောက်၍တွေးမိပါ၏။ ရင်ထဲမှာကား... တလှပ်လှပ်နှင့် ခုန်နေ၏။ ရင်ထဲမှာ ခုန်နေသောကြောင့် မောပန်းသောဝေဒနာကို ခံစားနေရပါ၏။

"မောင်ကလည်းနော်...၊ ဘာများ ဖြစ်နေရပါလိမ့်" ခင်မေက တစ်ယောက်တည်း ညည်းညူကာ နေမိသည်။

သို့ရာတွင် ညသည် တဖြည်းဖြည်းနက်၍ လာနေ၏။ ကားအချိန် ကျန်သေးသဖြင့် ခင်မေကတော့ ကားနှင့်ပြန်ရောက်လာမည့် သူ့လင်ကို မျှော်လင့်နေပါ၏။

"ဟဲ့ သမီး... မောင်ထွန်းဦးတစ်ယောက် ခုထက်ထိ ပြန်မရောက် သေးဘူးလား ဟင်၊ ဘယ်အချိန်များ ရှိနေပလဲ" သည်လိုတစ်ယောက် တည်း လင်သည်ကို မျှော်ကာ ပူပင်သောက ရောက်နေရခိုက် မိခင်ကြီးက တစ်ထောင့်မှ လှမ်းမေးလိုက်သောအခါ ခင်မေ့မှာ ငိုချင်ဖြစ်လာမိပေ သည်။

"ကနေ့ အလုပ်တွေများလို့ ကားနဲ့ပြန်မလို့ ထင်ပါရဲ့ မေမေရယ်" ဒါပဲ ပြောလိုက်သည်။

"ဩော်... အင်း... အင်း..." အဘွားကြီးက ဒါပဲပြောကာ ငြိမ်သက် ၍နေလေသည်။

သို့ဖြင့် ညသည် တဖြည်းဖြည်း မှောင်နေရသည့်အထဲ မိုးက ဖွဲဖွဲဖွဲ့ဖွဲ့ ဒိုင်းဒိုင်းဆင့်ကာ တဝေါဝေါ ရွာချလိုက်သောအခါ ခင်မေ့မှာ သာလွန်၍ စိုးရိမ်အားငယ်နေမိကာ အနေရအထိုင်ရ ခက်နေရပါ၏။

"မောင်ကလည်းနော် ခုထက်ထိ ပြန်မရောက်နိုင်သေးဘူးကွယ်" ပါးစပ်ကလည်း တိုးတိုး ညည်းညူနေရာမှ စားပွဲတင်နာရီကလေးကို လှမ်း၍ကြည့်လိုက်သောအခါ ရှစ်နာရီထိုးနေပြီ ဖြစ်သဖြင့် ကံဘဲ့သို့ နောက်ဆုံးကားတစ်စီးသာ ကျန်တော့သောအဖြစ်ကို သတိရမိကာ ရင်ထဲတွင် ခုန်၍သွားမိပေသည်။

သည်အထဲ မိုးကလည်း မညှာမတာ၊ သည်းသည်းမည်းမည်း ရွာချနေပါသေး၏။ ခက်ကပြီ၊ ခင်မေမှာ နေစရာမရှိ၊ ထိုင်စရာမရှိအောင် ဖြစ်နေမိပါ၏။

"သမီးခင်မေ မောင်ထွန်းဦးတစ်ယောက် ခုထက်ထိ ပြန်မရောက်သေးဘူးလားဟင်၊ ညကလည်းနက်ပြီး မိုးတွေကလည်း ရွာလိုက်တာကားမှ ရပါဦးမလားကွယ်" မိခင်ကြီးက သူ့သမက်အတွက် စိုးရိမ်ကြီးစွာ လှမ်း၍ မေးနေပြန်ပေသည်။

ခက်ကပြီ၊ ခင်မေက ဘယ်လိုများ သူမ၏ မိခင်ထက် ပို၍သိနိုင်ပါ့မလဲ၊ ခက်ကပြီ။

"နောက်ဆုံးကားတော့ ကျန်ပါသေးတယ် မေမေ၊ သူ အဲဒီကားနဲ့ပဲ ပါလာပါလိမ့်မယ် ထင်ပါရဲ့" မိခင်ကြီး စိတ်အေးသွားအောင် ခင်မေက လှည့်ပတ်၍ ပြောလိုက်ရသော်လည်း ခင်မေကမူ တလွဲတချော် လျှောက်တွေးနေမိပေသည်။

သူသည် မယားနှင့် ယောက္ခမမိဘကို အင်မတန်မှ ခင်မင်သူဖြစ်ပေသည်။ ဘယ်ကိုမှ လည်ပတ်သွားလာတတ်သူမဟုတ်၊ ယနေ့ညမှပင် ဘယ်လိုအရေးကိစ္စကြုံ၍များ ခုလို နောက်ကျနေရပါလိမ့်မလဲ။

ခင်မေက နာရီကို မကြာခဏ လှမ်း၍ကြည့်ရင်း ခေါင်းမှ ဆံပင်များကိုသာ ကုတ်ဖွနေမိသည်။ နာရီ၏လက်တံကား ခင်မေက သူမရဲ့ မောင်ကို စောင့်သလို စောင့်မနေ၊ သက်ညှာခြင်းကင်းစွာ သူ၏ကာလခရီး

ကို မှန်မှန်ကြီးပင် သွားမြဲသွားနေပါ၏။

ရှစ်နာရီ ခွဲသွားပေပြီ။

ရော... သည်တစ်ခါ ခင်မေက ဘာလုပ်ရပါ့မလဲ၊ ခက်ကပြီ၊ ကံဘဲ့ နောက်ဆုံးကားမှာလည်း ပြန်ရောက်ခဲ့လေပြီ။ သို့ရာတွင် သူက တော့ အိမ်သို့ ပြန်မလာ။

သူက ဘယ်မှာလဲ၊ ဘာဖြစ်နေလို့ ပြန်မလာတာလဲ။ "အို... မောင် တစ်ယောက်ကလည်းပဲနော်၊ ခင်မေ့ကို တမင်စိတ်ဆင်းရဲအောင် လုပ်နေ တာများလား" ခင်မေက ခေါင်းကိုဖွကာ ငိုသံပါနှင့် ညည်းညူနေသည်။

သို့နှင့် ၉ နာရီ၊ သည်နောက် ၁၀ နာရီ၊ ၁၁ နာရီ။

မောင်ကတော့ ပြန်မလာ၊ မိုးကလည်း သည်းသည်းမည်းမည်း ရွာချနေမိပါ၏။ မိခင်ကြီးလည်း အိပ်ပျော်နေလေပြီ၊ ခင်မေသာ တစ် ယောက်တည်း အိပ်ဖို့ကိုသတိမရဘဲ မောင့်ကို စောင့်နေမိပါ၏။

ကံဘဲ့သည် မိုးများရွာချနေသော ညထဲမှာ အိပ်မောကျနေပေပြီ။

၁၂ နာရီ... ၁ နာရီ။ နာရီပြန် ၂ ချက်တီး သွားခဲ့ပြီ။

ခင်မေက အိပ်ဖို့ကို မေ့နေပါ၏။ မောင့်ကိုပဲ စောင့်နေတုန်းများ လားကွယ်၊ သည်လို နာရီပြန် ၂ ချက်တီးအချိန်ကြီးမှာ မိုက်လှသည့် ခင်မေလေး။

"မောင်... မောင်... မောင်" သူမရဲ့မောင်ကိုသာ ခင်မေက မြည် တမ်းတရင်း တစ်ယောက်တည်း ငိုနေပါ၏။ ညားကတည်းက သည်လို ခွဲ၍ တစ်ခါမျှ မအိပ်ခဲ့ရစဖူးသဖြင့် ခင်မေ့မှာ နေရထိုင်ရခက်နေသည်။

"ခင်မေ့ကို မအောက်မေ့တော့ဘူးလား မောင်ရယ်" ခင်မေက တစ်ယောက်တည်း မောင့်ကို တမ်းတနေမိပါ၏။ သို့ရာတွင် ခင်မေရဲ့ တမ်းတမြည်တမ်းသံကို ခင်မေရဲ့မောင်က ဘယ်လိုများလာပြီး ကြားနိုင် ၍ ခင်မေ့တစ်ယောက်တည်း ဖြစ်နေရပုံများကို ဘယ်လိုများ သိနိုင်မြင်နိုင်

ပါ့ဦးမလဲ။

"အိမ်ကို ရထားနှင့် မှန်မှန်ပြန်နေကျ၊ ယနေ့ညမှပင် ဘယ်လို အရေးကိစ္စများနှင့် တွေ့ကြုံနေရသဖြင့် သူက ပြန်မလာနိုင်ရတာတုံး..." ခင်မေက သူ့အတွက် စိုးရိမ်စွာလည်း တွေးတောနေမိသည်။

သည်အခိုက် မိခင်ကြီး၏ တစ်ရေးနိုးထသံကို ကြားရပြီးနောက် "သမီး ခင်မေ ခုထက်ထိ မအိပ်ကြသေးဘူးလား၊ မောင်ထွန်းဦးကော ပြန်ရောက်ပြီ မဟုတ်လား" ဟု မေးနေသံကို ကြားရသဖြင့် ခင်မေက အိပ်ချင်ယောင်ပြုကာ ဘာမှပြန်မပြောဘဲ တိတ်တိတ်ကလေး နေလိုက်ပါ၏။

"အင်း... အင်း... ခင်မေ ခင်မေ လင်ယူရတာလည်း ဒုက္ခကြီးတစ်ခု နဲ့ပါလားကွယ်" ဟု သူ့ဘာသာသူ ညည်းညူသံကို ခင်မေက ကြားနေရ သည်။

သို့ဖြင့် ညသည် နက်သည်ထက်နက်၍ သုံးနာရီထိုးသံကို ကြား လိုက်ရသည်တိုင်အောင် ခင်မေ့မှာကား အိပ်ဖို့ရန်ကို သတိမရ၊ သူမရဲ့ မောင်အတွက် စိုးရိမ်ခြင်း၊ ဝမ်းနည်းခြင်းများဖြင့် ခေါင်းအုံးကိုသာ မျက်ရည်ခံလုပ်ကာနေရသည်။

မိုးလင်းလျှင်တော့ အစောဆုံးရထားနှင့် မောင့်ကို လိုက်၍ရှာဖို့ ခင်မေက ဆုံးဖြတ်ကာ ထိုသို့စိတ်ထဲတွင် ရှိသလောက် ဆုံးဖြတ်လိုက် သောအခါ၌ သူ့ကို ဘယ်က ဘယ်လိုလုပ်၍ ရှာရမည်ကိုကား မစဉ်းစား တတ်အောင် ဖြစ်နေမိပြန်ပါ၏။

ရန်ကုန်မြို့၌ သူ့မှာ အသိတစ်ယောက်မှ မရှိဟု သူက ပြော၏။ ရန်ကုန်မြို့တွင်သာမက လူ့တစ်လောကလုံးမှာ သူ့တွင် အသိမရှိဟု ပြောဖူး၏။ သူ့ကို ခင်မေနှင့် ကံဘဲ့ကားပေါ်တွင် စ၍တွေ့ရသော ညက သူမသိတော့သော အတိတ်၏မိခင်က မွေးဖွားပေးလိုက်ပြီးနောက်

သူသည် ခင်မေတစ်ယောက်ကိုသာ သိသည်ဟုဆို၏။ ခင်မေနှင့် ပတ်သက်၍ ခင်မေ၏မိခင်နှင့် ဦးဘခက်တို့ကို သူက သိလာရပါ၏။

ယခုမူ အသိတစ်ယောက်မှ မရှိသောသူ၏ လူ့လောကမှာ သူက ဘယ်လိုကြောင့်များကြောင့် သူသိသော၊ သူ့ကိုလည်း ပြန်၍သိသော၊ သူ့မယား ခင်မေ့ဆီသို့ ပြန်မလာရတာလဲ...

သည်လိုရောက်တတ်ရာရာ တောင်စဉ်ရေမရ ခင်မေက လျှောက်၍တွေးကာ ညနာရီပြန် သုံးချက်တီးပြီးသည့်တိုင်အောင် ဘယ်လိုမှ အိပ်စက်ဖို့ရန် သတိမရနိုင်ဘဲ သူမရဲ့မောင်ကိုသာ သတိတရရနှင့် တလွမ်းလွမ်းတသသ ဖြစ်သောအချိန်၌ ပြည်လမ်းမကြီး၏ တစ်ခုသောခြံကြီး၏ ခံ့ညားကျယ်ဝန်းလှသော တိုက်ကြီးတစ်ခု၏ အတွင်းဝယ် ၎င်းကိုယ်တိုင် မောင်းလာသော ကားနှင့် လမ်းတွင်တိုက်မိသော လူတစ်ယောက်ကို ကားနှင့် အိမ်သို့ တင်ဆောင်လာခဲ့ပြီးနောက် ၎င်းနှင့်ခင်သော မိတ်ဆွေဆရာဝန်တစ်ယောက်ကို ခေါ်ကာ အိမ်ရှင်သည် သတိလစ်နေသော ထိုကားတိုက်ခံရသူအား ပြသလျက်ရှိပေသည်။

ဆရာဝန်သည် သတိလစ်ကာ အသေကောင်လိုဖြစ်နေသော ကားတိုက်ခံရသူအား နားကြပ်နှင့် အတန်ကြာ စမ်းသပ်ပြီးနောက် အိမ်ရှင်ကို မော့ကြည့်ကာ...

"ခေါင်းကိုလည်း တော်တော်ထိသွားတာနဲ့ တူတယ်၊ အပြင်က ဒဏ်ရာတော့မရှိပါဘူး"

"ဘယ်လိုများ ဖြစ်သွားနိုင်သလဲ ဒေါက်တာ"

"ဆေးထိုးပေးလိုက်ရင်တော့ ပြန်သတိရလာမှာပဲ၊ သတိရလာတဲ့အခါသာ သူ့အတိတ်ကို သူပြန်ပြီး မှတ်မိချင်မှ မှတ်မိမယ်" ဆရာဝန်သည် ထိုသို့ပြောကာ အသင့်ယူဆောင်လာသော ဆေးသေတ္တာထဲမှ ဆေးထိုးကိရိယာများကို ထုတ်ယူကာ ခေတ္တမျှ ပြင်ဆင်ပေးပြီးနောက်

လူမမာအား ဆေးထိုးပေးလိုက်လေသည်။

ဆေးထိုးပေးပြီးနောက် အိမ်ရှင်နှင့် ဆရာဝန်တို့သည် သတိလစ်နေသော လူမမာကို ခပ်လှမ်းလှမ်းမှ ကုလားထိုင်တစ်လုံးစီတွင်ထိုင်ကာ အကဲခတ်ကြည့်ရှုနေကြပါ၏။

ငါးမိနစ်ခန့် ကြာသောအခါမူ ကားတိုက်ခံရ၍ သတိလစ်ကာ ပက်လက်ဖြစ်နေသောလူသည် တဖြည်းဖြည်း လူးလွန့်ကာ တညည်းညည်း တညူညူနှင့် လှုပ်ရှားလာသည်။ ဘေးမှကြည့်နေကြသော ဆရာဝန်နှင့် အိမ်ရှင်တို့သည် အားတက်သရော ထိုင်နေရာမှထ၍ ကားတိုက်ခံရသူအနီးသို့ ထသွားကာ ငုံ့ကြည့်နေကြလေသည်။ ထိုသူသည် တညည်းညည်း တညူညူနှင့် လူးလွန့်လှုပ်ရှားနေရာမှ သူ့မျက်လုံးကို ဖြည်းညင်းစွာ ဖွင့်လာကာ သူ့ကိုငုံ့၍ စိုးရိမ်ကြီးစွာ ကြည့်နေသော သူတစ်ခါမှ မမြင်ဖူးသော အိမ်ရှင်နှင့် ဆရာဝန်ကို အံ့ဩသော အမူအရာဖြင့် စကားမှမပြောနိုင်ဘဲ ထူးဆန်းစွာ ကြည့်နေပေသည်။

"သတိရပလား မိတ်ဆွေ" အိမ်ရှင်က သူ့ကို မေးနေပါ၏။

"ဟုတ်ကဲ့၊ ဒါ ခု ကျုပ်ဘယ်ကဘယ်ကို ရောက်နေတာလဲ ခင်ဗျာ"

"လမ်းမှာ မိတ်ဆွေကို ကျွန်တော့်ကားနဲ့ တိုက်မိလို့ ပြည်လမ်းက ကျွန်တော့်အိမ်ကို ခေါ်လာပြီး ဆရာဝန်နဲ့ စမ်းသပ်ကုနေတာပါခင်ဗျာ"

"သြော်... သြော်..." သူက ဒါပဲပြောလိုက်၏။ နောက်ပြီး သူ့ကိုယ်ကို သူက ဝေခွဲနေသလို ကြည့်နေရာမှ...

"ကျုပ် ဒီအဝတ်အစားတွေကို ခင်ဗျား လဲပေးထားတာလား မိတ်ဆွေ"

"မဟုတ်ပါဘူးခင်ဗျာ... မိတ်ဆွေရဲ့ကိုယ်မှာ ပါလာတဲ့အတိုင်းပါပဲ"

သူသည် သူ့အဝတ်အစားများကို အထူးအဆန်းလို ငုံ့ကြည့်နေရာ

မှ သူ့အင်္ကျီအိတ်ကပ်ထဲက ဒိုင်ယာရီစာအုပ်ကို တွေ့သဖြင့် ထုတ်ယူကာ ဖွင့်၍ကြည့်လိုက်သည်။

**ထွန်းဦး**

**စာရေး**

**နီသာလင်ကျွန်းသစ်ကုမ္ပဏီ**

သူသည် ထိုဒိုင်ယာရီကို အထူးအဆန်းသဖွယ် ကြည့်နေရာမှ…

"ကျွန်တော်က ပြည်က စက်သူဌေး ဦးထွန်းလွင်ဆိုတာပဲ၊ ကြားဖူးပါလိမ့်မယ်၊ ဒီ နီသာလင်ကျွန်းသစ်ကုမ္ပဏီက စာရေးထွန်းဦးဆိုတဲ့လူရဲ့ ဒိုင်ယာရီက ဘယ်လိုကဘယ်လို ကျွန်တော့်ကိုယ်မှာ ရောက်နေရတယ်ဆိုတာကို မသိတော့ပါဘူးဗျာ" သူက သူ့လက်ထဲမှ ဒိုင်ယာရီစာအုပ်ကို ပြန်၍ငုံ့ကြည့်ကာ တစ်လုံးချင်း ဖြည်းညင်းစွာ အံ့အံ့ဩဩပြောနေသည်ကို အိမ်ရှင်နှင့် ဆရာဝန်တို့သည် ဘယ်လိုမှ အနက်အဓိပ္ပာယ် ဆက်စပ်၍ မရသကဲ့သို့ နားမလည်သကဲ့သို့ ပါးစပ်အဟောင်းသား မျက်လုံးအပြူးသားနှင့် ငေးမောကြည့်ရှုကြပါ၏။

* * *

## အဆုံး၏အဆုံး

(၁)

အဆုံးကိုသာ အမိုက်မ မိခင်မေက ဘယ်ပုံဘယ်နည်း တွေ့ရကြုံရဦးမည်ကို မခန့်မှန်းနိုင်တတ်သေးသော်လည်း အစကို စရခြင်းကပင် မိခင်မေရဲ့ဝတ္ထုက မျက်ရည်နှင့်ဖြစ်ပါ၏။ အစ၏အလယ်၌တုန်းကတော့လည်း မျက်ရည်နှင့်မကင်း၊ အစရဲ့အဆုံး၌ကတော့ မငိုဘဲများ မိခင်မေက နေခဲ့ရသေးရဲ့လား…

(၂)

သူမရဲ့မောင် ပြန်မလာသောည မိုးလင်းပြီးသည့် နောက်တစ်နေ့ မိုးမလင်းမီ အစောဆုံးရထားနှင့် ခင်မေက မြို့ထဲသို့ လိုက်လာခဲ့ပေသည်။ သူ့ကို ဘယ်လိုကဘယ်လိုများ ရှာရမှာတဲ့လဲ၊ သူက ဘယ်မှာ အိပ်ပါလိမ့်၊ ဘယ်သူဘယ်ဝါကိုများ မေးရပါလိမ့်မလဲ။

ခက်ကပြီ၊ အစပျောက်နေသောသူကို ဘယ်လိုအစရှာရပါ့မတုံး။

ခင်မေက ဘယ်လိုမှ မကြံတတ်သည့်အဆုံး၊ သူ အလုပ်လုပ်သည် ဆိုသော ကုန်သည်လမ်းမှ နီသာလင်ကျွန်းသစ်ကုမ္ပဏီ အလုပ်တိုက်သို့ သွားရောက်၍ မေးမြန်းစုံစမ်းရန် ထွက်လာခဲ့ပါ၏။ လင်ကို တွေ့လို မြင်လိုသည့် ဇောစိတ်ဖြင့်သာ ထွက်လာခဲ့ရသည်။ နီသာလင် ကျွန်းသစ် ကုမ္ပဏီ အလုပ်တိုက်သို့ ရောက်ပြန်သောအခါ၌ စောသေးသဖြင့် အလုပ် တိုက် တံခါးများပင် မဖွင့်သေး။

မောစရာကိုကား တွေ့နေရပေသည်။ သို့ရာတွင် မောကား မမော နိုင်၊ သည်နေရာမှပင် သူ့ကို စောင့်ရတော့မည် ဖြစ်ပါ၏။ ထို့ကြောင့် ခင်မေက အခြားဘယ်သို့မှသွားရန် စိတ်မကူးတော့ဘဲ သူ့ကို သည် အလုပ်တိုက်မှပင် စောင့်နေခဲ့ရပေသည်။ ဘယ်လောက်များ အရှုးမ ကလေးနှင့် တူခဲ့ရပါသလဲ။

သည်လိုစောင့်၍ အလုပ်ချိန်ကျလာပြီးသည့်နောက်၌ပင် သူ့ကို မတွေ့ရ မမြင်ရသောအခါ ခင်မေက အေးအေးဆေးဆေး စောင့်မနေနိုင် တော့ဘဲ မန်နေဂျာ၏အခန်းတွင်းသို့ ဝင်ခွင့်တောင်းကာ သူမကိုယ်ကို စာရေး ကိုထွန်းဦး၏မယားအဖြစ် ပြောပြပြီးနောက် သူမရဲ့မောင် အကြောင်းကို မေးမိပါ၏။

မန်နေဂျာကလည်း ဘာမှပြန်မပြောနိုင်၊ မနေ့ကပင် ရုံးတက်၍ ပြန်သွားပြီးနောက် ယခုအချိန်အထိ သူ့ထံမှ ခွင့်တိုင်ကြားစာလည်း မရ၊

ရုံးမတက်သည်ကိုပင် ခင်မေက ခုလိုလာမေးခါမှ သိရကြောင်းများကို ပြောပြလိုက်သောအခါ ခင်မေ့မှာ မန်နေဂျာအခန်းမှ ထွက်ခဲ့ရကာ ကိုထွန်းဦးနှင့် အလုပ်အတူလုပ်ကြသော အခြားစာရေးများကို သွားရောက်စုံစမ်းမေးမြန်း ကြည့်ရပြန်ပေသည်။

သူတို့ကလည်း ခင်မေက မေးခါမှပင် တအံ့အံ့ဩဩနှင့် ဘာမျှမပြောနိုင်ကြ။

ခက်ကပြီ၊ ခင်မေက ဘယ်လုပ်ရပါ့မတုံး...

သို့ရာတွင် သူ ရုံးတက်နောက်ကျနေချင်လည်း နေမည်ဟူသောအတွေးဖြင့် စိတ်ကတော့ အလျှော့မပေးသေးဘဲ အပြင်ဘက်တွင် သွားရောက်ကာ သူမရဲ့မောင်ကို မျှော်မိသည်။

သို့နှင့်သာ အချိန်သာ တဖြည်းဖြည်းလင့်၍ နေ့လယ်စာစားချိန်သို့ရောက်တော့မှ ခင်မေ့မှာ ရုံးမှ သူ့ကို ဤသို့စောင့်နေမည့်အစား သူမနေ့က တစ်ခုခုဖြစ်၍သာ အိမ်သို့မပြန်လာဘဲ ယနေ့လည်း ရုံးသို့မတက်ခြင်းဖြစ်ရမည်ဟု တွေးကာ နီးရာဂါတ်တဲတစ်ခုသို့ သွားရောက်ကာ စုံစမ်းမိပြန်ပါ၏။ သို့ရာတွင် ဂါတ်တဲမှ ဂါတ်စာရေးက ကိုထွန်းဦးဆိုသော ခင်မေရဲ့ယောကျ်ားဆိုသူ၏သတင်း ဘာကိုမျှ ခင်မေ့အား မပေးလိုက်နိုင်။

ခင်မေက စိတ်မလျှော့၊ ဂါတ်တဲတစ်ခုပြီးတစ်ခု လျှောက်၍စုံစမ်းရင်း လူပျောက်ကိုလည်း တိုင်တန်းလာခဲ့ပေသည်။ ဂါတ်တဲများရှိသလောက်ကို စုံစမ်း၍ ဘာသတင်းမှ မရသောအခါ ခင်မေက ဆေးရုံကြီးဘက်သို့ ခြေဦးလှည့်ကာ စုံစမ်းမေးမြန်းရပြန်ပါ၏။

ကိုထွန်းဦးနှင့် နာမည်ချင်းတူသူ တစ်ယောက်တလေမျှ ၄၈ နာရီအတွင်း ဤဆေးရုံသို့ မရောက်လာရကြောင်းကို လူနာလက်ခံရသောဌာနမှ တာဝန်ခံသူက ပြောပြလိုက်သောအခါ ခင်မေမှာ လမ်းစပျောက်သွားသကဲ့သို့ ရှေ့ဘယ်သို့ ဆက်လိုက်ရမှန်းမသိဘဲ ယောင်ချာယောင်ချာ

နှင့် ဆေးရုံကြီးမှ ပြန်ထွက်ခဲ့ရပြန်ပါ၏။

သို့နှင့် အချိန်သာကုန်၍ စိတ်လေးလေးနှင့် သူ အိမ်ပြန်ရောက်ချင်လည်း ရောက်နေမည်ဟူသော စိတ်သက်သာသော အတွေးကိုတွေးကာ နောက်ဆုံးရထားနှင့် ကံဘဲ့သို့ ပြန်လိုက်လာခဲ့ရကာ အိမ်သို့ ရောက်ပြန်သောအခါ၌လည်း သူ့ကို မတွေ့ရသောအခါ၌ ဘယ်လိုမှ မရှာတတ်၊ မကြံတတ်တော့အောင် စိတ်ပင်ပန်း လူပင်ပန်း ဖြစ်နေလိုက်သော ခင်မေက သူမ၏အိပ်ရာထဲတွင် အသာဝင်၍လှဲကာ တစ်ယောက်တည်း ကျိတ်၍ ငိုနေရပါ၏။

အင်မတန် စိတ်ပင်ပန်း လူပင်ပန်းဖြစ်၍သာ အားငယ်ငယ်နှင့် ခင်မေက ငိုပင်ငိုနေရသော်လည်း စိတ်ထဲကမူ အားမလျှော့၊ တစ်နေ့မတွေ့လျှင် တစ်နေ့တွေ့ရမည်ဟူသော မျှော်လင့်ချက်ဖြင့် သူ့ကို မတွေ့တွေ့အောင် လိုက်၍ရှာဖို့ကိုကား စိတ်နှလုံး တုံးတုံးချ ဆုံးဖြတ်ပြီးပင် ဖြစ်ပေသည်။

ဟုတ်သည်၊ ခင်မေကတစ်ယောက်တည်း ငိုနေ၍ကော ကိစ္စကပြီးမှာတဲ့လား။ သေသောသူ ကြာလျှင်မေ့၍ ပျောက်သောသူကို ရှာလျှင်တွေ့ရမည်ပင် မဟုတ်ပါသလော။ သူသည် ပျောက်နေသာလူမျှသာဖြစ်၍ မတွေ့မချင်းသာ လိုက်၍ရှာနိုင်ပါမူ သူ့ကို ခင်မေက တွေ့ရမည်ပင်ဖြစ်ပါ၏။

ထို့ကြောင့် ခင်မေက ရှာရမည်၊ ပျောက်နေသောသူကို ရှာရမည်။
မတွေ့မချင်းလည်း ရှာရမည်။
ရှာရမည်။

(၃)

ရှာရမည်။

ဘာပဲဖြစ်နေဖြစ်နေ ခင်မေက သူ့ကို ရှာရမည်၊ မတွေ့မချင်း ရမည်၊ အဘယ်နေ့ရက်နှင့် ဤကပ်ကမ္ဘာသည်ပင် ကုန်ဆုံးသွားပါ တော့...

ဟုတ်သည်၊ ခင်မေက ရန်ကုန်မြို့ကြီး တစ်မြို့လုံးမှာ နေ့ရက်နှင့် တွေကုန်မှန်းမသိ ရှာခဲ့ပြီ။ ခင်မေမရောက်ဖူးသော နေရာလည်းမရှိ၊ စ်နေ့ကို သူ့အား တွေ့လိမ့်နိုးနိုးနှင့် ရှာခဲ့ရသည်။ မောသည်မရှိ၊ ပင်ပန်း သ်လည်း မအောက်မေ့၊ စိတ်ပျက်ရခြင်းကို မသိ၊ သူ့ကို မျှော်လင့် က်နှင့် ရှာရာ၌ ခင်မေက တစ်သက်နှင့် တစ်ကိုယ် တစ်ကြိမ်တစ်ခါကမျှ ကာင်းစဖူး ကောင်းခဲ့သော ဇွဲသတ္တိများကို သူမမှာရှိနေကြောင်းလည်း ၃့ခဲ့ရပါ၏။

သူ့ကိုရှာရခြင်း၌ စားရသောက်ရဖို့ အရေးကိုပင် မေ့ပါ၏။ မိခင် းတစ်ယောက်သာ နောက်ဆံတင်းစရာ အိမ်၌မရှိပါလျှင် ခင်မေက ပင် အိမ်သို့ ပြန်လိမ့်မည်မဟုတ်ဘဲ လိုက်၍ရှာနေဦးမှာလားမသိ၊ ကို ခင်မေက လိုက်ရှာခြင်း၌ လိုသည်ထက်ပင် ပိုခဲ့ပေပြီ။ သူကသာ... ာ်သည်။ သူကသာ ဘယ်ဆီဘယ်လမ်း ရောက်နေသည်ကိုသာမသိ၊ နိုင်လိုက်သော လူတစ်ယောက်...

သို့ရာတွင် ခင်မေက ဘယ်တော့မျှ စိတ်ထဲကမလျှော့၊ သူ့ကို တွေ့မချင်းလည်း လျှော့လိမ့်မည်မဟုတ်၊ သူ့ကို ရှာမတွေ့၍ နောက်ဆုံး ာ တစ်နေ့၌ပင်လည်း လျှော့မည်မထင်၊ သည်အထိ အားတင်းကာ ၂ရှာနေသည်။

သည်လို လူပင်ပန်း စိတ်ပင်ပန်းနှင့် လမ်းစရိတ်က တစ်ကုန် သ်း ကုန်နေရသည့်အထဲ အဝင်ကမရှိဘဲ အိမ်မှာလည်း စားနေရသေး ာကြောင့် ခင်မေက မိခင်ကြီးကိုငဲ့၍ ကြည့်ရပါသေး၏။

အိမ်မှာ အလုပ်ရှာထွက်မည်ဟု ပြောခဲ့ပြီးနောက် အလုပ်ကိုရှာရဖို့

ထက် အရေးကြီးနေသော လင်ကိုရှာရဖို့က ခင်မေ့မှာ ပထမဖြစ်ပါ၏။

သူပျောက်နေသည်မှာ နှစ်လကျော် သုံးလမျှ ရှိသွားသောအခါ၌ အိမ်၌ ဆန်ကိုပင် တစ်ပြည်ချင်းဝယ်၍ ချက်ရသော အခြေအနေမျိုးသို့ ရောက်နေရပါ၏။ ခက်ရချည့် မိခင်မေ...

သို့ရာတွင် ဝမ်းရေးထက် လွမ်းရေးက ခက်သည်ဟူသော ဆိုရိုးစကားက ရှိနေသည် မဟုတ်ပါသလော၊ ငတ်ကာမှပင် ငတ်ရော၊ သူ့ကို ရှာရေး အားလျှော့မည်တော့ မဟုတ်။

ခင်မေက သူ့ကိုလိုက်၍ လိုက်၍သာ ရှာနေပါ၏။

"မောင်... မောင်... မောင်..." မွတ်သိပ်ခြင်း ပြင်းပြစွာနှင့် သူ့ကို ခင်မေက မြည်တမ်းတနေပါသည်။

"ဘယ်မှာလဲ မောင်ရယ်" ခင်မေက တသသ သူ့ကို ရှာနေပါသည်။

သို့ရာတွင် သူ့ထံမှ စိတ်၏သက်သာဖွယ်ရာ တစ်စွန်းတစ်စသော အရိပ်အမြွက်မျှ အဖြေကလေးကိုပင် မရ၊ မေ့ရက်ကယ် နေနိုင်သော ခင်မေရဲ့မောင်...

သူက မကြားနိုင် မသိနိုင်တော့၍များလားမှ မသိ၊ ဒါမှမဟုတ်ဘဲ မကြားချင်တော့၍ မကြားယောင်မသိယောင်ပင် တမင်ပြုနေရော့လား၊ ခင်မေက ဘယ်လိုလုပ်၍များ သိနိုင်ပါမတုံး..."

"မောင်... မောင်... မောင်..."

အရူးမကလေး ခင်မေက သူရှိနိုးရာရာမှာ တကောက်ကောက် လိုက်၍ ရှာနေသည်။ မောရမှန်းမသိ၊ ပန်းရမှန်းမသိ၊ အို... ရှက်ရ ကြောက်ရမှန်းလည်း ခင်မေက မသိတော့ပါ။

နေပူပူ မိုးရွာရွာ...

အို... နှင်းတွေကဝေလို့ ခိုက်ခိုက်တုန် ချမ်းချမ်းစီးစီးကြီးမှာပဲ

ဖြစ်နေဖြစ်နေ။

ခင်မေက သူမရဲ့မောင်ကို ရှာနေပါသည်။ မြည်တမ်းတနေရှာသည်။

သည်လောက်ပင် ခင်မေက ဖွဲကောင်းကောင်းနှင့် အကြိုအကြားမှ မကျန်ရအောင် လိုက်၍လိုက်၍ ရှာနေပါလျက် သူ၏အရိပ်အယောင်ကိုမျှပင် မမြင်ရ၊ သတင်းအစအနကိုမျှလည်း မကြားရ။

ခက်ကပြီ၊ မိခင်မေမှာ ခက်နေပါသည်။

သူက မြေကြီးရဲ့ တစ်ဖက်စွန်းမှာလား၊ သူသည် ပျောက်ဆုံးသွားပြီလား၊ ဒါမှမဟုတ် ခင်မေရှာ၍ မတွေ့သော တစ်နေရာရာမှာ ခင်မေရဲ့ မြည်တမ်းတသံကိုပင် မကြားနိုင်တော့၍များလားဘဲ...

အမှန်ကိုကား မသိနိုင်ပါ။

သို့ရာတွင် ပျောက်သောသူကို ရှာလျှင်တွေ့ဆိုသော စကားနှင့်အညီ မိခင်မေက သူ့ကို ရှာခဲ့ရပါပြီ၊ ရှာခဲ့၍လည်း မပင်ပန်း စိတ်မပျက်နိုင်သေး၊ ရှာတုန်းလည်း ဖြစ်ပါ၏။

ဟုတ်သည်၊ ခုပင် မသိသော စွန့်စားခြင်းမျိုးဖြင့် သူရှိနေသည်ဟု နောက်ဆုံးကြားခဲ့ရသော အသိလည်းမရှိ၊ ရောက်လည်း မရောက်ဖူးသော ပြည်မြို့သို့ပင် နားကပ်ကလေး ရောင်းရသောငွေထဲမှ ငွေကလေး သုံးဆယ်နှင့် မိခင်မေက တစ်ယောက်တည်း စွန့်စွန့်စားစားနှင့်များ သွားနေလိုက်ပါပကောလား...

(၄)

"အမား... အမား" နှင့် တစ်စုံတစ်ယောက်က မိမိအနီးအနားက ကပ်၍ ခေါ်နေတော့မှပင် ရုတ်တရက် ခင်မေက သတိရကာ မျက်လုံးကို ဖွင့်ကြည့်လိုက်မိပေသည်။

မီးရထား ပေါ်တယ်ကုလားနှင့် တူပါ၏။ ပြီးတော့ ရထားတွဲအတွင်းမှာလည်း မှောင်နေသည်။

ခင်မေက မျက်လုံးကို ပွတ်သပ်ပြီးမှ တစ်ဖန်ဖွင့်ကြည့်ပြန်ပေသည်။

ညဆိုသည်ကို သိ၏။ ပြည်ကိုရောက်နေလေပြီလော၊ ရထားကလည်း ရပ်နေသည်။

ခင်မေက ပြတင်းပေါက်မှ ခေါင်းကိုပြူ၍ ကြည့်လိုက်၏။ ဓာတ်မီးဖြင့် ပူဇော်ထားသော ပြည်ဆံတော်မှာ ရွှေရောင်ဖြင့် ဝင်းနေ၏။ သို့ရာတွင် ပြည်ဆံတော်ဘုရားမှန်းကား ခင်မေက မသိ။

အားကိုးရာ ဘုရားကိုစိတ်ထဲမှ ဝတ်ပြုလိုက်ပြီးခါမှ မီးရထားပေါ်တယ်ကို လှမ်း၍ကြည့်ကာ "ဒါ... ပြည်မြို့လား ပေါ်တယ်" ဟု စုံစမ်းမေးမြန်းလိုက်ရပေသည်။

"ပြည် ဟုတ်တယ်... အမား" ပေါ်တယ်က ဒါပဲပြောကာ ဆင်းသွား၏။

သည်တော့မှပင် လမ်းတွင် အဘယ်ချိန်က မောမောနှင့်အိပ်ပျော်ကာ ပြည်ကိုရောက်၍ ရောက်မှန်းမသိသော မိမိအဖြစ်ကို သတိရလာသည်။

မိမိရောက်လိုသော ပြည်သို့ကား ရောက်နေပေပြီ၊ သည့်နောက် မိခင်မေက ဘယ်မှာတည်း၍ ဘယ်မှာခိုကာ ဘယ်သို့သွားရပါမည်လဲ၊ ဘယ်ဟာက အရှေ့ဖြစ်၍ ဘယ်ဟာက အနောက်မှန်းမှ သိပါရဲ့လား။

ခင်မေက ပြည်သို့ရောက်မှပင် လမ်းတွင် နွဲ့ပြောသော စကားများကို သတိရလာသည်။ အသိလည်းမရှိ ရောက်လည်းမရောက်ဖူးသော ပြည်မြို့မှာ "မောင့်" ကို ခင်မေက ဘယ်လိုများ ရှာရပါ့မည်လဲ...

ရထားပေါ်မှာ ကြာကြာနေ၍လည်း မဖြစ်သေး၊ တော်တော်ကြာ

ပေါ်တယ်ကုလားက လာ၍နှင်ချနေဦးမည် ဖြစ်ပါ၏။ ရထားပေါ်က ဆင်းလာခဲ့ပြီး ဘယ်က ဘယ်ကို သွားရပါ့မည်လဲ။

ခင်မေက ခေါင်းကိုကုတ်၍ ဖွမိသည်။ သက်ပြင်းကိုလည်း ချနေမိသည်။

ရော… သည်တစ်ခါမှ ခက်ပါပေါ့လား…

ခက်နေ၍ကား မဖြစ်သေး၊ သည်အခက်ကို ဖြေရှင်းဖို့ ကြိုးစားရမည်ဖြစ်ပါ၏။

ခင်မေက သားရေသေတ္တာကိုဆွဲကာ ရထားပေါ်မှ ဆင်းလာခဲ့ပေသည်။ ဦးတည့်ရာသို့သွား၍ တွေ့သောသူကို မေးရပေမည်။ စုံစမ်းရပေမည်။

ဘူတာမှ လမ်းမဘက်သို့ သားရေသေတ္တာကိုဆွဲကာ ထွက်လာခဲ့ပါ၏။ လမ်းထိပ်တွင် ပထမဦးဆုံး တွေ့ရသော ကွမ်းယာဆိုင်အနီးသို့ ကပ်ကာ ကွမ်းယာရောင်းနေသော လူကြီးတစ်ယောက်ကို အကူအညီတောင်းလိုသော မျက်လုံးများဖြင့် လှမ်း၍ကြည့်မိလေသည်။

"ဘာလိုချင်သလဲ သူငယ်မ" ကွမ်းယာသည်လူကြီးက မေးလာ၏။

"ကျွန်မ ရန်ကုန်ကလာတဲ့ ခရီးသည်ပါ ဦးလေးရယ်၊ ပြည်ကိုလည်း တစ်ခေါက်မှ မရောက်ဖူးလို့ အဲဒါ ဦးလေးကို မေးစရာရှိတာကလေး မေးပါရစေ"

"ဒီမှာ အသိမရှိဘူးလား၊ ဘယ်အရပ်မှာလဲ…"

ခင်မေက ဘာပြန်၍ပြောရမည်ကို မသိအောင် ကြောင်နေသည်။ အတန်ကြာ အားယူပြီးမှ…

"အသိလည်း မရှိဘူး ဦးလေး…၊ ကျွန်မတွေ့ချင်တဲ့လူကလည်း ဘယ်မှာနေမှန်း မသိဘူး၊ ဒါပေမဲ့ သူ့နာမည်က ကိုထွန်းဦးတဲ့၊ အသက်

၃၀ လောက် ရှိပြီ...၊ နဖူးကျယ်ကျယ်၊ မျက်လုံးမျက်ခုံးကောင်းကောင်းနဲ့ အသားလတ်လတ်၊ အရက်က ခပ်မြင့်မြင့်ထွားထွားပဲ” ခင်မေက သူမ၏ စိတ်ထဲရှိသ၍ မှတ်မိတာများကို ပြောပြနေပါ၏။

ကွမ်းယာသည်လူကြီးက စိတ်ရှည်၍ သဘောကောင်းသော လူကြီးတစ်ယောက် ဖြစ်ဟန်တူပေသည်။ ခင်မေပြောသမျှကို ပြုံး၍ စကားဆုံးအောင် နားထောင်နေပြီးမှ...

“ဒီလိုနာမည်နဲ့ လူ့ပုံပန်းသဏ္ဌာန်လောက် ပြောလို့ သိဖို့ဟာက ခက်သားပဲကွယ်”

“ဩော်... သူက သစ်စက်တွေ၊ စပါးစက်တွေလည်း လုပ်တယ် တဲ့”

“ဩော်... ဦးထွန်းလွင်ထင်တယ်...၊ ဟုတ်ပါလိမ့်မယ်... မိန်းကလေး ခုတင်ကပြောသလို ပုံပန်းသဏ္ဌာန်မျိုးပါပဲ...၊ စက်သူဌေး ဦးထွန်းလွင်ပါပဲလေ၊ ကိုထွန်းဦးဆိုတာတော့ မဟုတ်နိုင်ပါဘူး သူငယ်မ။ ဒီနာမည်နဲ့လူလည်း မကြားဖူးပါဘူး”

“အဲ ဟုတ်ပါတယ်...၊ စက်သူဌေး ဦးထွန်းလွင်ပဲဆိုပါတော့၊ သူက ဘယ်မှာနေလို့ သူ့ဆီကိုကော ဘယ်လိုသွားရပါသလဲ ဦးလေး” ခင်မေက မေးနေပါ၏။

“သူက ရွာဘဲမှာနေတယ်...၊ သိပ်တော့မဝေးလှပါဘူး...၊ ဒီကနေ ပြီး ဆိုက်ကားစီးသွားရင်တော့ တစ်မတ်သုံးမူးလောက် ပေးရလိမ့်မယ်...”

“ဒါဖြင့် ဆိုက်ကားတစ်စီးလောက် ဒီအနားမှာ ရပါ့မလား” ဟု မေးနေခိုက် ဆိုက်ကားတစ်စီးသည် မြို့ဘက်မှ နင်းလာနေသည်ကို အခန့်သင့်တွေ့သဖြင့် ကွမ်းယာသည်ဦးလေးကြီးက ဆိုက်ကားသမားကို လှမ်း၍ခေါ်ကာ ရွာဘဲ ဦးထွန်းလွင်အိမ်သို့ ရောက်အောင်ပို့ပေးရန် ဂရုတစိုက် မှာကြားလိုက်ပြီးနောက် ခင်မေသည် ဆိုက်ကားနှင့် လိုက်ပါ

ခဲ့ရပြန်ပါ၏။

အခန့်သင့်၍ သူတော်ကောင်းနှင့်တွေ့ရသောကြောင့် လိုရာခရီးကို ရောက်ရတော့မည်ဖြစ်သော ခင်မေက ကျေးဇူးတင်မိကာ မေတ္တာပို့ရင်း ဆိုက်ကားသမား ခေါ်ဆောင်သွားရာ ရွာဘဲဘက်သို့ လိုက်ပါခဲ့ရလေသည်။

သည်လိုလိုက်၍သာ လာခဲ့ရသော်လည်း ရွာဘဲဆိုသည်မှာ ဘယ်မှာရှိမှန်းကို ခင်မေက သိသည်ကားမဟုတ်။ မိမိဦးတည်သွားနေသော ခရီးသည်ပင် ဘယ်အရပ်သို့ ရှေးရှုနေသည်ကိုလည်း မသိ။ ဆိုက်ကားသမား ခေါ်ဆောင်သွားရာသို့သာ ရင်ထဲမှာ တနွေးနွေး တထိတ်ထိတ်နှင့် လိုက်ပါခဲ့ရပါ၏။ သည်လို ဆိုက်ကားနှင့် လိုက်ပါလာရင်း မိမိက မိမိ၏လင်ဖြစ်သော ကိုထွန်းဦးဆိုသူအား ရန်ကုန်မှပင်လိုက်၍ ပြည်၌ ရှာဖွေခြင်း ဖြစ်သော်လည်း အဘယ့်ကြောင့် မိမိလင် ကိုထွန်းဦးနှင့် တူသည်ဆိုသော စက်သူဌေး ဦးထွန်းလွင်ဆိုသူအား သွားရောက်တွေ့ဆုံ၍ မေးမြန်းစုံစမ်းမည်ဟု ကြံရွယ်နေသည်ကို ခင်မေက နားမလည်နိုင်အောင်ပင် ဖြစ်မိပါ၏။

မိမိသိရသလောက် ပြည်မှ စက်သူဌေး ဦးထွန်းလွင်ဆိုသူမှာ ရန်ကုန်တွင် ကားမှောက်၍ ကားပင် မီးလောင်ကာ သေဆုံးသွားပြီဖြစ်ပါ၏။ သို့ရာတွင် အလောင်းကို ရှာမတွေ့ဆိုခြင်းကား ခင်မေက မေ့သွားလေပြီလား။

ဘူတာရုံမှအထွက် ကွမ်းယာဆိုင်က လူကြီးက စက်သူဌေး ဦးထွန်းလွင်ပင် ပြည်၌ ၎င်း၏အိမ်တွင် အသက်ရှင်ကာ နေထိုင်သလို ပြောဆိုလိုက်ခြင်းကိုလည်း ဘယ်လိုမှ တွေးတောဆက်စပ်၍မရ။

အမှန်မှာတော့ ခင်မေက သူမ ကြားဖူးသော ပြည် ဦးထွန်းလွင်ဆိုသူ၏ သားမယားအား ဖြစ်လိုရာဖြစ် အကျိုးအကြောင်းပြောပြကာ

အကူအညီ တောင်းဖို့မျှသာ ဖြစ်ပါ၏။ ယခုမူ ဦးထွန်းလွင်ပင် အသက်ရှင်နေထိုင်လျက် ရှိသလိုလို ပြောနေသံကို ကြားရသောအခါ ရင်ထဲတွင် တစ်မျိုးဖြစ်ကာ မိမိဘာသာ တစ်ယောက်တည်း မြဲ၍ မနေနိုင်တော့သည့်အတိုင်း...

"ပြည်က ဦးထွန်းလွင်ဟာ အခုကော ရှိနေသေးသလားရှင်" ဟု ဆိုက်ကားသမားကို မေးမြန်းလိုက်မိပါ၏။

"ရှိသားပဲ" ဆိုက်ကားသမားက တိုတိုပဲ ပြောလိုက်သဖြင့် ခင်မေက ပို၍နားမရှင်းဖြစ်သွားကာ...

"ဒါထက် လွန်ခဲ့တဲ့ ရှစ်လကျော် ကိုးလလောက်က ဦးထွန်းလွင်ရဲ့ ကား ရန်ကုန်မှာမှောက်လို့ မီးလောင်ပြီး သူလည်း သေသွားပြီဆိုပြီးခါမှ ခုမှ ဘယ်လိုဖြစ်တာလဲရှင်"

"ဟုတ်တယ်ဗျာ... သတင်းစာတွေထဲမှာတောင်မှ ဟိုးလေး တကျော်ပါပြီး အားလုံးကလည်း သေပြီဆိုပြီး နေခဲ့ကြရာက လွန်ခဲ့တဲ့ သုံးလကျော် လေးလလောက်ကမှ ဦးထွန်းလွင်ဟာ မသေသေးဘဲ ပြန်ရောက်လာတာ တွေ့ရလို့ ပြည်မြို့တစ်မြို့လုံးကတောင် အံ့အံ့သြသြနဲ့ ဝမ်းသာလိုက်ကြတာ"

"သြော်... သြော်... သြော်..." ဒါပဲ ခင်မေ့ပါးစပ်က မြည်နိုင်၏။ အံ့သြခြင်းလော၊ ဘာလဲ။

ခင်မေသည် ပြည်မှစက်သူဌေး ဦးထွန်းလွင်သည် ကားမှောက်စဉ်က မသေသေးဘဲ ငါးလကျော် ခြောက်လနီးပါးကြာမှ အသက်ရှင်ကာ ပြည်သို့ ပြန်လည်ရောက်ရှိနေကြောင်းကို ကြားလိုက် သိလိုက်ရခြင်းအတွက် ရင်ထဲတွင် တစ်မျိုးတစ်မည် ဖြစ်သွားခြင်းဖြစ်ပါ၏။ ထိုဝေဒနာမှာ ခံစားရသဖြင့် သိသော်လည်း ဘာဝေဒနာမှန်း ဟူ၍ကား ခွဲခြားမသိ၊ ပြီးတော့ ပြည် ဦးထွန်းလွင်ကို မသေသေးဘဲ တွေ့ရမည်ကို စိုးရွံ့မိသလို

လိုလည်း ဖြစ်မိသည်ထင်ပါ၏။

သို့ရာတွင် ဘာမျှစိုးရွံ့စရာကား မလိုပေ။ ဒုက္ခသည်တစ်ယောက် အနေနှင့် အကျိုးအကြောင်းပြောကာ အကူအညီတောင်းခြင်းဖြစ်၍ သူတို့ ကမှ လက်မခံလျှင် တစ်နည်းနည်းကိုသာ ရှာကြံဖို့ ဖြစ်ပါ၏။

ခင်မေသည် နောက်ထပ်၍ ဘာမျှမမေးတော့ဘဲ ငြိမ်သက်စွာ လိုက်ပါလာရာမှ ရွာဘဲ၏ အစွန်ရှိ ကျယ်ဝန်းသော ခြံကြီးအတွင်း ခံ့ညားစွာ ဆောက်လုပ်ထားသော တိုက်ခံအိမ်ကြီး၏ အဝင်ဝရှေ့တွင် ဆိုက်ကားက ရပ်သွားမှ ဆိုက်ကားသမားကို အကဲခတ်သလို မော့ကြည့် မိသည်။

"ဒါ... ဦးထွန်းလွင်ရဲ့ ခြံနှင့် အိမ်ပဲ ခင်ဗျာ"၊ ဆိုက်ကားသမားက သူ၏တာဝန် ကုန်ဆုံးကြောင်းကို ပြောလာသဖြင့် အင်္ကျီခါးပိုက်အိတ်ထဲ မှ အကြွေသုံးမူးကို ထုတ်ပေးကာ သားရေသေတ္တာကို ဆွဲယူပြီးနောက် ဝင်းတံခါးဝရှေ့မှာ အကဲခတ်သလို ရပ်ရင်း အတွင်းသို့ လှမ်းကြည့်လိုက် မိသည်။ သည်လို ခင်မေက ကြည့်နေခိုက် ဆိုက်ကားသမားကား ထွက် သွားလေပြီ။

ခင်မေက တစ်ယောက်တည်း သားရေသေတ္တာတစ်လုံးကို ဆွဲလို့ သူမ ကြားဖူးရုံမျှသာ ကြားဖူး၍ မသိသော ပြည်မှ စက်သူဌေး ဦးထွန်း လွင် အိမ်ရှေ့တွင် ရပ်နေလိုက်ပါပကော...

ခင်မေ့အဖို့ စွန့်စားခြင်းတစ်ခုကို ရင်ဆိုင်နေရပေသည်။ ကျောခိုင်း ခြင်းသည် ဤကာလ၌ အဘိဓာန်မှ ဖျက်ပစ်ရမည်ပင်ဖြစ်ပါ၏။ ရှက်နေ ကြောက်နေ၍လည်း မဖြစ်တော့။

ဝင်းတံခါးဝက ပိတ်ထား၏။ ရုတ်တရက်ဝင်ဖို့ရန် လွယ်ကူမည် ကား မဟုတ်၊ ဝင်ရဖို့အရေးကို စဉ်းစားရင်း အိမ်ကြီးဆီသို့ လှမ်း၍ ကြည့်လိုက်မိပေသည်။

ခာတ်မီးများ ဝင်းထိန်စွာ ထွန်းထားသော်လည်း လူတစ်ယောက် တလေမျှ မရှိသကဲ့သို့ တိတ်ဆိတ်၍ ငြိမ်သက်နေပေသည်။

သည်လို ဝင်းတံခါးဝမှာ ခင်မေက သားရေသေတ္တာကိုဆွဲကာ အိမ်ကြီးဆီသို့ အငေးသား ရပ်ကြည့်နေခိုက် လူကြီးတစ်ယောက်သည် ခြံအတွင်းဘက်ဆီမှ ခင်မေရပ်နေရာ ဝင်းတံခါးဝဆီသို့ လျှောက်လာကာ...

"ဘယ်သူ့ကို တွေ့ချင်လို့လဲ မိန်းကလေး" ဟု လှမ်း၍ မေးတော့မှ ခင်မေက ရုတ်တရက် သတိရလာသကဲ့သို့ အသက်ဝင် လှုပ်ရှားလာလေသည်။

"ကျွန်မ ရန်ကုန်ကလိုက်လာတာပဲ ဦးလေး...၊ ဦးထွန်းလွင်ကို တွေ့ချင်လို့ပါ" ခင်မေက အသံကို မနည်းသတိထား၍ ပြောလိုက်ရသည်။

"ဪ... ဧည့်သည်လား...၊ ဦးထွန်းလွင်က ခေတ္တရာကလပ်ကို သွားနေတယ်။ သူ့မိန်းမ "အကြော့" တော့ ရှိသားပဲ၊ ဝင်လေ" ဟု လူကြီးက ပြောသောကြောင့် ခင်မေက အတန်ကြာ စဉ်းစားသလို ငိုင်နေပြီးခါမှ တံခါးဖွင့်ပေးသော လူကြီးနောက်မှ အိမ်ကြီးဆီသို့ လိုက်ပါသွားမိပါ၏။

ဦးထွန်းလွင်၏မိန်းမနာမည်က အကြော့တဲ့၊ ဒါကိုသာပဲ ခင်မေက တွေးရင်း အိမ်ကြီးဆီသို့ နောက်မှ တဖြည်းဖြည်းနှင့် လိုက်ပါ၍ သွားလေသည်။

အောက်ထပ်သို့ဝင်မိလျှင် ခံ့ညားသော အိမ်ထောင်ပရိဘောဂ ပစ္စည်းများဖြင့် တခမ်းတနား ခင်းကျင်းထားသည်ကို ခင်မေက ဦးစွာ သတိပြုမိပေသည်။

"တော်တော်ချမ်းသာ ပြည့်စုံကြတယ် ထင်ပါရဲ့" ဟူသော အတွေး

ဖြင့် ခင်မေက ကြည့်နေရာမှ… "ထိုင်ဦးနော် မိန်းကလေး…၊ အကြော့က အပေါ်ထပ်မှာ ဘုရားရှိခိုးနေတယ်ထင်တယ်…၊ ဦးလေး သွားပြောလိုက်ဦးမယ်…" ဟု ထိုလူကြီးကပြောကာ လှေကားမှ အပေါ်ထပ်သို့ တက်၍ သွားသဖြင့် ခင်မေက လက်မှဆွဲထားသော သားရေသေတ္တာကို အသာချကာ အနီးတွင်ရှိသော ကုလားထိုင်တစ်လုံးတွင် အသာအယာဝင်၍ ထိုင်လိုက်သည်။

ထိုင်လိုက်ပြီးခါမှ အောက်ထပ်မှ ဧည့်ခန်းဆောင်ဦးဝယ် ခံ့ညားစွာ ချိတ်ဆွဲထားသော ဓာတ်ပုံကြီးတစ်ခုကို ရှေ့တည့်တည့်တွင် မြင်လိုက်ရသောအခါ၌ ခင်မေက မျက်လုံးအပြူးသားနှင့် ကြည့်နေမိပါ၏။ ထိုသို့ အဝေးမှ ထိုင်၍ကြည့်နေရသည်ကို အားမရလာသကဲ့သို့လည်း ဖြစ်လာသောကြောင့် ခင်မေက သူမ မရောက်ဖူးသော သူစိမ်းတစ်ရံဆံ၏ အိမ်တွင် ဖြစ်သော်လည်း ထိုင်ရာမှထကာ ဓာတ်ပုံကြီးဆီသို့ သွက်လက်စွာ လျှောက်၍သွားမိပါ၏။

"မောင်… မောင်… မောင်" ခင်မေက ပါးစပ်မှ ထွက်သွားပါ၏။

ကိုယ်တစ်ဝက်ကို ဘေးတိုက်ရိုက်ထားသော ဓာတ်ပုံကြီးကလူမှာ သူမ၏လင် ကိုထွန်းဦး ဖြစ်နေပါ၏။ သည်မျက်ခုံး မျက်လုံးနှင့် သည်မျက်နှာကို ခင်မေက အလွတ်ရနေပါ၏။

ဓာတ်ပုံကြီးကို မော်၍ကြည့်ရင်း ပုလဲဥတို့သည် မျက်လုံးအိမ်မှာ ဝိုင်းဝိုင်းလည်၍လာ၏။

"မောင်… မောင်… မောင်" ခင်မေက တုန်ယင်အက်ကွဲနေသော အသံဖြင့် ဓာတ်ပုံထဲမှ သူမရဲ့မောင်ကို လှိုက်လှိုက်လှဲလှဲ ခေါ်နေမိပေသည်။

သည်အခိုက် အိမ်ရှေ့မှ ကားကလေးတစ်စီး ဝင်လာသံကို ကြားရပြီးနောက် ကားတံခါးဖွင့်သံကို ကြားရသဖြင့် ခင်မေက နောက်သို့လှည့်

၍ ကြည့်လိုက်မိပါ၏။

ကားသံလည်း ရပ်သွား၏။ တစ်အောင့်မျှသာ ကြာမည်ဖြစ်သည်။

ဘောင်းဘီတိုအဖြူ ဖိနပ်ဖြူနှင့် သက္ကလတ်ကုတ်အင်္ကျီ အကွက်ကို ဝတ်ကာ တင်းနစ်ရိုက်သော ရက်ကက်ကိုကိုင်၍ လူတစ်ယောက်က အိမ်ထဲသို့ ဝင်လာ၏။

ထိုသူက ခင်မေ့ကို မမြင်သေးဘဲ ခင်မေချထားခဲ့သော သားရေသေတ္တာကိုသာ အထူးအဆန်းသဖွယ် ငုံ့ကြည့်နေပေသည်။

ခင်မေက မှတ်မိပါ၏။ တစ်ခါတည်း မှတ်မိပါ၏။

"မောင်... မောင်... မောင်" ခင်မေက သူမရဲ့မောင်ကို မျက်ရည်များ အကြားမှ မြင်နေရပါ၏။ ကြည့်နေရပါ၏။ သည်လိုကြည့်ရင်း မြင်ရင်း ဝမ်းသာရမည်လော၊ ဝမ်းနည်းရမည်လော ဆိုသည်ကို ခင်မေက မခွဲခြားတတ်။

သူက အတန်ကြာမျှ သားရေသေတ္တာကို စူးစူးစမ်းစမ်း ကြည့်နေရာမှ အပေါ်ထပ်သို့ လှမ်း၍ကြည့်လိုက်ပြန်ပါ၏။

ခင်မေက သူ့ကို အသံကုန်ဟစ်၍ခေါ်ကာ ပြေး၍ ဖက်လိုက်ချင်စမ်းပါ၏။ သို့ရာတွင် ခင်မေက ပြေး၍ ဖက်ရဲသောစိတ်မရှိ၊ သူကသာ ပြေးလာ၍ ခင်မေ့ကို ဖက်ပွေ့နမ်းရှုပ်ဖို့ ကောင်းသည်။

ခင်မေသည် သူ့ဆီသို့ ဖြည်းညင်းစွာ တစ်လှမ်းချင်း လျှောက်၍လာ၏။ သူက သေတ္တာနှင့် အပေါ်ထပ်ကို တစ်လှည့်စီပင် အံ့သြစွာ ကြည့်နေပုံရ၏။

သူ့အနီးသို့ ခင်မေရောက်လာခါမှပင် သူက ခင်မေ့ကို မြင်သည်။ ခင်မေ့ကို သူ့အနီးမှာ တွေ့နေမြင်နေရသော်လည်း သူကတော့ မည်သို့မျှ ထူးခြားသော အမူအရာမရှိ။ သူသည် လူစိမ်းသူစိမ်းတစ်ယောက်ကို တွေ့ရသော မျက်နှာထားမျိုးဖြင့် နားမလည်သလို ခင်မေနှင့် သူမ၏

သားရေသေတ္တာကို တစ်လှည့်စီ ကြည့်နေလေသည်။ ပါးစပ်ကလည်း ဘာမျှမပြော။ ဘယ်လောက်များ ခင်မေ့ကို အကြောင်ရိုက်နေသည်နှင့် တူနေပါသလဲ။

ခင်မေက မျက်ရည်များနှင့် သူ့ကို ကြည့်နေပါသည်။ ပါးစပ်ကတော့ ဘာမှလည်း ပြော၍မထွက်၊ ပြောချင်တာများကတော့ ပြော၍ပင် မကုန်နိုင်အောင် များပြားလှပါ၏။ သည်လောက်များပြားလှသော သူ့အား ပြောစရာဆိုစရာများကို ပါးစပ်က ပြောမထွက်သောအခါ၌ ခင်မေက မျက်ရည်များနှင့် ပြောနေသည်။ သူ့ကို တသစ္စာ ကြည့်ရင်း ပြောနေသည်။

သို့ရာတွင် ခင်မေ့ကို သူက ဘယ်လိုမှ နားမလည်သလို မသိသလို ထူးဆန်းစွာ ကြည့်နေ၏။ ထူးဆန်းခြင်းနှင့် အံ့သြခြင်းများသည်လည်း သူ့မျက်နှာတွင် ပေါ်လွင်နေပါ၏။ သူကတော့ ဒါပဲ...

ခင်မေက သူ့ကို ဘာများ ပြောရပါဦးမည်လဲ၊ သူ၏ ထူးထူးဆန်းဆန်း သူစိမ်းတစ်ရံဆံ ဖြစ်နေခြင်းကိုသာ အနေရခက်သလို ဖြစ်သည်။

"မောင်... မောင်... မောင်..." ခင်မေက သူ့ကို လက်နှစ်ဖက် ဆန့်တန်း၍ပေးရင်း ခေါ်နေပါ၏။ သူက မျက်လုံးပြူးကာ နောက်သို့ ဆုတ်၍ ပြေးတော့မလိုလို လုပ်နေပါ၏။

"ခင်မေ့ကို ရက်စက်လှပါလား မောင်ရယ်" ခင်မေက သနားခံ နေ၏။

"ဟင်... မင်း ဘယ်ကလဲကွဲ့၊ ကျုပ် မသိရပါလား" သူက ဒါပဲ ပြောသည်။ သူစကားပြောပုံနှင့် ဟန်အမူအရာမှာ အရင်ကအတိုင်းပင် ဖြစ်ပါ၏။

"ဒါလောက် ဒုက္ခခံပြီး လိုက်လာရတဲ့ မောင့်မယားမိခင်မေကို ဒီအထိ ရက်စက်ဖို့တော့ မတော်ပါဘူး မောင်ရယ်" အရူးမ မိခင်မေက

လင်စိတ်နှင့် မွန်ကာ မရှက်နိုင် မကြောက်နိုင်ဘဲ ဖွင့်သာ အသနားခံနေတော့၏။

"ဘယ်က မောင့်မယားလဲကွဲ့။ ကျုပ်မှာ မယားနဲ့ ကလေးနဲ့ပဲ" သူက မျက်လုံးပြူးပြူး မျက်ဆန်ပြူးပြူးနှင့် ခေါင်းခါခါ လည်ခါခါ ပြောနေ၏။

"မောင့်မယားကြီးရှိလည်း ခင်မေ့ဖို့ အရေးမဟုတ်တော့ပါဘူး မောင်ရယ်၊ မောင့်ကိုချစ်တာဟာ ချစ်တာပဲ၊ မောင်ဘာပဲဖြစ်နေဖြစ်နေ ခင်မေက ဖြစ်ရာဘဝမှာ ချစ်မှာပါပဲ"

"ဟေး... မဟုတ်သေးပါဘူး မိန်းကလေးရယ်၊ မင်းကိုလည်း ကျုပ်က တစ်ခါမှ မမြင်ဖူးဘူး၊ မသိဖူးဘူးဘဲနဲ့ ဘယ်နှယ်ကြောင့် ကျုပ်ကို မယားငယ်ယူတယ် စွပ်စွဲနေရတာလဲကွဲ့...၊ ကျုပ် မယားကြီး "အကြော့" လည်း ရှိပါတယ်၊ ကျုပ်လည်း မင်းကို မသိဘူး" သူက ငြင်းနေ၏။ ဘယ်တုန်းကမှ မသိဖူးမမြင်ဖူးသော သူစိမ်းတစ်ယောက်လို သူက စိမ်းစိမ်းပင် ငြင်းဆန်နေပါပကော၊ ပြီးတော့ မိန်းကလေးရယ်တဲ့ ဘယ်လောက်များ ခင်မေ့အဖို့ အခံရခက်လိုက်စရာပါလဲ။

သူ ပေါင်းသင်းလာခဲ့သော မယားကို သူက တစ်ခါတုန်းကမှ မသိခဲ့ မမြင်ခဲ့ဖူးသော သူစိမ်းတစ်ယောက်လို ငြင်းပယ်နေသောအခါ၌ ခင်မေ့မှာ ရင်ကျိုးရတော့မည်ကဲ့သို့ ဖြစ်ရပါ၏။

"မောင်... မောင်... မောင်... ခင်မေ့ကို ဒီအထိတော့ မရက်စက်သင့်ပါဘူးကွယ်။ မောင်က ပြန်ဆိုရင်လည်း ခင်မေက ပြန်ရမယ့်သူပါ မောင်ရယ်" ခင်မေကတော့ အသနားခံနေတုန်းပင် ဖြစ်ပါ၏။

"ခက်တော့တာပဲကွယ်၊ မင်းစိတ်မှ ကောင်းရဲ့လား မိန်းကလေးရယ်။ ကျုပ်ကလည်း မင်းကို တစ်ခါမှ မတွေ့ဖူး၊ မမြင်ဖူးဘဲနဲ့ ကျုပ်ကို မင်းလင်လို့ စွပ်စွဲနေတယ်။ ပြီးတော့ ကျုပ်မှာ သားမယားရှိတယ်၊ ကျုပ်

မယား "အကြော့" အိမ်ပေါ်မှာထင်တယ်… အကြော့ရေ ဟေ အကြော့ လာစမ်းပါဦးကွယ်" သူက ခင်မေ့ကို ပြောနေရာမှ သူ၏မယား အကြော့ ဆိုသူအား လှမ်း၍ခေါ်လိုက်သည်။

ရော၊ သည်တစ်ခါမှ မိခင်မေ ခက်ပါပေ့ါကလား။

မယားကြီးရှိသော လူတစ်ယောက်ကို မိမိရဲ့လင်ပါဟု စွပ်စွဲနေမိသည့်အထဲ ထိုအစွပ်စွဲခံရသူကလည်း မိမိကို မသိဟု တွင်တွင်ကြီး ခေါင်းခါနေသည်ကို ခင်မေက ဘယ်လိုများ ရင်ဆိုင်ရပါ့မတုံး…

"ဘာများလဲ မောင်၊ အကြော့ ဘုရားဝတ်ပြုနေတာ မဆုံးတတ်သေးလို့ ခဏကလေး နေဦးနော်" အပေါ်ထပ်မှ သာယာညင်းပျောင်းသော မိန်းမသံတစ်ခုကို ကြားလိုက်ရသည်။

သူက ခင်မေ့ကို မျက်လုံးများ ပြူတ်ထွက်တော့မလို ထိတ်လန့်ကြောက်ရွံ့စွာ ကြည့်နေပါ၏။ ခင်မေကသာ ထူးဆန်းစွာတွေ့၍ ထူးဆန်းစွာ ပျောက်ကွယ်သွားပြီးနောက်၊ နောက်တစ်ဖန် တွေ့ရသော အခါ၌ ထူးဆန်းစွာ မိမိအား ငြင်းပယ်နေသော လင်ဖြစ်သူအား ဘာများ လုပ်ရပါမတုံး…

"ခင်မေတို့သားအမိကို ဒီအထိ ရက်စက်ဖို့ မတော်ပါဘူး မောင်"

"ဟေ… မင်းမှာ သားသမီးတွေပါ ရှိသလား" သူက ရိုးသားစွာပင် မေးနေ၏။

"မေမေ့ကို ပြောတာပါ မောင်ရယ်… မေမေ့ကိုကော သတိများမှ ရသေးရဲ့လား"

"မင်းပြောတာ ကျုပ်တစ်ခုမှ နားမလည်ဘူးကွယ်၊ ဒါထက် မင်းက ဘယ်ကလဲ၊ ပြီးတော့ မင်းယောကျ်ားရဲ့ နာမည်ကကော၊ သူက ပြည်ကတဲ့လား၊ အလုပ်ကကော ဘာများလုပ်သတဲ့လဲ" သူက မေးခွန်းများတစ်ခု ပြီးတစ်ခု ဆက်၍ဆက်၍ မေးမြန်းနေလိုက်ပါ၏။

ခင်မေက သူ့ကို အကြောင်ရိုက်သည်ဟု မထင်ပါ။ လျှို့ဝှက်ဖုံးကွယ်နေသည်ဟုလည်း မထင်မိပါ။ သို့ရာတွင် ဘယ်ကဲ့သို့မှလည်း ခင်မေကလည်း မထင်တတ်။ ဒါပေမဲ့ သူသည် ခင်မေ့လင် ကိုထွန်းဦး ဆိုတာကိုသာပဲ၊ ခင်မေက ချစ်ခဲ့ပေါင်းခဲ့ဖူး၍ကား သိပါ၏။

"ပြောပါဦးကွဲ့... မင်း ဘယ်ကလဲ"

"ရန်ကုန် ကံဘဲ့ကပါ..."

"သြော်... ရန်ကုန်ကလား။ ဒါထက် မင်းယောကျ်ားနာမည်ကကော ဘယ်သူတဲ့လဲ"

"ကိုထွန်းဦးပါ"

"ဟော... ကိုထွန်းဦးတဲ့လား... ဒါထက် သူက ပြည်မှာနေလို့လား"

"ပြည်မှာ ရောက်နေတယ်ကြားလို့ ရန်ကုန်က လိုက်လာရတာပါပဲ" သည်လိုဖြေရင်း ခင်မေက သူမကိုယ်ကိုလည်း အံ့သြနေမိပါ၏။ လင်တစ်ယောက်လုံးကို မိမိရဲ့ရှေ့မှာ တွေ့မြင်နေရပါလျက်နှင့် သူစိမ်းတစ်ရံဆံလို မေးနေ ဖြေနေရခြင်း...

"ဒါထက် အဲဒီ ကိုထွန်းဦးက ဘယ်မှာ ဘာအလုပ်လုပ်သလဲဟင်"

"အရင်ကတော့ ရန်ကုန်က နီသာလင် ကျွန်းသစ်ကုမ္ပဏီမှာ စာရေးလုပ်ပါတယ်"

"နီသာလင် ကျွန်းသစ်ကုမ္ပဏီမှာ စာရေးတဲ့ ဟုတ်လား၊ နာမည်က ကိုထွန်းဦး" သူက တစ်စုံတစ်ရာကို သတိရသကဲ့သို့ မေးနေပါ၏။

ခင်မေက ခေါင်းကိုညိတ်၍ ပြလိုက်သည်။

"နီသာလင် ကျွန်းသစ်ကုမ္ပဏီက မစ္စတာ ဟင်ဒါဆင် ဆိုတာကတော့ ကျုပ်နဲ့ ကျွန်းသစ်ကို ပဲခူးရိုးမမှာ အတူတူ လုပ်ဖူးသားပဲ၊ ပြီးတော့ အဲဒီကုမ္ပဏီက စာရေး ကိုထွန်းဦးဆိုတဲ့ လူတစ်ယောက်ရဲ့ ဒိုင်ယာရီကိုလည်း ထူးထူးဆန်းဆန်း ရထားလို့ ကျုပ် သိမ်းထားတယ်။ အဲဒါ

မင်းက သူ့မိန်းမဆိုရင်တော့ မင်းအတွက် အသုံးဝင်ချင်ရင်လည်း ဝင်မှာပဲ၊ ကျုပ် ပြန်ပေးလိုက်မယ်" ထိုသို့ ပြောဆိုကာ သူက ညှော်ခန်းဦးမှ စာအုပ်စင်ကြီးတစ်ခုဆီသို့ လျှောက်သွားကာ အံဆွဲကလေးတစ်ခုကို ဆွဲဖွင့်လိုက်ပြီးနောက် ဒိုင်ယာရီစာအုပ်ကလေးကို နှိုက်ယူကာ ခင်မေ့ဆီသို့ လျှောက်လာခဲ့လေသည်။

သူ့ဒိုင်ယာရီကို ခင်မေက ကောင်းစွာပဲ မှတ်မိသည်။

"ရော့ ဒါ မင်းယောကျ်ားရဲ့ ဒိုင်ယာရီပဲလား။ ဟုတ်ရင်တော့ ယူချင်လည်း ယူသွားလေ" သူကပြောပြောဆိုဆိုနှင့် ခင်မေ့ကို ဒိုင်ယာရီ လှမ်း၍ပေးနေလေသည်။

ခင်မေက သူလှမ်းပေးနေသော ဒိုင်ယာရီကို အသာအယာ လှမ်း၍ ယူကာ ဖွင့်ကြည့်လိုက်၏။

**ထွန်းဦး**

**စာရေး**

**နီသာလင် ကျွန်းသစ်ကုမ္ပဏီ**

သူမယောကျ်ား၏ လက်ရေးနှင့် ထိုးထားသော လိပ်စာကို ခင်မေက တွေ့ရပါသည်။ သည် ဒိုင်ယာရီကို မောင်ဝယ်လာသော တစ်နေ့က ပင် ခင်မေက ကိုင်ကြည့်မိပါသေး၏။

လူကသာ တွေ့နေရပါလျက် ပျောက်နေသော်လည်း သူ့ဒိုင်ယာရီကိုတော့ သူကပင် ပြန်ပေး၍ ခင်မေက တွေ့နေရပါပကောလား။

ဆင်ကောင်ကြီးကို တွေ့နေရပါလျက် ဆင်ကောင်ကြီးဖြစ်ကြောင်း ခိုင်မာစေရန် ခြေရာကို လိုက်ရှာရဦးတော့မည်ကဲ့သို့ ဖြစ်နေသော ခင်မေက ဒိုင်ယာရီကို အမှတ်မဲ့လျှောက်၍ လှန်ကြည့်နေရာမှ သူ ပျောက်သွားသောနေ့က ရေးမှတ်ထားသော ရက်စွဲတွင်...

**"ယနေ့ စရန်ငွေတစ်ရာထုတ်၍ ခင်မေ့အဖို့ မဂိုလမ်း ရွှေ**

**ဆိုင်မှ မိတ်ထုံးရွှေဒင်္ဂါးတစ်ပြားကိုစ၅ိနှင့်ဝယ်သည်၊ ဒေါ်လေး ဖို့ ဒီဆူစာမှ မျက်စဉ်း ဝယ်သည်"** ဟူသော စာတန်းကို ဖတ်ရပြီး နောက် ထိုရက်၏ နောက်ရက်စွဲများတွင် ဘာမျှရေးထားသည်ကိုကား မတွေ့ရ။

ခင်မေက သူ့ကိုမော်၍ ကြည့်မိသည်။

ထိုအခိုက် အပြင်ဘက်တွင် မည်သည့်အချိန်က မိုးဆင်၍ တက် လာသည်ကို မသိ။ လေက တရကြမ်းတိုက်ခိုက်ကာ ဖြုန်းဖြုန်းဒိုင်းဒိုင်း နှင့် မိုးက ရွာချလိုက်လေသည်။

သည်လို မိုးကရွာချလိုက်မှ အိမ်အပေါ်ထပ်မှ ခြေသံများ ကြားရ ပြီးနောက် အသက်အစိတ်ခန့် ဖြူဖြူချောချောနှင့် လုံးကြီးပေါက်လှ မိန်းမ တစ်ယောက်က ခင်မေနှင့် သူတို့ စကားပြောနေရာသို့ ဆင်းလာသည်ကို တွေ့ရသည်။

"ဘယ်က ဧည့်သည်လဲ မောင်" ထိုမိန်းမက လျှောက်လာရင်း မေးကာ သူ့အနီးတွင်ကပ်၍ရပ်ကာ ခင်မေ့ကို အထူးအဆန်းလို ကြည့်နေ သည်။

"ရန်ကုန်ကတဲ့ကွယ်...၊ မောင်နဲ့လည်း မသိပါဘူး၊ အဲဒါ သူ့ယောကျ်ား ပြည်မှာရှိတယ်ဆိုတာ ကြားလို့ လိုက်လာတာတဲ့ကွယ်" သူက သူ့မယားနှင့်တူသော လုံးကြီးပေါက်လှမိန်းမအား ခါးမှဆီး၍ ဖက်ကာ ပြောပြနေ၏။

ခင်မေ့ရင်ထဲမှာ တထိတ်ထိတ်ခုန်နေသည်။ မျက်လုံးတွေက လည်း မျက်ရည်တွေနှင့် လျှံနေသည်။ ရပ်၍နေရသည်ကို ရပ်နေသည် ဟု မထင်ဘဲ အုန်းပင်စိုက်နေရသည်ဟု ထင်ပါ၏။

သည်အခိုက်မှာပင် အသက် ရှစ်နှစ်ခန့်ရှိသည်ဟု မှန်းရသော ဂါဝန်ကလေးနှင့် ကလေးမတစ်ယောက်သည် "ဖေဖေ မေမေ" နှင့်

ခေါ်ကာ အပေါ်ထပ်မှ အပြေးကလေးဆင်းလာကာ သူ့အဖေနှင့် အမေ၏ အကြားတွင် ဝင်၍ကပ်နေလိုက်၏။

သူက ကလေးမကို ကုန်း၍ပွေ့ယူကာ "သမီး ဘာလဲ မာမာ" ဟု ယုယစွာ နဖူးပြင်ကို နမ်းရှုပ်ရင်း မေးနေ၏။

ခင်မေက ဒါတွေကို သူမရဲ့ရှေ့မှာ တွေ့နေမြင်နေရသောအခါ၌ ဘာပြော၍ ဘာလုပ်ရပါဦးမည်နည်း။

ပြောလည်း မပြောတတ်တော့၊ လုပ်လည်း မလုပ်တတ်တော့။

ဟုတ်သည်၊ ပြောစရာလုပ်စရာ ခင်မေ့မှာ ဘာများရှိသေးတော့ သလဲ။

ရှာပုံတော်ကြီးနှင့် ရှာခဲ့ရသော မောင့်ကိုလည်း တွေ့နေရပြီပင် မဟုတ်ပါသလော၊ သို့ရာတွင် ထိုမောင်က ခင်မေ့ကို အခြားသော ကမ္ဘာ တစ်ခုမှ သတ္တဝါတစ်ကောင်လို သူ့မယား သူ့သမီးများနှင့် ပျော်ရွှင် ချမ်းမြေ့စွာ စည်းစိမ်ရှိရှိနှင့် နေထိုင်ရပြီဖြစ်သောကြောင့် မသိချင်ယောင် ပြုနေသည်ပဲ မဟုတ်ပါသလော၊ သူက တကယ်ပင် အကြောင်းရိုက်နေ တာပဲလား။

ခင်မေက မပြောနိုင်ပါ။ ထင်လည်း မထင်ချင်ပါ။ ခင်မေ ကိုးကွယ်သော ဘုရားသာ အမှန်ကို သိလိမ့်မည်ထင်ပါ၏။

ထိုအခိုက် သူက တစ်စုံတစ်ရာကို သတိရသလို သူ့သမီးကို ပွေ့ချီရင်း စောစောက ဒိုင်ယာရီယူခဲ့သော စာအုပ်ဗီရိုဆီသို့ လျှောက်သွား ပြန်ကာ တစ်စုံတစ်ခုကို နှိုက်ယူလာခဲ့ပြီးနောက် ပြန်လာခဲ့ပြန်၏။

"နောက်ပြီးတော့လည်း ဒီ ဒိုင်ယာရီနဲ့ အတူတူ ဟောဒီ မိတ်ထုံး တံဆိပ် ရွှေဒင်္ဂါးတစ်ပြားလည်း ပါသေးတယ်၊ အဲဒါ မင်းယောကျ်ားရဲ့ ပစ္စည်းပဲလားတော့ မသိဘူး။ ဟုတ်တယ်ထင်ရင်တော့ ယူသွားနိုင်တယ် လေ" သူက မိတ်ထုံးတံဆိပ် ရွှေဒင်္ဂါးတစ်ပြားကို ခင်မေ့အား ပကတိ

ရိုးသားစွာပင် လှမ်း၍ပေးနေ၏။

ခင်မေက မယူမိ၊ ငိုင်၍သာနေသည်။ ငိုင်၍နေရာမှ

"ဒီဗွေဒင်္ဂါးတင်ပဲလား...၊ ဒီဆူဇာက မျက်စဉ်းဆေးတစ်ပုလင်းကို ကော မတွေ့မိဘူးလားရှင်" ခင်မေက မေးလိုက်မိသည်။

"ဟုတ်တယ်... မျက်စဉ်းဆေးပုလင်းပဲတော့ ထင်တာပဲ၊ ကျုပ် အဲဒါကိုတော့ အမှတ်တမဲ့မို့ ထားပစ်ခဲ့တယ်" သူက ဒါကိုလည်းဖွင့်ဟ၍ ဝန်ခံလိုက်ပါ၏။

ခင်မေက ဘာမျှမပြောနိုင်တော့။

အပြင်ဘက်မှာတော့ မိုးကြိုးက တဒိုင်းဒိုင်းပစ်ကာ လျှပ်စီးများ တလက်လက်နှင့် သဲသဲမဲမဲပင် မိုးက ရွာနေပါ၏။ ဘယ်အငြိုးနှင့် မိုးများ ပါလိမ့်...

သည်လိုနှင့် ခင်မေက သူမ၏မောင်ကို ဘယ်လိုလုပ်၍ ကံဘဲ့မှ အိမ်ကလေးဆီသို့ ပြန်ခေါ်ဆောင်၍ သွားနိုင်ပါတော့မည်လဲ။

သူသည် ဘာမျှမသိတော့၊ ယခင်က သူ၏အတိတ်ကို မသိခဲ့ သော လူတစ်ယောက်သည် သူ၏ပစ္စုပ္ပန်၌သာ အသက်ရှင်နေခဲ့သလို ယခု သူသည် သူ၏ပစ္စုပ္ပန်ဖြစ်သော သားမယားနှင့် အသက်ရှင်နေထိုင် ရခြင်းကိုသာသိ၍ ကံဘဲ့မှ ခင်မေနှင့် ဒေါ်လေးတို့နှင့် နေထိုင်ခဲ့ရသော အတိတ်ကိုမသိတော့။

ယခင်က ထွန်းဦးဖြစ်၍ ယခုမူ ဦးထွန်းလွင်...

ယခင်က ခင်မေနှင့် ဒေါ်လေး။ ယခုမူ အကြော့နှင့် သမီးကလေး မာမာ...

ခင်မေသည် သူ့ကိုတွေ့ချင်မြင်ချင်လွန်း၍ ဝေးလံသော တစ်ရပ် တစ်ရွာမှ ရှိစုမဲ့စုကလေးကို ထုခွဲရောင်းချပြီးနောက် သူရှိရာသို့ တစ်ယောက်တည်း စွန့်စွန့်စားစားနှင့် လိုက်လာခဲ့ပါပြီး

သူကသာ မသိလေခြင်း...

မှန်သည်၊ သူက ခင်မေ့ကိုမသိ၊ ဟုတ်သည်။ အတိတ်ကိုမသိ၊ သူ၏မသိခြင်း၌ အကြောင်းရိုက်နေသော မသိခြင်းမျိုးမဟုတ်၊ ပကတိရိုးသားဖြူစင်သော မသိခြင်းသာ ဖြစ်ပါ၏။

ခင်မေက ဘာလုပ်ရမည်ကို မသိတော့။

သို့ရာတွင် ခင်မေသည် မောင့်ကို နောက်ထပ်မကြည့်ချင်တော့၊ သူမကိုသိသော ချစ်သောမောင့်ကို ဆုံးရှုံးခဲ့ရပြီဖြစ်သဖြင့် ခင်မေ့အဖို့ကို ဆုံးရှုံးရခြင်းကို လက်လွှတ်ရတော့မည်သာ ဖြစ်ပါ၏။

ခင်မေက မချုပ်တည်းနိုင်တော့သလို ရှိုက်၍ရှိုက်၍ ငိုချလိုက်ပါ၏။

သူနှင့် သူ့သမီး သူ့ဇနီးများက ခင်မေ့ကို ဘယ်လိုမှ နားမလည်သလို အထူးအဆန်းသဖွယ် ကြည့်နေကြသည်။ ဘာမှလည်း မပြောကြ။

ရှိုက်၍ရှိုက်၍ ငိုနေရာမှ ခင်မေက သူမ၏ သားရေသေတ္တာကို လှမ်း၍ဆွဲယူကာ သူတို့ရှေ့မှ ထွက်ခွာလာခဲ့ပါ၏။

သူတို့ကတော့ မတားကြ၊ ဘာမျှလည်း မပြောကြ၊ ဘာဆိုင်လို့လဲ...

အပြင်ဘက်မှာကား မိုးကြိုးသည် တဒိုင်းဒိုင်း ထစ်ချုန်းပစ်ခတ်နေကာ လျှပ်စီးများက တလက်လက်နှင့် မိုးကလည်း ဘယ်အငြိုးနှင့်မသိဘဲ သဲသဲမဲမဲပင် ရွာချနေပါ၏။

ခင်မေက သားရေသေတ္တာကို လက်တစ်ဖက်မှဆွဲကာ မှောင်မည်းနေသော ညမိုးရွာကြီးထဲသို့ ပြေးဝင်လျှောက်သွား နေပါပကောလား။

သူက သူ့မယားကို ငုံ့၍ကြည့်ပြီး သူ့မယားကလည်း သူ့ကို မော်ကြည့်နေပါ၏။ ကြားမှ သမီးကလေး "မာမာ" ကလည်း အဖေနှင့်အမေတို့ကို တစ်လှည့်စီ ကြည့်နေ၏။ သူတို့အားလုံးတွင် အံ့ဩခြင်းမှ

လွဲ၍ ဘာမျှမရှိ။ သူတို့မိသားဘသားလောကမှာ သိုက်ဝန်းစိုပြည်လှပေသည်။

သည်အချိန်၌ မိုးကြိုးများထစ်ချုန်းကာ လျှပ်စီးများ တလက်လက်နှင့် မှောင်မည်းနေသော ညမိုးရွာကြီးထဲမှာ အရူးမ မိခင်မေတစ်ယောက်က သူမ တစ်ခါတစ်ခေါက်မှလည်း မရောက်ဖူး၍ အရှေ့နှင့် အနောက်မှ မသိသော ပြည်မြို့တွင် သားရေသေတ္တာတစ်လုံးကို လက်တစ်ဖက်မှ အနိုင်နိုင်ဆွဲရင်း ရှိုက်၍ရှိုက်၍ငိုကာ ဘယ်ဆီ ဘယ်လမ်းများ သွားနေသည်ကိုကား အရူးမ မိခင်မေကိုယ်တိုင်မှ သိမှသိပါလေစ။

**တော်ဦးမည်။**

**တင်အောင်**

**ရှုမဝမဂ္ဂဇင်း၊ နိုဝင်ဘာလ၊ ၁၉၅၀ ခုနှစ်။**

◆

# မန်းမော်တင်အောင်

## ပျောက်ဆုံးနေသော
## လူတစ်ယောက်



ISBN9789997130389
BMT14
9 789997 130389
1,500.00 KS